# အလွဲသုံးစားပြုခံရမှု၊ ဆင်းရဲကျပ်တည်းမှုနှင့်ရွှေ့ပြောင်းနေထိုင်ခြင်း

## မြန်မာရွှေ့ပြောင်းနေထိုင်သူများ မိမိတို့နေရပ်ဒေသမှစွန့်ခွာရသည့်အကြောင်းရင်းများကို လေ့လာရှာဖွေဖော်ထုတ်ခြင်း



KHRG Karen Human Rights Group
Documenting the voices of villagers in rural Burma

# အလွဲသုံးစားပြုခံရမှုဆိုင်ရာ ကျပ်တည်းမှုနှင့် ရွှေ့ပြောင်းနေထိုင်ခြင်း

## မြန်မာရွှေ့ပြောင်းနေထိုင်သူများ မိမိတို့နေထိုင်ရာနေရပ်ဒေသမှစွန့်ခွာရသည့်အကြောင်းရင်းများကို လေ့လာရှာဖွေဖော်ထုတ်ခြင်း

# အလွဲသုံးစားပြုခံရမှု၊ ဆင်းရဲကျပ်တည်းမှုနှင့်နေရာဒေသရွှေ့ပြောင်းနေထိုင်ခြင်း

မြန်မာရွှေ့ပြောင်းနေထိုင်သူများ၏မိမိတို့နေထိုင်ရာနေရပ်ဒေသကိုစွန့်ခွာရသည့်အကြောင်းအရင်းများကိုလေ့လာရှာဖွေဖော်ထုတ်ခြင်း

ကရင်လူ့အခွင့်အရေးအဖွဲ့မှရေးသားပုံနှိပ်ထုတ်ဝေပါသည်။

KHRG # 2009-03, June 2009

မျက်နှာဖုံးဓာတ်ပုံ၊မြန်မာရွှေ့ပြောင်းနေထိုင်သူများ ၂၀၀၉ခုနှစ်ဖေဖော်ဝါရီလအတွင်းထိုင်းနိုင်ငံသို့သွားရောက်ပြီးအလုပ်လုပ်ကိုင်ရန်နှင့် ရောင်းဝယ်ဖောက်ကားမှုပြုလုပ်နိုင်ရန် ထိုင်းမြန်မာသဘာဝနယ်စပ်မျဉ်းဖြစ်သောသောင်ရင်းမြစ်ကိုပဲ့ချိတ်လှေဖြင့်ဖြတ်ကူးနေပုံဖြစ်ပါသည်။

နောက်ကျောဖုံးဓာတ်ပုံ။ ၂၀၀၈ခုနှစ် ဩဂုတ်လ ၁၁ရက်နေ့တွင် တရီဖိုးကွီးရွာသားများ ဖားအံခရိုင်၊ လော်ကတစ်ရှိ နအဖ စစ်အခြေစိုက်စခန်းအတွက် ဝါးခြမ်းပြား ၁၅၀ကို ခုတ်ယူပို့ဆောင်ပေးနေပုံဖြစ်ပါသည်။(ဓာတ်ပုံ၊ ကရင်လူ့အခွင့်အရေးအဖွဲ့)

ဤအစီရင်ခံစာကိုကနေဒါဖန်း (Canada Fund) အဖွဲ့၏ထောက်ပံ့မှုဖြင့်ပုံနှိပ်ထုတ်ဝေဖြန့်ချိပါသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)ကို၁၉၉၂ခုနှစ်တွင်စတင်တည်ထောင်ခဲ့ပြီး (KHRG)သည်မြန်မာပြည်တစ်လွှားရှိကျေးရွာများနှင့်မြို့နယ်များရှိလူထု၏တိုက်ရိုက်သက်သေခံပြောဆိုချက်များကို မှတ်တမ်းတင်စုဆောင်းပြီး အစီရင်ခံစာထုတ်ပြန်ပါသည်။ဓာတ်ပုံများနှင့်အခြားအထောက်အထားများကိုလည်းအစီရင်ခံစာတွင်ထည့်သွင်းဖော်ပြထားပါသည်။ (KHRG) သည် သီးခြားလွတ်လပ်စွာ တည်ထောင်ထားသောအဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့်ပတ်သက်ခြင်းမရှိပါ။ (KHRG)အဖွဲ့၏လုပ်ငန်းများနှင့်ပတ်သက်၍သိရှိလိုလျှင်အင်တာနက်စာမျက်နှာ www.khrg.org တွင်ကြည့်ရှုနိုင်ပါသည်။သို့မဟုတ် (KHRG) မှထုတ်ဝေပြီးသောအစီရင်ခံစာများကိုရယူလိုပါက email ဖြင့်ဆက်သွယ်တောင်းခံနိုင်ပါသည်။ emailလိပ်စာမှာ khrg@khrg.org ဖြစ်ပါသည်။

ဤအစီရင်ခံစာကို (KHRG) မှထုတ်ဝေပါသည်။ © KHRG 2009. ဤအစီရင်ခံစာသည် (KHRG) ၏မူပိုင်ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင်ပါရှိသော အကြောင်းအရာများကို မိမိကိုယ်ပိုင်အကျိုးအမြတ်အတွက်မဟုတ်ဘဲအများအကျိုးအတွက်သတင်းမီဒီယာများတွင်ဖော်ပြလိုလျှင်ထုတ်ယူပုံနှိပ်ဖြန့်ဝေနိုင်ပါသည်။သို့သော်စီးပွားရေးအရပုံနှိပ်ထုတ်ဝေလိုပါက (KHRG) ၏ခွင့်ပြုချက်ရယူရန်လိုအပ်ပေသည်။

ဤစာအုပ်သည်ရောင်းရန်မဟုတ်ပါ။

# မာတိကာ


၁။ နိဒါန်းနှင့်အရေးပါသောအချက်အလက်များအကျဉ်းချုပ် ........................................ ၂

မှတ်ချက် ........................................ ၁၅

ဤအစီရင်ခံစာပါအသုံးအနှုန်းနှင့် တိုကောက်အဓိပ္ပါယ်ဖွင့်ဆိုချက် ........................................ ၁၇

မြေပုံများ

မြေပုံ ၁။ ကရင်ခရိုင်ဒေသများ ........................................ ၁၈

မြေပုံ ၂။ မြန်မာနိုင်ငံမြေပုံ ........................................ ၁၉

၂။ နောက်ခံသမိုင်းကြောင်း ........................................ ၂၀

၃။ သတင်းအချက်အလက်များစုစည်းမှု အမှတ် (၁)။ ကရင်ပြည်နယ် နအဖထိန်းချုပ်နယ်မြေရှိ အလွဲသုံးစားပြုလုပ်ခံရမှုများ ........................................ ၂၄

၄။ သတင်းအချက်အလက်များစုစည်းမှုအမှတ် (၂)။ တွန်းအားဖြင့်ရွှေ့ပြောင်းနေထိုင်သူများ၏ ပြောဆိုချက်များ ........................................ ၃၅

၅။ သတင်းအချက်အလက်များစုစည်းမှု အမှတ် (၂)။ ဆွဲအားများ ........................................ ၄၈

၆။ နိုင်ငံတကာတရားဥပဒေများ ........................................ ၅၆

၇။ အကာအကွယ်ပေးမှုကိုတိုးချဲ့ခြင်း ........................................ ၆၈

## ၁။ နိဒါန်းနှင့်အရေးပါသောအချက်အလက်များအကျဉ်းချုပ်

**"ကျွန်တော်တို့ရွာတွင်နေထိုင်ကြသောရွာသားအများစုသည်ထိုင်းနိုင်ငံသို့လာရောက်၍အလုပ်လုပ်ကိုင်ကြပါသည်။ ရွာသားများသည်ရွာတွင်နေထိုင်ပါက လုပ်အားပေးအတင်းအကျပ်စေခိုင်းခံရမည်ကိုစိုးရိမ်သောကြောင့် ရွာတွင်မနေထိုင်လိုကြပါ။"**

**–ကို –––(ကျား၊၃၀)၊ –––ရွာ၊ဒူးပလာယာခရိုင်၊ကရင်ပြည်နယ်(ဖေဖော်ဝါရီလ ၂၀၀၉)** [1]

ယနေ့လက်ရှိမြန်မာနိုင်ငံကိုအုပ်ချုပ်နေသောနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(နအဖ) သည်မြန်မာနိုင်ငံတွင်လွန်ခဲ့သောနှစ်ပေါင်း(၂၀)အတွင်းရှေး ယခင်ကမရရှိခဲ့သောငြိမ်းချမ်းရေးကိုမကြုံစဖူးရရှိနေကြောင်းအမြဲမပြတ်ပြောဆိုလေ့ရှိသော်လည်းမြန်မာနိုင်ငံသားထောင်ပေါင်းများစွာတို့သည်မိမိတို့ဘဝရှင်သန်ရပ်တည်နိုင်ရန်နှစ်စဉ်မြန်မာနိုင်ငံမှထွက်ခွာလျှက်ရှိကြပါသည်၊အမှန်တကယ်ပင်မြန်မာနိုင်ငံမှထွက်ခွာ၍ထိုင်းနိုင်ငံတွင်လာရောက်အခြေချအလုပ်လုပ်ကိုင်သူများပို၍များပြားလျှက်ရှိပါသည်။[2]

မြန်မာနိုင်ငံမှထွက်ခွာလာသူအများစုသည်နိုင်ငံရပ်ခြားဒေသများတွင်ပိုမိုကောင်းမွန်သောစီးပွားရေးအခွင့်အလမ်းများကိုရှာဖွေကြရန်ဖြစ်ပါသည်၊မြန်မာနိုင်ငံမှထွက်ခွာလာသူ(ခန့်မှန်းခြေအားဖြင့်၁သန်းမှ၁သန်းထိ)တို့သည်ထိုင်းနိုင်ငံတွင်အခြေချနေထိုင်လျှက်ရှိပါသည်။[3] မလေးရှားနိုင်ငံတွင်အလုပ်လုပ်ကိုင်လျှက်ရှိသောမြန်မာနိုင်ငံသားလူဦးရေသည်၅၀၀၀၀ [4]ခန့်ရှိပြီးစင်္ကာပူနိုင်ငံတွင်မြန်မာနိုင်ငံသား၅၀၀၀၀မှ၆၀၀၀၀ခန့်အလုပ်လုပ်ကိုင်လျှက်ရှိပါသည်။ [5]မြန်မာနိုင်ငံအနောက်ခြမ်းမှလူဦးရေ၁၀၀၀၀၀ခန့်ရှိသော ချင်းတိုင်းရင်းသားများသည်လက်ရှိ အချိန်တွင်အနိ္ဒယနိုင်ငံအရှေ့မြောက်ခြမ်းရှိ မီဇိုရမ်ပြည်နယ်တွင်နေထိုင်လျှက်ရှိပါသည်။[6]ထို့ပြင်မကမြန်မာနိုင်ငံအနောက်ခြမ်းမှပင်ဖြစ်သောရိုဟင်ဂျာ၂၀၀ယ၀၀၀ခန့်တို့သည်ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့ဘက်တွင်အခြေချနေထိုင်လျှက်ရှိပြီး၎င်းရိုဟင်ဂျာများသည်ကျေးရွာများနှင့်မြို့စွန်မြို့ဖျားနေရာများတွင်မသေချာမရေရာသောအနေအထားဖြင့်နေထိုင်နေကြရပါသည်။ [7]

---

[1]ယခုပြုလုပ်သောတွေ့ဆုံမေးမြန်းမှုနှင့်အခြားသောတွေ့ဆုံမေးမြန်းမှုများတွင်ပါဝင်သောမြန်မာနိုင်ငံသားများ(ယခုလက်ရှိနိုင်ငံရပ်ခြားတွင်နေထိုင်နေကြသူများ)နေရပ်လိပ်စာများကိုဖော်ပြရာတွင် ယခုလက်ရှိနိုင်ငံရပ်ခြားတွင် နေထိုင်လျှက်သောနေရပ်လိပ်စာကိုမဖော်ပြပဲ ယခင်မြန်မာနိုင်ငံတွင်နေထိုင်ခဲ့သောနေရပ်လိပ်စာကိုသာ ဖော်ပြထားပါသည်။

[2]ပိုမိုသိရှိလိုပါက ၂၀၀၇ခုနှစ်နိုဝင်ဘာလ ၂၉ရက်နေ့တွင်( Refugees International)မှ ထုတ်ဝေသော မြန်မာဒုက္ခသည်များ (ထိုင်းနိုင်ငံတွင်နေထိုင်နေကြသောမြန်မာများကို အမြတ်ထုတ်ခြင်းမှရပ်တန့်ပါ) ဆောင်းပါးတွင်ကြည့်ရှုနိုင်ပါသည်။ အင်တာနက်စာမျက်နှာ (http://www.refugeesinternational.org/sites/default/files/burmeseall_1129.pdf)မှ ၂၀၀၉ခုနှစ် ဧပြီလ၃၀ရက်နေ့တွင်ရယူထားပါသည်။ ရိုက်တာသတင်းဌာနမှထုတ်ဝေသော( Peter Biro)၏ "The right of Thailand's migrant workers" ဆောင်းပါးတွင်လည်းကြည့်ရှုနိုင်ပါသည်။ အင်တာနက်စာမျက်နှာ http/www.alertnet.org/db/blogs/2684/2009/19-170052-1.htm on April 30th 2009.

[3] See, for example, "Myanmar's overflow," *The Economist*, March 19th 2009. Accessed at http://www.economist.com/world/asia /displaystory.cfm?story_id=13334070&fsrc=rss on March 25th 2009 and Kavi Chongkittavorn, "How Far Will the Thai Govt Really Go to Protect Migrant Workers?" The Irrawaddy, March 11th 2009. Accessed at http://www.irrawaddy.org/print_article.php?art_id=15277 on March 24th 2009.

[4] "Malaysian, Thai Officials Trafficking Burmese Migrants?," OPS, january 26th 2009. Accessed at http://ipsvews.net/news.asp?idnews=45542 on March 24th 2009.

[5] "Burmese migrants in dire straits post meltdown," *Independent Mon News Agency*, December 8th 2008. Accessed at http://monnews-imna.com/cemmentaryupdate.php?ID=41 on March 24th 2009.

[6] "We are Like Forgotten People' The Chin People of Burma: Unsafe in Burma, Unprotected in India," Human Rights Watch, January 2009. Accessed at http:// www.hrw.org/en/reports/2009/01/27/we-are-forgotten-people on April 30th 2009.

[7] Chris Lewa,"Asia's new boat people," Forced Migration Review 30:40-41, Apirl 2008. p.40

မြန်မာနိုင်ငံမှထွက်ခွာလာကြပြီးနိုင်ငံရပ်ခြားတွင်အခြေချနေထိုင်သူရာခိုင်နှုန်းအနည်းငယ်သာ ဒုက္ခသည်များအဖြစ်တရားဝင်အသိအမှတ်ပြုခြင်းခံရပါသည်။၎င်းရာခိုင်နှုန်းအနည်းငယ်သောသူများကိုသာအိမ်ရှင်နိုင်ငံ(သို့မဟုတ်)ကုလသမဂ္ဂအကူအညီဖြင့် တရားဝင်မိမိနေရပ်ဒေသမှ အတင်းအကျပ်နှင်ထုတ်ခံရသောဒုက္ခသည်များအဖြစ်အသိအမှတ်ပြုထားပါသည်။ ၎င်းတရားဝင်အသိအမှတ်ပြုခြင်းခံရသောဒုက္ခသည်များမှာ ထိုင်းနိုင်ငံဒုက္ခသည်စခန်း၁၀ခုတွင်နေထိုင်လျှက်ရှိကြသော မြန်မာနိုင်ငံသား ၁၃၅၀၀၀ [၈]၊ ကုလသမဂ္ဂအသိအမှတ်ပြုထားသောအိန္ဒိယနိုင်ငံတွင် နေထိုင်နေကြသောမြန်မာနိုင်ငံသာ ၁၅၀၀၀[၉]နှင့်ဘင်္ဂလားဒေ့ရှ် နိုင်ငံမှတရားဝင်အသိအမှတ်ပြုထားသော ဒုက္ခသည်စခန်း ၂ ခုတွင် နေထိုင်လျှက်ရှိကြသော မြန်မာနိုင်ငံသား ၂၆၀၀၀[၁၀]တို့ဖြစ်ကြပါသည်။

လွန်ခဲ့သောအနှစ် ၂၀မှယခုအချိန်ထိမြန်မာနိုင်ငံမှထွက်ခွာလာပြီးနိုင်ငံရပ်ခြားတွင်နေထိုင်အလုပ်လုပ်ကိုင်ကြသောမြန်မာနိုင်ငံသားများ တစ်နှစ်ထက်တစ်နှစ်ပိုမိုများပြားလာလျှက်ရှိသော်လည်း၎င်းမြန်မာနိုင်ငံသားများ မိမိနိုင်ငံတွင်နေထိုင်စဉ်၊ ရွှေ့ပြောင်းစဉ်နှင့်ယခုလက်ရှိနေထိုင်နေကြသောနိုင်ငံများတွင်ကြုံတွေ့နေရသောမလုံခြုံမှုများနှင့်အခက်အခဲများကိုနိုင်ငံတကာမှ မကြာသေးမီအချိန်ကမှပင် စတင်၍အသိအမှတ်ပြုခဲ့ကြပါသည်။ ထိုကဲ့သို့ နိုင်ငံတကာမှ အာရုံစိုက်မှုပိုမိုမြင့်မားလာခြင်းသည်မြန်မာနိုင်ငံမှထွက်ခွာလာသူပိုမို၍များပြားလာခြင်းကြောင့်နှင့်မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ၏အခက်အခဲများကိုမီဒီယာများမှပိုမိုဖော်ပြလာခြင်းကြောင့်ဖြစ်ပါသည်။မီဒီယာများတွင်ဖော်ပြခဲ့ကြသောသတင်းများတွင်ဧပြီလ ၂၀၀၈ခုနှစ်ထိုင်းနိုင်ငံတောင်ပိုင်းတွင်မြန်မာအလုပ်သမား၅၄ယောက်သည်အအေးခန်းကွန်တိန်နာကားဖြင့်ထိုင်းနိုင်ငံသို့ခိုးဝင်စဉ်အသက်ရှူမွန်းကျပ်၍သေဆုံးခဲ့သောသတင်းသည်လည်းအပါအဝင်ဖြစ်ပါသည်။ [၁၁]များမကြာမီအချိန်ကလှေစီးရိုဟင်ဂျာအများအပြားထိုင်းနိုင်ငံ၊မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံသို့ဆိုက်ရောက်လာခဲ့ခြင်းသည်နိုင်ငံတကာမှဝေဖန်ထုတ်ဖော်ပြောဆိုမှုများကိုဖြစ်ပေါ်စေပြီးဒေသအတွင်းတွင်လည်း၎င်းကိစ္စသည်ဆွေးနွေးတင်ပြရန်အကြောင်းအရာတစ်ခုဖြစ်ခဲ့ပါသည်။[၁၂]

မြန်မာရွှေ့ပြောင်းအခြေချနေထိုင်သူများအိမ်နီးနားချင်းနိုင်ငံများသို့စုပြုံဝင်ရောက်လာသည်နှင့်အမျှ၎င်းရွှေ့ပြောင်းနေထိုင်ကြသူများကိုစီးပွားရေးကြောင့်ရွှေ့ပြောင်းလာသူများသို့မဟုတ်နိုင်ငံရေးကြောင့်ရွှေ့ပြောင်းလာသူများ စသည်ဖြင့်ခွဲခြားသတ်မှတ်ရန် ခက်ခဲပြီးအိမ်ရှ င်နိုင်ငံများနှင့်နိုင်ငံတကာမှ၎င်းရွှေ့ပြောင်းအခြေချနေထိုင်ကြသူများကိုမည်ကဲ့သို့ကိုင်တွယ်ဆောင်ရွက်ရမည်ဟူသည့်ကိစ္စသည်အငြင်းပွားဖွယ်ဖြစ်ပေါ်နေပါသည်။

---

[၈] ၂၀၀၉ခုမတ်လတွင် ထုတ်ပြန်ခဲ့သော ထိုင်းမြန်မာနယ်စပ်ညွန့်ပေါင်းအဖွဲ့( T.B.B.C)၏ "မြန်မာနယ်စပ်ရှိဒုက္ခသည်များစခန်း နှင့်လူဦးရေ " အစီရင်ခံစာမှ ရယူထားခြင်းဖြစ်ပါသည်။ အင်တာနက်စာမျက်နှာ http://www.tbbc.org/camps/2009-03-mar-map-tbbc-unhcr.pdf မှ ၂၀၀၉ခုဧပြီလ၃၀ရက်နေ့တွင်ရယူထားပါသည်။ထိုင်းအစိုးရအနေဖြင့်အဆိုပါဒုက္ခသည်များကိုဒုက္ခသည်အဖြစ်တရားဝင်အသိအမှတ်မပြုပါ။ ပြည်တွင်းစစ်ကြောင့်ယာယီထွက်ပြေးတိမ်းရှောင်သူများဟုသာသတ်မှတ်ပါသည်။

[၉] UNHCR Statistical Yearbook, 2005 United Nations High Commission for refugees. လက်ရှိအချိန်တွင် UNHCR Statistical Yearbooks တွင်ဖော်ပြထားသောဒုက္ခသည်များစာရင်းသည်ဒုက္ခသည်များ၏နေရင်းတိုင်းပြည်ကိုအခြေခံ၍ ဖော်ပြခြင်းမဟုတ်ပါ။ လူ့အခွင့်အရေးစောင့်ကြည့်ရေး အဖွဲ့၏ ၂၀၀၉ခုနှစ် ဇန်နဝါရီလတွင်ထုတ်ပြန်သောအစီရင်ခံစာ( "We Are like Forgotten People" The Chin People of Burma: Unsafe in Burma, Unprotected in India")တွင်မူ အိန္ဒိယနိုင်ငံတွင် မြန်မာတိုင်းရင်းသားချင်းဒုက္ခသည် ၁၀၀၀ သည် UNHCR အသိအမှတ်ပြုခြင်းကိုရရှိပါသည် ဟုဖော်ပြထားပါသည်။

[၁၀] Chris Lewa,"Asia's new boat people," Forced Migration Review 30:40-41, Apirl 2008. p.40

[၁၁] မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကုန်တင်ကားအတွင်း အသက်ရှူမွန်းကျပ်သေဆုံးခြင်း BBC,April 10th 2008

[၁၂] "UN to boost focus on Myanmar's Muslim boat people," AFP, March 12th 2009.

အဓိကဖြစ်ပေါ်နေသောပြဿနာမှာဒုက္ခသည်များနှင့်စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်သူများကိုရှင်းလင်းစွာမခွဲခြားနိုင်ခြင်းနှင့် မည်ကဲ့သို့ ခွဲခြားရမည်ကိုလည်းမသိရှိခြင်းဖြစ်ပါသည်။ မြန်မာလူမျိုးများရွှေ့ပြောင်းနေထိုင်ကြသောနိုင်ငံတွင်အိမ်ရှင်အစိုးရများအတွက်လည်းၾင်းရွှေ့ပြောင်းနေထိုင်သူများရောက်ရှိလာခြင်းသည်အိမ်ရှင်နိုင်ငံများ၏နိုင်ငံရေးနှင့်စီးပွားရေးအခြေအနေများပေါ်ဆိုးကျိုးများသက်ရောက်နိုင်သဖြင့်အိမ်ရှင်နိုင်ငံများအနေဖြင့်ဤကိစ္စကိုများစွာသတိထားကိုင်တွယ်ဖြေရှင်းနေရပါသည်။ဥပမာအားဖြင့်ထိုင်းဝန်ကြီးချုပ်အဘီစစ်ဝိဇ္ဇာဂျီဝါသည်ရိုဟင်ဂျာများထိုင်းနိုင်ငံသို့ရောက်ရှိလာခြင်းနှင့်ပတ်သက်၍သတင်းထောက်များ၏အမေးကိုဖြေဆိုရာ၌“ဤကိစ္စကိုပွင့်ပွင့်လင်းလင်းပြောရမည်ဆိုလျှင်ရိုဟင်ဂျာများသည် ဒုက္ခသည်များမဟုတ်ပါ။ ၎င်းတို့သည်တရားမဝင်ရွှေ့ပြောင်းအခြေချနေထိုင်သူများသာဖြစ်ပါသည်”ဟုပြောဆိုခဲ့ပါသည်။[၁၃]

## ဤအစီရင်ခံစာရေးသားတင်ပြပုံ

မြန်မာနိုင်ငံသားများ နိုင်ငံတွင်းတွင်သော်လည်းကောင်း နိုင်ငံပြင်ပသို့သော်လည်းကောင်း ပြောင်းရွှေ့နေထိုင်ခြင်းကိစ္စနှင့် ၎င်းရွှေ့ပြောင်းနေထိုင်ကြသူများကို မည်ကဲ့သို့ခွဲခြားသတ်မှတ်မည်ဟူသောကိစ္စများနှင့်ပတ်သက်၍ ဖြစ်ပေါ်နေသောအငြင်းပွားဖွယ်အခြေအနေများနှင့်ဆက်စပ်၍ဤအစီရင်ခံစာသည်အောက်ဖော်ပြပါမေးခွန်းနှစ်ခုအတွက်အဖြေများကိုတင်ပြလိုပါသည်။

၁။ မြန်မာနိုင်ငံသားများအဘယ်ကြောင့်မိမိတို့မူရင်းနေထိုင်ရာဒေသများကိုစွန့်ခွာ၍အိမ်နီးနားချင်းနိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင်၍စီးပွားရေးအခွင့်အလမ်းများကိုရှာဖွေကြပါသနည်း။
၂။ရွှေ့ပြောင်းအလုပ်သမားများအရေးနှင့်ပတ်သက်၍နိုင်ငံတကာမှချမှတ်ထားသောတရားဥပဒေများသည် ၎င်းရွှေ့ပြောင်းနေထိုင်သူများအတွက်ထိရောက်မှုအမှန်တကယ်ရှိပါသလားနှင့်ထိုတရားဥပဒေများသည် ရွှေ့ပြောင်းအလုပ်သမားများကိုအကာအကွယ်ပေးနိုင်ပါသလား။ [၁၄]

အထက်ပါမေးခွန်းများကိုဖြေဆိုနိုင်ရန်ဩဂုတ်လ ၂၀၀၇မှမတ်လ ၂၀၀၉ခုနှစ်အတွင်းကာရင်လူ့အခွင့်အရေးအဖွဲ့ကွင်းဆင်းလေ့လာသူများမှပြုလုပ်ထားသောတွေ့ဆုံမေးမြန်မှုပေါင်း(၁၅၀)ပါဝင်သောသတင်းအချက်အလက်များ ၂စုံကိုအခြေခံ၍ဤအစီရင်ခံစာကိုရေးသားထားခြင်းဖြစ်ပါသည်။ကွင်းဆင်းလေ့လာသုတေသနပြုလုပ်ပြီးမှရေးသာဖော်ပြချက်များသည်ဤအစီရင်ခံစာကိုပိုမို၍အားကောင်းစေပါသည်။မိမိနေအိမ်များကိုစွန့်ခွာပြီးနိုင်ငံရပ်ခြားဒေသများသို့သွားရောက်အလုပ်ရှာ

---

[၁၃] "Lunch with the FT – Abhisit Vejjajiva," Finanical Times, February 13th 2008. Accessed at http://www.ft.com/cms/s/2/1db20060-f960-11dd-90c1-000077b07658.html on February 20th 2009

[၁၄]ဤအစီရင်ခံစာသည်မြန်မာရွှေ့ပြောင်းအလုပ်သမားရင်ဆိုင်နေရသောပြဿနာများကိုအဓိကထားဖော်ပြသော်လည်းနောက်ပိုင်းစာမျက်နှာများတွင်ဆက်လက်၍ဆွေးနွေးတင်ပြသော ရွှေ့ပြောင်းအလုပ်သမားများကိုမည်ကဲ့သို့အဆင့်ခွဲခြားသတ်မှတ်ရန်နှင့်ရွှေ့ပြောင်းအလုပ်သမားများကိုအကာအကွယ်ပေးရန်အတွက်နိုင်ငံတကာမှလက်ရှိထုတ်ပြန်ထားသောတရာဥပဒေများစသည့်အကြောင်းအရာများသည်အခြားနိုင်ငံများစွာနှင့်လည်းသက်ဆိုင်ပါသည်။အမှန်တကယ်အားဖြင့်ဤအစီရင်ခံစာသည်မြန်မာရွှေ့ပြောင်းအလုပ်သမားများရင်ဆိုင်နေရသောအခက်အခဲများကိုသာတင်ပြခြင်းမဟုတ်ပဲနိုင်ငံတကာမှလည်း၎င်းရွှေ့ပြောင်းအလုပ်သမားအရေးကိုလုပ်ဆောင်ရန်ပျက်ကွက်နေကြောင်းကိုလည်းဖော်ပြထားပါသည်။ယခုအချိန်တွင်မြန်မာ့အရေးကိုပိုမိုအာရုံစိုက်ရန်လိုအပ်လာပါသည်။အဘယ်ကြောင့်ဆိုသော်နအဖစစ်အစိုးရသည်၎င်းအုပ်ချုပ်နေသောပြည်သူများကိုအလွဲသုံးစားပြုလုပ်မှုများအထူးသဖြင့်ကျေးလက်ပြည်သူများအပေါ် ပိုမိုကျယ်ပြန့်စွာပြုလုပ်နေသောကြောင့်ဖြစ်ပါသည်။

ဖွေလုပ်ကိုင်သူအများစုသည်မိမိဘဝအဆင်ပြေစေရန်စီးပွားရေးခွင့်အလမ်းကောင်းကိုရှာဖွေရန်အကြောင်းကိစ္စတစ်ခုတည်းဖြင့်မိမိနေအိမ်များကိုစွန့်ခွာခြင်းမဟုတ်ဘဲနအဖစစ်အစိုးရ၏ဂုတ်သွေးစုပ်အမြတ်ထုတ်ပေါ်လစီကြောင့်ဆင်းရဲကျပ်တည်း၍မြန်မာပြည်၌ရှင်သန်ရပ်တည်နိုင်ရန်လုံးဝမဖြစ်နိုင်တော့သဖြင့်မြန်မာနိုင်ငံမှထွက်ခွာ၍ပြည်ပတွင်အလုပ်ကိုင်ရှာဖွေလုပ်ကိုင်ရခြင်းဖြစ်ပါသည်။

ပထမသတင်းအချက်အလက်များတစ်စုံတွင်၂၀၀၇ခုနှစ်နောက်ပိုင်းမှ၂၀၀၈ခုနှစ်အကုန်ထိကရင်ပြည်နယ်နအဖထိန်းချုပ်နယ်မြေဒေသကျေးရွာများတွင်နေထိုင်ကြသောရွာသားများနှင့်ပြုလုပ်ထားသောတွေ့ဆုံမေးမြန်းမှုပေါင်း ၂၈ခုပါဝင်ပါသည်။ ဤနယ်မြေဒေသများမှာဖားအံ၊ဒူးပလာယာ၊သထုံနှင့်ညောင်လေးပင်ခရိုင်တို့ဖြစ်ကြပါသည်။နအဖစစ်အုပ်ချုပ်မှုအောက်တွင် ကျေးလက်ဒေသများရှိ ရွာများသည် နေ့စဉ်လိုလိုပင်နအဖစစ်သားများ၏ အမြတ်ထုတ်အနိုင်ကျင့် အလွဲသုံးစားပြုလုပ်ခြင်းခံနေရသည်ကိုသိရှိနိုင်ရန်နှင့်ထိုအလွဲသုံးစားပြုလုပ်မှုများသည်ရွာသူရွာသားများ၏ဆင်းရဲကျပ်တည်းမှု၊လူမှုဘဝနှင့် အစားအစာများလုံလောက်စွာမရရှိမှုတို့အပေါ် မည်ကဲ့သို့ဆိုးကျိုးသက်ရောက်သည်ကိုသိရှိနိုင်ရန် ဤအစီရင်ခံစာသည် နအဖစစ်အစိုးရလုံးဝထိန်းချုပ်ထားသောကရင်ပြည်နယ်ရှိဒေသများတွင်ဖြစ်ပေါ်နေသောအဖြစ်အပျက်များကိုအဓိကထား ဖော်ပြထားပါသည်။ထို့ပြင်မက ရွှေ့ပြောင်းအလုပ်သမားအများစုသည်လည်း နအဖစစ်တပ်ထိန်းချုပ်မှုလျော့နည်းသော ကရင်ပြည်နယ်မြောက်ပိုင်းတောင်ပေါ်ဒေသများမှရွာသူရွာသားများမဟုတ်ပဲအဓိကအားဖြင့်နအဖစစ်တပ်ထိန်းချုပ်နယ်မြေများတွင်နေထိုင်ခဲ့ကြသောသူများဖြစ်ကြပါသည်။

ဤအစီရင်ခံစာသည်မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသောလူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ဤကဲ့သို့လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့်နိုင်ငံသားများဆင်းရဲဒုက္ခရောက်ရှိပုံကိုဆွေးနွေးတင်ပြနိုင်ရန် လက်တွေ့ကွင်းဆင်းကောက်ယူထားသောသတင်းအချက်အလက်များနှင့်လူတစ်ဦးချင်းနှင့်ပြုလုပ်ထားသောတွေ့ဆုံမေးမြန်းမှုစသည်တို့ကိုအခြေခံ၍ရေးသားတင်ပြထားပါသည်။

ဒုတိယသတင်းအချက်အလက်များတစ်စုံတွင်လက်ရှိထိုင်းနိုင်ငံတွင်နေထိုင်အလုပ်လုပ်ကိုင်နေသောမြန်မာနိုင်ငံသားများနှင့် ၂၀၀၉ခုနှစ်ဇန်နဝါရီမှမတ်လအတွင်းပြုလုပ်ထားသောတွေ့ဆုံမေးမြန်းမှုပေါင်း( ၂၇)ခုပါဝင်ပါသည်။ဤတွေ့ဆုံမေးမြန်းမှုများသည်မြန်မာနိုင်ငံသားများမည်သည့်အကြောင်းကြောင့်မြန်မာနိုင်ငံမှထွက်ခွာခဲ့ရသည်ကိုသိရှိနိုင်ရန်ပြုလုပ်ထားခြင်းဖြစ်ပါသည်။တွေ့ဆုံမေးမြန်းခြင်းခံရသောသူ၂၀ ကျော်(ရန်ကုန်၊မော်လမြိုင်နှင့်ပဲခူးမြို့မှလာသောသူ၅ဦးအပ)တို့သည်မြန်မာနိုင်ငံအရှေ့ခြမ်းကျေးလက်တောရွာများမှလာရောက်သောသူများဖြစ်ပါသည်။၎င်းတွေ့ဆုံမေးမြန်းမှုပြုလုပ်ခြင်းခံရသောသူများအားငင်းတို့၏မြန်မာနိုင်ငံတွင်နေထိုင်ခဲ့ရသောဘဝ၊လုပ်ကိုင်ခဲ့သောအလုပ်အကိုင်၊အသက်ရှင်နေထိုင်နိုင်ရန်ကုန်ကျစရိတ်များ နှင့် မြန်မာနိုင်ငံမှ ထွက်ခွာလာရသောအကြောင်းအရင်းများစသည့်အကြောင်းအရာများကို မေးမြန်းဖြေဆိုစေပါသည်။ ထို့ပြင်မက၎င်းတို့မြန်မာနိုင်ငံတွင်နေထိုင်စဉ်လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရခြင်းရှိ၊မရှိကိုလည်းမေးမြန်းခဲ့ပါသည်။ဤတွေ့ဆုံမေးမြန်းမှုများမှအချက်အလက်များသည်အလွဲသုံးစားပြုလုပ်ခံရမှု၊ဆင်းရဲကျပ်တည်းမှုနှင့်ရွှေ့ပြောင်းနေထိုင်ခြင်းစသည့်အကြောင်းအရာများအကြားဆက်စပ်မှုများကိုထင်ဟပ်ပေါ်လွင်စေပါသည်။

အမှန်စင်စစ်ပင်ကရင်ပြည်နယ်အတွင်းနအဖစစ်တပ်၏ဖိနှိပ်အလွဲသုံးစားပြုခြင်းကိုခံခဲ့ရသောတွေ့ဆုံမေးမြန်းခြင်းကိုဖြေဆိုခဲ့သူလူဦးရေမည်မျှသည်မြန်မာနိုင်ငံကိုစွန့်ခွာပြီးနိုင်ငံရပ်ခြားတွင်အလုပ်ရှာဖွေလုပ်ကိုင်သည်ကိုတိကျစွာမပြောဆိုနိုင်ပါ။ ထို့ကြောင့် ဤအစီရင်ခံစာတွင်ပါဝင်သောသတင်းအချက်အလက်နှစ်စုံသည် တစ်စုံနှင့်တစ်စုံတိုက်ရိုက်ဆက်စပ်နေသည်ဟုမမြင်ပဲသွယ်ဝိုက်၍ ဆက်စပ်နေသည်ဟုရှုမြင်နိုင်ပါသည်။ ဤအချက်အလက်ကိုအခြေခံ၍ ကရင်လူ့အခွင့်အရေးအဖွဲ့သည်ထိုင်းနိုင်ငံတွင်လက်ရှိနေထိုင်အလုပ်လုပ်ကိုင်နေသောမြန်မာရွှေ့ပြောင်းအလုပ်သမားများအားတွေ့ဆုံမေးမြန်းမှုများတွင်ပြောဆိုခဲ့သော ၎င်းတို့မြန်မာနိုင်ငံမှထွက်ခွာလာရ သောအကြောင်းရင်းနှင့် ကရင်ပြည်နယ်တွင်ပြုလုပ်ခဲ့သောတွေ့ဆုံမေးမြန်းမှုများတွင်ဖြေဆိုခဲ့သောဒေသခံများ၏ ပြောဆိုချက်များသည် ကိုက်ညီခြင်းရှိမရှိကို စာဖတ်သူများအားတင်ပြလိုပါသည်။ဤအစီရင်ခံစာတွင်ဖော်ပြထားသောသတတင်းအချက်အလက်နှစ်စုံတွင်ပါဝင်သောတွေ့ဆုံမေးမြန်းမှုအဖြေများသည်အလွန်ပင်တူညီနေသည်ကိုတွေ့မြင်ရပါသည်။လက်ရှိကရင်ပြည်နယ်တွင်နေထိုင်နေသောဒေသခံများနှင့်လက်ရှိထိုင်းနိုင်ငံတွင်အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများသည် တွေ့ဆုံမေးမြန်းမှုများကို ဖြေဆိုရာတွင် ၎င်းတို့မြန်မာနိုင်ငံတွင် ခံခဲ့ရသော(သို့မဟုတ်)တွေ့ကြုံခဲ့ရသော အလွဲသုံးစားပြုလုပ်မှုအများစုမှာ နအဖစစ်တပ်၏ဂုတ်သွေးစုပ်အမြတ်ထုတ်မှုနှင့်ကန့်သတ်ချုပ်ချယ်မှုများဖြစ်သည်ဟုပြောဆိုခဲ့ကြပါသည်။ထို့အပြင်၎င်းတို့မှဆက်လက်ရှင်းပြသည်မှာဤအလွဲသုံးစားပြုလုပ်မှုများကိုခံရသောကြောင့်၎င်းတို့စားဝတ်နေရေးနှင့်ငွေရေးကြေးရေးကဏ္ဍများကိုသိသာထင်ရှားစွာပင်ထိခိုက်နစ်နာစေပါသည်။

ဤအစီရင်ခံစာတွင်ပါဝင်သောသတင်းအချက်အလက်နှစ်စုံတွင်တူညီသောအချက်မှာမြန်မာနိုင်ငံကျေးလက်ဒေသများတွင်နအဖအစိုးရ၏အနိုင်ကျင့်အလွဲသုံးစားပြုလုပ်ခြင်းကြောင့်ရွာသူရွာသားများသည်အသက်ကိုအန္တရာယ်ပြုနိုင်သောဆင်းရဲကျပ်တည်းမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ဟူသောအချက်ပင်ဖြစ်ပါသည်။ထို့ကြောင့်ရွာသားများသည် မိမိတို့ဘဝရှင်သန်ရပ်တည်နိုင်ရန်မြန်မာနိုင်ငံကိုစွန့်ခွာပြီးပြည်ပနိုင်ငံများတွင်အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ရခြင်းဖြစ်ပါသည်။

## ရွှေ့ပြောင်းနေထိုင်သူများကို ခွဲခြားသတ်မှတ်ခြင်း

နိုင်ငံတကာမှ လက်ခံကျင့်သုံးနေသောသဘောတူသတ်မှတ်ချက်များအရ ဒုက္ခသည်များ(သို့မဟုတ်) ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ (IDP)ဟုသတ်မှတ်ရာတွင်စီးပွားရေးအရရွှေ့ပြောင်းနေထိုင်သူများနှင့်မတူညီပဲ၎င်းဒုက္ခသည်များသည်မည်သည့်တွန်းအားနှင့်ဆွဲအားများကြောင့်မိမိနေရပ်ရင်းကိုစွန့်ခွာ၍ရွှေ့ပြောင်းနေထိုင်သည်ကိုအခြေခံ၍ဒုက္ခသည်များဟုသတ်မှတ်ပါသည်။ **တွန်းအား**ဟုဆိုရာတွင်ရွှေ့ပြောင်းနေထိုင်ကြသူများ၎င်းတို့မူရင်းနေထိုင်ရာဒေသများတွင်ကြုံတွေ့ကြရသောဖိနှိပ်အလွဲသုံးစားပြုခံရခြင်းများကြောင့်အခြားနေရာဒေသသစ်များ၌ ပိုမို၍ကောင်းမွန်သောဘဝအခြေအနေကိုရှာဖွေရန်တွန်းအားဖြစ်စေခြင်းကိုဆိုလိုပါသည်။ **ဆွဲအား**မှုကားနေရာဒေသသစ်များမှကောင်းမွန်သောအချက်အလက်များသည် ဒုက္ခရောက်နေသူများကို ၎င်းနေရာသစ်များသို့လာရောက်အခြေချနေထိုင်ရန် ဆွဲဆောင်မှုများကိုခေါ်ဆိုပါသည်။

ဒုက္ခသည်နှင့်ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများသည်နောက်ဆုံးရွေးချယ်ရန်လမ်းမရှိပဲမိမိနေထိုင်ရာမူရင်းနေအိမ်များမှတွန်းထုတ်ခြင်းခံရသောသူများဖြစ်ပါသည်။ပိုမိုတိကျစွာအဓိပ္ပါယ်ဖွင့်ဆိုရမည်ဆိုလျှင်၁၉၅၁ခုနှစ်တွင်ဒုက္ခသည်အခြေအ

နေနှင့်ပတ်သက်၍နိုင်ငံတကာမှသဘောတူညီချက်စာချုပ်အရဆိုသည့်ဒုက္ခသည်ဆိုသည်မှာလူမျိုးရေးဘာသာရေးနှင့်လူမှုရေးစသည်တို့ကြောင့်ဖိနှိပ်အနိုင်ကျင့်ခံရသဖြင့်မိမိတို့မူရင်းနေထိုင်ရာတိုင်းပြည်မှမဖြစ်မနေထွက်ခွာခဲ့ရသူများကိုဆိုလိုပါသည်။

နိုင်ငံတကာသဘောတူညီချက်စာချုပ်တွင်မပါဝင်သော်လည်းဒေသန္တရနေအများနှင့်နိုင်ငံတကာကူညီထောက်ပံ့ရေးအဖွဲ့အစည်းများမှ လက်ခံကျင့်သုံးသောဒုက္ခသည်များသည်ဟူသောအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် လက်နက်ကိုင်ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်များကြောင့် အသက်အန္တရာယ်မှလွတ်မြောက်ရန် မိမိနေရပ်ဒေသမှ ထွက်ပြေးလာသူများပါဝင်ပါသည်။ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများဟုအဓိပ္ပါယ်ဖွင့်ဆိုရာ၌၁၉၉၈ပြည်တွင်းနေရာရွှေ့ပြောင်းနေထိုင်သူများနှင့်ပတ်သက်၍ထုတ်ပြန်ထားသောအခြေခံဥပဒေများအရ ဖိနှိပ်ညှင်းပန်းအနိုင်ကျင့်ခံရခြင်းကြောင့်သော်လည်းကောင်း၊လက်နက်ကိုင်ပဋိပက္ခကြောင့်သော်လည်းကောင်း၊လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကြောင့်သော်လည်းကောင်း မိမိနေရပ်ဒေသကိုစွန့်ခွာခဲ့ရသူများကိုခေါ်ဆိုပါသည်၊ထိုသို့သော်၎င်းတို့သည်နိုင်ငံတကာမှသတ်မှတ်ထားသောနယ်စပ်မျဉ်းကိုဖြတ်ကျော်ခြင်းမရှိပဲမိမိတို့တိုင်းပြည်တွင်း၌ပင်ရွှေ့ပြောင်းနေထိုင်သူများဖြစ်ပါသည်။

အထက်ပါဒုက္ခသည်ဟူသောအဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်ဆန့်ကျင်စွာပထိစီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်ကြသူများဟုဆိုရာတွင်မိမိတို့နေရပ်ဒေသတွင်နေထိုင်နိုင်ကြသော်လည်းစီးပွားရေးအခွင့်အလမ်းကောင်းရရှိရန်နိုင်ငံရပ်ခြားသို့မိမိတို့သဘောဆန္ဒအရပြောင်းရွှေ့နေထိုင်သူများကိုခေါ်ဆိုပါသည်။ထို့ကြောင့်စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်ကြသူများ၏ရွေးချယ်မှုကိုအသက်ရှင်ရပ်တည်နေထိုင်နိုင်ရန်ထက်မိမိတို့ဘဝတိုးတက်ကောင်းမွန်စေရန်ရွှေ့ပြောင်းနေထိုင်ကြခြင်းဟုရှုမြင်ကြပါသည်။ အချုပ်အားဖြင့်ဆိုရသော်ဒုက္ခသည်နှင့်ပြည်တွင်းနေရာရွှေ့ပြောင်းနေထိုင်ရသောဒုက္ခသည်များသည်နောက်ဆုံးရွေးချယ်ရန်လမ်းမရှိပဲမိမိတို့နေရပ်ရင်းမှတွန်းထုတ်ခံရသူများကိုခေါ်ဆိုပြီးစီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်ကြသူများသည်မိမိတို့သဘောဆန္ဒအရစီးပွားရေးအခွင့်အလမ်းပိုမိုကောင်းမွန်သောနိုင်ငံရပ်ခြားတို့ပြောင်းရွှေ့နေထိုင်ရန်ဆွဲဆောင်ခြင်းခံရသူများကိုခေါ်ဆိုပါသည်။

## ကရင်လူ့အခွင့်အရေးအဖွဲ့၏ကွင်းဆင်းလေ့လာမှုများမှတွေ့ရှိချက်များ

ကရင်လူ့အခွင့်အရေးအဖွဲ့မှတင်ပြထားသောရွှေ့ပြောင်းအလုပ်သမားများရွှေ့ပြောင်းအလုပ်လုပ်ကိုင်ရခြင်း၏ **တွန်းအား** နှင့် **ဆွဲအား** စသည့်အချက်များကိုအခြေခံ၍ရွှေ့ပြောင်းအလုပ်သမားများအရေးကိုလုပ်ဆောင်ခြင်းသည်စိတ်ကူးယဉ်ဆန်၍မဖြစ်နိုင်သောကိစ္စဟုပြောဆို၍မရနိုင်ပါ။နိုင်ငံတကာမူဝါဒရေးရာရေးဆွဲသူများနှင့်နိုင်ငံတကာအဖွဲ့အစည်းများသည်ကရင့်လူ့အခွင့်အရေးအဖွဲ့၏တွေ့ရှိချက်များကိုအသုံးပြု၍မည်ကဲ့သို့သောသူတို့သည်အဓိကကျသောလူသားချင်းစာနာမှုအထောက်အကူများနှင့်တရားဥပဒေအရအကာအကွယ်ရရှိသင့်သည်ကိုခွဲခြားသိရှိနိုင်ပါသည်။ကရင်လူ့အခွင့်အရေးအဖွဲ့၏ဤအစီရင်ခံစာတွင် ပါရှိသောတင်ပြချက်များအရ မြန်မာနိုင်ငံမှ ထွက်ခွာလာသူများနှင့်ပတ်သက်၍ တွန်းအားနှင်ဆွဲအားစသည့်အချက်များကိုတိကျစွာခွဲခြား၍မရနိုင်ပါ။

ဤအစီရင်ခံစာတွင်ပါဝင်သောပထမသတင်းအချက်အလက်တစ်စုံတွင်ကရင်လူ့အခွင့်အရေးအဖွဲ့မှကာရင်ပြည်နယ်နအဖထိန်းချုပ်နယ်မြေတွင်နေထိုင်သူများနှင့်ပြုလုပ်ထားသောတွေ့ဆုံမေးမြန်းမှုပေါင်း၁၂၈ခုတွင်တွေ့မြင်ရသည့်အတိုင်းပင်အထက်ပါရွာသူရွာသားများကြုံတွေ့ရသောအလွဲသုံးစားပြုလုပ်မှုအများစုမှာဖိနှိပ်စော်ကားအမြတ်ထုတ်မှုဖြစ်ပြီးထိုကဲ့သို့နအဖစစ်တပ်၏အမြတ်ထုတ်အနိုင်ကျင့်ဖိနှိပ်မှုများကြောင့်ဆင်းရဲကျပ်တည်းခြင်းနှင့်အစားအစာလုံလောက်စွာရရှိနိုင်မှုမရှိခြင်းစသည့်ဆိုးကျိုးများကိုဖြစ်ပေါ်စေပါသည်။ [၁၅]

တွေ့ဆုံမေးမြန်းခြင်းခံရသူအများစု၏ဖြေဆိုချက်များတွင်၎င်းတို့အဓိကကြုံတွေ့နေရသောအလွဲသုံးစားပြုလုပ်ခံရခြင်းတို့မှာအတင်းအဓမ္မလုပ်အားပေးစေခိုင်းခံရခြင်း(ဖြေဆိုသူ၄၇ %)အတင်းအဓမ္မငွေကြေးနှင့်ဥစ္စာပစ္စည်းများကိုတောင်းယူခံရခြင်း(ဖြေဆိုသူ၂၉%)၊နအဖစစ်တပ်နှင့်ဒီကေဘီအေတို့မှရွာသူရွာသားများ၏ပစ္စည်းဥစ္စာကိုသိမ်းယူခြင်း(၁၄ % )နှင့်ခရီးသွားလာခြင်းကိုပိတ်ပင်တားမြစ်ခြင်း(၁၂ %)စသည်တို့ဖြစ်ပါသည်။ရွာသူရွာသားများ၏ဥစ္စာပစ္စည်းများကိုအတင်းအဓမ္မအနိုင်ကျင့်အမြတ်ထုတ်သိမ်းယူခြင်းပြုလုပ်ရန်နအဖစစ်တပ်များသည်အထက်ပါအလွဲသုံးစားမှုများကိုပြုလုပ်ပါသည်။ထို့ပြင်မကတွေ့ဆုံမေးမြန်းခြင်းခံရသူအနည်းငယ်တို့၏ဖြေဆိုချက်အရကာရင်ပြည်နယ်တွင်မပေးမနေရအခွန်ငွေ(ကင်းကြေး၊ဈေးကြေး ---)များပေးဆောင်ရခြင်းသည်လည်း နအဖစစ်တပ် အမြတ်ထုတ်အနိုင်ကျင့်ခြင်းတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ [၁၆] အထက်တွင်ဖေါ်ပြခဲ့သောအလွဲသုံးစားမှုများအပြင်တွေ့ဆုံမေးမြန်းခံရသူများဖြေဆိုချက်များတွင်နအဖစစ်တပ်မှရွာသူ၊ရွာသားများကိုဖမ်းဆီးချုပ်နှောင်ခြင်း၊သတ်ဖြတ်ခြင်း၊ခြိမ်းခြောက်ခြင်း၊မြေမြှုပ်မိုင်းများထောင်ခြင်း၊နေအိမ်၊စိုက်ပျိုးခင်း၊စပါးကျီများကိုမီးရှို့ဖျက်ဆီးခြင်း၊အိမ်မွေးတိရ စ္ဆာန်များကိုသတ်ဖြတ်ခြင်းနှင့်နှိပ်စက်ညှင်းပန်းခြင်းများကိုလည်းပြုလုပ်သည်ဟုဖော်ပြကြပါသည်။

ဒုတိယသတင်းအချက်အလက်တစ်စုံတွင် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၀၉ခုနှစ်ဇန်နဝါရီလနှင့် မတ်လအတွင်း ထိုင်းနိုင်ငံတွင် အခြေချအလုပ်လုပ်ကိုင်နေသောမြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ပြုလုပ်ခဲ့သောတွေ့ဆုံမေးမြန်းမှုပေါင်း ၂၇ခုမှသတင်းအချက်အလက်များကိုစုစည်းတင်ပြထားပါသည်။တွေ့ဆုံမေးမြန်းခြင်းခံရသူ ၂၇ဦးတွင်၂၁ဦး(၇၈ ) ခန့်တို့၏ဖြေဆိုချက်များအရနအဖစစ်သားနှင့်ဒေသခံအာဏာပိုင်အဖွဲ့အစည်းမှဝန်ထမ်းများ၏၎င်းတို့အပေါ်အနိုင်ကျင့်အမြတ်ထုတ်အလွဲသုံးစားပြုလုပ်မှုများကြောင့်၎င်းတို့၏စီးပွားရေးအခြေအနေကိုများစွာဆိုးကျိုးသက်ရောက်စေပါသည်။အထက်ပါတွေ့ဆုံမေးမြန်းခြင်းခံရသူတို့၏ပြောဆိုချက်များအရ၎င်းတို့အများဆုံးရင်ဆိုင်ကြုံတွေ့ခဲ့ရသောအနိုင်ကျင့်အမြတ်ထုတ်အလွဲသုံးစားပြုလုပ်ခံရခြင်းများမှာအတင်းအဓမ္မအလုပ်အားပေးစေခိုင်းခံရခြင်း၊မပေးမနေရအခွန်ငွေများကောက်ခံခြင်း၊အတင်းအဓမ္မငွေကြေးနှင့်ဥစ္စာပစ္စည်းများတောင်းယူခံရခြင်း၊ မိမိပိုင်လယ်ယာမြေများသိမ်းပိုက်ခံရခြင်းနှင့် နအဖစစ်

---

[၁၅]အချို့တွေ့ဆုံမေးမြန်းခြင်းခံရသူများ၏အဆိုအရ နအဖစစ်တပ်များသည် တန်ပြန်တိုက်ခိုက်ခြင်းခံရပါက သာမန်ရွာသူရွာသားများကိုသူပုန်များဟုစွပ်စွဲကာ ဖမ်းဆီးချုပ်နှောင်ခြင်းသည်လည်း နအဖစစ်တပ်နှင့် ဒီကေဘီအေတို့၏အလွဲသုံးစာပြုလုပ်မှုများတွင် အပါအ ဝင် ဖြစ်ပါသည်။ နအဖစစ်တပ်သည် မကြာခဏဆိုသလို ကေအန်ယူတပ်ဖွဲ့များ၏တိုက်ခိုက်ခြင်းခံရပါက ရွာသူရွာသားများကို ၎င်းတို့ထိန်းချုပ်နယ်မြေများသို့ အတင်းအဓမ္မရွှေ့ပြောင်းနေထိုင်စေခြင်းနှင့် သာမန်ရွာသူရွာသားများကို ဖမ်းဆီးထိန်းသိမ်းခြင်းစသည်တို့ကို ပြုလုပ်ပြီး ရွာသူရွာသားများအပေါ်အလွဲသုံးစားမှုများကို ပြုလုပ်ပါသည်။

[၁၆]ကရင်လူ့အခွင့်အရေးအဖွဲ့မှ ထုတ်ပြန်သောအခြားအစီရင်ခံစာများတွင် ကေအန်အယ်(လ်)အေတပ်ဖွဲ့များမှ မပေးမနေရအခွန်ငွေကောက်ခံခြင်းကို ဖော်ပြခဲ့သော်လည်း၊ဤအစီရင်ခံစာတွင်တွေ့ဆုံမေးမြန်းခြင်းခံရသူများမှကေအန်အယ်(လ်)အေတပ်ဖွဲ့ဝင်များ၏တောင်းဆိုမှုများနှင့်ပတ်သက်၍ပြောဆိုခဲ့ခြင်းမရှိပါ။

သားများ၏တောင်းခံခြင်းများမှရှောင်လွှဲ၍မရနိုင်ရန်ခရီးသွားလာခွင့်များကိုကန့်သတ်ချုပ်ခြယ်ခြင်းစသည်တို့ဖြစ်ပါသည်။ အထက်ပါအလွဲသုံးစားပြုလုပ်ခံရခြင်းများတွင်တွေ့ဆုံမေးမြန်းခံရသူ၉ဦး(၇၉ )၏ဖြေဆိုချက်များအရအတင်းအဓမ္မလုပ်အားပေးစေခိုင်းခံရခြင်းသည်၎င်းတို့နေထိုင်ရာဒေသများတွင်အစဉ်အမြဲဖြစ်ပေါ်နေသောအရာဖြစ်သည်။

## တွန်းအားနှင့်ဆွဲအားအကြားရှင်းလင်းတိကျမှုမရှိခြင်း

ထိုင်းနိုင်ငံတွင်အခြေချအလုပ်လုပ်ကိုင်နေသောရွှေ့ပြောင်းအလုပ်သမား၏ရှင်းလင်းပြောပြချက်များအရမြန်မာနိုင်ငံတွင်နအဖစစ်အစိုးရ၏၎င်းတို့အပေါ်အမြတ်ထုတ်အလွဲသုံးစားပြုလုပ်ခြင်းများသည်၎င်းတို့၏ဘဝကိုထိခိုက်စေခြင်းနှင့်စားနပ်ရိက္ခာလုံလောက်စွာမရရှိခြင်းစသည့်အချက်များကိုပိုမိုပြီးဖြစ်ပေါ်လာစေပါသည်။အထက်ပါအချက်အလက်များသည်မြန်မာရွှေ့ပြောင်းအလုပ်သမားများကိုမိမိတို့တိုင်းပြည်မှထွက်ခွာပြီးနိုင်ငံရပ်ခြားတွင်အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ရန်အဓိကတွန်းအားပေးခဲ့သောအကြောင်းရင်းများဖြစ်ပါသည်။အချို့ရွှေ့ပြောင်းအလုပ်သမားများပြောပြချက်အရ၎င်းတို့သည်နအဖစစ်အစိုးရ၏အနိုင်ကျင့်အမြတ်ထုတ်မှုများ၏ဆိုးကျိုးများကိုခံစားရသည့်အပြင် သဘာဝဘေးအန္တရာယ်များ (ဥပမာရေကြီးခြင်းနှင့်မိုးခေါင်ခြင်း)နှင့်စီးပွားရေးအကျပ်အတည်းများ(ဥပမာသင့်တင့်လျောက်ပတ်သောလုပ်အားခမရရှိခြင်း)ကိုလည်းရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ [၁၇]

ကရင်လူ့အခွင့်အရေးအဖွဲ့မှတွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့သူများကိုသာမန်အားဖြင့်စီးပွားရေးအခြေအနေကြောင့်နိုင်ငံရပ်ခြားသို့ရွှေ့ပြောင်းနေထိုင်ကြသူများဟုသတ်မှတ်ကြမည်ဖြစ်သော်လည်းတွေ့ဆုံမေးမြန်းမှုများတွင်၎င်းတို့ဖြေဆိုခဲ့သောအချက်အလက်များကိုကြည့်ရှုခြင်းဖြင့်၎င်းတို့မြန်မာနိုင်မှထွက်ခွာလာရခြင်းအကြောင်းရင်းသည်နအဖစစ်အစိုးရ၏အလွဲသုံးစားပြုလုပ်မှုများကြောင့်မြန်မာနိုင်ငံတွင်ရှင်သန်ရပ်တည်နိုင်ရန်လွန်စွာခက်ခဲသဖြင့်နိုင်ငံရပ်ခြားသို့ထွက်ခွာပြီးအလုပ်လုပ်ကိုင်ရသည်ကိုရှင်းလင်းစွာတွေ့မြင်နိုင်ပါမည်။ထို့ကြောင့်မြန်မာရွှေ့ပြောင်းအလုပ်သမားများနိုင်ငံရပ်ခြားသို့ရွှေ့ပြောင်းနေထိုင်အလုပ်လုပ်ကိုင်ရန်ဆုံးဖြတ်ခဲ့ခြင်းသည်ထိုင်းနိုင်ငံမှစီးပွားရေးမက်လုံးများကြောင့်သာမဟုတ်ပဲ၎င်းတို့အတွက်မိမိနေထိုင်ရာမြန်မာနိုင်ငံတွင်အသက်ရှင်သန်ရပ်တည်နိုင်ရန်လုံးဝမဖြစ်နိုင်သောကြောင့်ဖြစ်ပါသည်။ထို့ကြောင့်မြန်မာရွှေ့ပြောင်းအလုပ်သမားများမြန်မာနိုင်ငံမှထွက်ခွာလာရခြင်းအကြောင်းရင်းကိုလေ့လာဆန်းစစ်ရာတွင်မြန်မာနိုင်ငံမှတွန်းအားကြောင့်သို့မဟုတ်ထိုင်းနိုင်ငံမှဆွဲအားကြောင့်မြန်မာနိုင်ငံမှထွက်ခွာရသည်ဟုရှင်းလင်းတိကျစွာပြောဆိုနိုင်ခြင်းမရှိပါ။

မြန်မာရွှေ့ပြောင်းအလုပ်သမားများနိုင်ငံရပ်ခြားမှစီးပွားရေးအခွင့်အလမ်းကောင်းဆွဲအားကြောင့်သာမြန်မာနိုင်ငံမှထွက်ခွာလာခြင်းဖြစ်သည်ဟုတိကျခိုင်မာစွာမပြောဆိုနိုင်ပါ။အဘယ်ကြောင့်ဆိုသော်မြန်မာနိုင်ငံသားများသည်ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံသို့အလုပ်အကိုင်ကောင်းရှာဖွေရန်အကြောင်းတစ်ခုတည်းကြောင့်မြန်မာနိုင်ငံမှထွက်ခွာလာခြင်းမဟုတ်ဘဲမိမိတို့ဘဝလုံခြုံမှုရရှိရန်နှင့်အကာအကွယ်ရရှိရန်ထိုင်းနိုင်ငံနှင့်မလေးရှာနိုင်ငံသို့ထွက်ခွာခဲ့ခြင်းဖြစ်ပါသည်။ဒုက္ခသည်နှင့်ပြည်တွင်းနေရာရွှေ့ပြောင်းနေထိုင်ရသူများ(IDP)ကို အစိုးရများ၊ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ (NGOs)မှ၎င်းတို့လုံခြုံရေးအတွက်အကာအကွယ်ပေးလေ့ရှိပါသည်။အထူးသဖြင့်ဒုက္ခသည်များကိုအကာအကွယ်ပေးရေးဆိုရာ၌

[၁၇] အချို့တွေ့ဆုံမေးမြန်းခံရသူများသည် နိုင်ငံရေးကြောင့်အတင်းအဓမ္မဖမ်းဆီးစစ်ဆေး၊ ညှင်းပန်းနှိပ်စက်ခံရကြောင်းကိုလည်းပြောပြခဲ့ကြပါသည်။

ဒုက္ခသည်များကိုအသက်အန္တရာယ်နှင့်ရင်ဆိုင်ရဖွယ်ရှိသောမူရင်းနေရပ်များသို့အတင်းအကျပ်ပြန်လည်ပို့ဆောင်ခြင်းမှ တရားဥပဒေအရ အကာအကွယ်ပေးရန်ဆိုလိုပါသည်။ ဒုက္ခသည်များကို နေရပ်ဒေသသို့ အတင်းအကျပ်ပြန်လည်ပို့ ဆောင်ခြင်းမှတရားဥပဒေအရအကာအကွယ်ပေးခြင်းအပြင်ကူညီထောက်ပံ့ရေးအဖွဲ့အစည်းများသည်၎င်းတို့အကာအ ကွယ်ပေးပိုင်ခွင့်အရ ဒုက္ခသည်များရပိုင်ခွင့်များကိုရရှိနိုင်ရန် အကူအညီပေးလျှက်ရှိပါသည်။ ဥပဒေအားဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှအကာအကွယ်ပေးရေးအစီအစဉ်ဖြစ်ပါသည်။

သို့ရာတွင်မြန်မာရွှေ့ပြောင်းအလုပ်သမားများမိမိနေရပ်ဒေသကိုစွန့်ခွာရခြင်းသည်၎င်းတို့မူရင်းနေထိုင်ရာအရပ်တွင်ရင်ဆိုင်ကြုံ တွေ့နေရသောနအဖအစိုးရ၏အမြတ်ထုတ်အလွဲသုံးစားပြုလုပ်မှုများကြောင့်မိသားစုများရင်သန်ရပ်တည်နိုင်ရန်အတွက် ၎င်းတို့ကိုယ်တိုင်စတင်လုပ်ဆောင်သောမိမိကိုယ်ကိုကာကွယ်ခြင်းနည်းဗျူဟာပင်ဖြစ်ပါသည်၊မြန်မာရွှေ့ပြောင်းအလုပ်သ မားများကိုအကာအကွယ်ပေးခြင်းဆိုရာ၌တရားဥပဒေအရနေရပ်ဒေသသို့ပြန်ပို့ခြင်းမှအကာအကွယ်ပေးခြင်းနှင့်နိုင်ငံတ ကာကူညီထောက်ပံ့ရေးအေဂျင်စီများမှအလုပ်သမားများရပိုင်ခွင့်နှင့်ပတ်သက်၍ကူညီလုပ်ဆောင်ပေးခြင်းစသည်တို့အပြင် ၎င်းတို့ကိုယ်တိုင်မိမိနေထိုင်ရာဒေသတွင်ရင်ဆိုင်ကြုံတွေ့ခဲ့ရသောနအဖအစိုးရ၏အလွဲသုံးစားပြုလုပ်မှုများကိုရှောင်ရှားနိုင် ရန်နှင့်မိမိကိုယ်ကိုကာကွယ်ရန်လုပ်ဆောင်ချက်များပါပါဝင်ပါသည်။ [၁၈]

ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့်လူအများအသုံးပြုလက်ခံသောရွှေ့ပြောင်းအလုပ်သမားများ"အသက်ရှင်ရပ်တည်နိုင်ရန် အတွက်"နည်းဗျူဟာ"ဟူသောစကားစုထက်"၎င်းတို့ကိုယ်တိုင်စတင်လုပ်ဆောင်သောမိမိကိုယ်ကိုကာကွယ်ခြင်းနည်း ဗျူဟာ"ဟူသောအသုံးအနှုန်းကို၎င်းအစီရင်ခံစာတွင်အသုံးပြုထားခြင်းသည်ရွှေ့ပြောင်းအလုပ်သမားများနအဖအစိုးရ ၏နိုင်ငံရေးအရဖိနှိပ်မှုကိုတွန်းလှန်ရန်လုပ်ကိုင်ဆောင်ရွက်ပုံကိုမီးမောင်းထိုးတင်ပြလိုသောကြောင့်ဖြစ်ပါသည်။အထက် ပါမြန်မာရွှေ့ပြောင်းအလုပ်သမားများ၎င်းတို့ကိုယ်တိုင်စတင်လုပ်ဆောင်သောမိမိကိုယ်ကိုကာကွယ်ခြင်းနည်းဗျူဟာကို နိုင်ငံရေးနှင့်ဆက်နွယ်နေသည်ဟုမြင်နိုင်ပါကရွှေ့ပြောင်းအလုပ်သမားများမြန်မာနိုင်ငံတွင်စစ်အစိုးရ၏ဖိနှိပ်အလွဲသုံး စားပြုလုပ်မှုနှင့်ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်ကိုစာဖတ်သူများအနေဖြင့်ပိုမိုနားလည်သဘောပေါက်နိုင်သည်သာမကလက်ရှိအခြေ အနေတွင်ဒုက္ခသည်များကိုအကူအညီပေးနေသောအစိုးရများ၊ကုလသမဂ္ဂအေဂျင်စီများနှင့်နိုင်ငံတကာအဖွဲ့အစည်းများ အနေဖြင့်လည်း၎င်းတို့၏အကာအကွယ်ပေးပိုင်ခွင့်အရရွှေ့ပြောင်းအလုပ်သမားများသည်လည်းအကာအကွယ်ပေးပိုင်ခွင့် နှင့်အကျုံးဝင်သည်ဟုတင်ပြလိုပါသည်။ ရွှေ့ပြောင်းအလုပ်သမားများအကာအကွယ်ပေးရေးကို ဤကဲ့သို့နားလည်သ ဘောပေါက်ပါက ရွှေ့ပြောင်းအလုပ်သမားများ အသုံးပြုနေသော ၎င်းတို့ကိုယ်တိုင် စတင်လုပ်ဆောင်လျှက်ရှိသော မိမိ ကိုယ်ကိုကာကွယ်ခြင်းနည်းဗျူဟာများ(အနိုင်ကျင့်အမြတ်ထုတ်မှုမရှိပဲအလုပ်လုပ်ကိုင်ရခြင်း၊အမှီခိုခံမိသားစုဝင်များကို ကူညီထောက်ပံ့ခြင်း၊ကလေးငယ်များကို ကျောင်းအပ်နှံခြင်းနှင့် ဖမ်းဆီးခံရခြင်း၊ ငွေညှစ်ခြင်းနှင့် နေရပ်သို့ပြန်လည်ပို့ ဆောင်ခြင်းစသည်တို့မှ ရှောင်လွှဲနိုင်ခြင်း)ကို ပြင်ပမှအကူအညီအထောက်အပံ့များစွာပေးနိုင်မည့်အခွင့်အလမ်းများပေါ် ပေါက်နိုင်ပါသည်။

---

[၁၈] ၎င်းအစီရင်ခံစာသည် နိုင်ငံတကာကြက်ခြေနီအဖွဲ့မှ သဘောတူလက်ခံသောဒုက္ခသည်များကို အကာအကွယ်ပေးရေးဥပဒေများ(ဥပမာအားဖြင့် လူ့အခွင့်အရေးဥပဒေ၊ နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေနှင့် ဒုက္ခသည်များဥပဒေ)နှင့် ကိုက်ညီ၍ရေးသားတင်ပြထားပါသည်။ (Protection of Internally Displaced Person, Inter-Agency Standing Committee, 1999, P.4) လက်တွေ့တွင် အထက်ပါအကာ အကွယ်ပေး ရေးဥပဒေများသည် အလွဲသုံးစားမှုများမဖြစ်ရန်ကာကွယ် ပြီးအလွဲသုံးစားပြုမှုများကိုလည်းလျှော့နည်းစေပါသည်။

## နိုင်ငံတကာတရားဥပဒေများနှင့်၎င်းတို့ကိုအသုံးပြုပုံ

အထက်တွင်ရေးသားတင်ပြခဲ့သည့်အတိုင်းပင်မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏မြန်မာနိုင်ငံမှထွက်ခွာ၍နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်ရခြင်းအကြောင်းအရင်းကို ကြည့်ရှုခြင်းခြင်းဖြင့် ၎င်းရွှေ့ပြောင်းအလုပ်သမားများကို အသက်မွေးဝမ်းကြောင်း ဒုက္ခသည်များဟု ပို၍တိကျစွာခေါ်ဆိုနိုင်ပါသည်။ ရွှေ့ပြောင်းအလုပ်သမားများသည် တစ်ဦးချင်းအသက်ရှင်ရပ်တည်နိုင်ရန် တရားဥပဒေအရ အကာအကွယ်ရရှိပြီး ၎င်းတို့ကိုယ်တိုင်စတင်လုပ်ဆောင်သော မိမိကိုယ်ကိုကာကွယ်ခြင်းနည်းဗျူဟာများ(ဥပမာ–မြန်မာနိုင်ငံမှထွက်ခွာ၍နိုင်ငံရပ်ခြားတွင်အလုပ်လုပ်ကိုင်ခြင်း)ကိုအသုံးပြုရပါမည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမြန်မာနိုင်ငံနေရပ်ဒေသမှ ထွက်ခွာလာရခြင်းအကြောင်းအရင်းများကိုသိရှိနားလည်ထားပါကဤအစီရင်ခံစာရှေ့ပိုင်းတွင်ဖော်ပြခဲ့သောဒုတိယမေးခွန်းဖြစ်သည့်လက်ရှိနိုင်ငံတကာမှလက်ခံအသုံးပြုသောလူ့အခွင့်အရေးဥပဒေများ နှင့်ထုံးတမ်းစဉ်လာများသည် မြန်မာနိုင်ငံမှ ထွက်ခွာလာသော ရွှေ့ပြောင်းအလုပ်သမားများ၏ထွက်ခွာလာရ သည့်အကြောင်းရင်းများအတွက် အသုံးပြုနိုင်ခြင်းရှိ/မရှိနှင့် တရားဥပဒေနှင့် ထုံးတမ်းစဉ်လာများသည်ရွှေ့ပြောင်းအလုပ် သမားများကို အကာအကွယ် ပေးနိုင်ခြင်းရှိ/မရှိဆိုသည့် မေးခွန်းကိုဖြေဆိုနိုင်ပါမည်။ နိုင်ငံတကာတရားဥပဒေများနှင့်ထုံး တမ်းစဉ်လာများကို လေ့လာဆန်းစစ်ပြီး နောက်ရှင်းလင်းစွာတွေ့ရှိရသည်မှာ အထက်ပါမေးခွန်းအတွက်အဖြေမှာ၎င်းဥပဒေများသည်ရွှေ့ပြောင်းအလုပ်သမားများအတွက်လုံးဝအကာအကွယ်ပေးနိုင်ခြင်းမရှိပါ။

မြန်မာနိုင်ငံသားများမိမိတို့နိုင်ငံမှ ထွက်ခွာလာရသည့်အကြောင်းအရင်းများစွာရှိသော်လည်း နိုင်ငံတကာအစိုးရများနှင့်နိုင်ငံတကာဥပဒေများသည်၎င်းမြန်မာနိုင်ငံသားများကိုပိုသေကျဉ်းမြောင်းသောအမြင်ဖြင့်အမျိုးအစားသုံးမျိုးခွဲခြားသတ်မှတ်ပါသည်။ ၎င်းအုပ်စုသုံးမျိုးမှာ ဒုက္ခသည်များ၊ပြည်တွင်းရွှေ့ပြောင်းနေထိုင်ကြသူများနှင့်စီးပွားရေးကြောင့်နိုင်ငံရပ်ခြားသို့ရွှေ့ပြောင်းနေထိုင်ကြသူများဟူ၍ဖြစ်ပါသည်။

အထက်ပါအမျိုးအစားသုံးမျိုးတွင်စီးပွားရေးကြောင့်နိုင်ငံရပ်ခြားသို့ရွှေ့ပြောင်းနေထိုင်ကြသူများဟုသတ်မှတ်ခြင်းခံရသူများသည်နောက်ဆုံးအဆင့်အဖြစ်မှားယွင်းသတ်မှတ်ခြင်းခံရသူများဖြစ်ပြီးအကာအကွယ်ပေးမှုအနည်းဆုံးရရှိသောအမျိုးအစားဖြစ်ပါသည်။အမှန်စင်စစ်မူဝါဒရေးရာရေးဆွဲသူများနှင့်ဥပဒေပညာရှင်များသည်၁၀စုနှစ်များစွာမှစ၍ယခုအချိန်ထိစီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်ကြသူများအတွက်ပို၍ကျေနပ်ဖွယ်ကောင်းသောအဓိပ္ပါယ်ဖွင့်ဆိုချက်ထုတ်ပြန်နိုင်ရန်ကြိုးစားလျှက်ရှိပါသည်။ဤကဲ့သို့ အဓိပ္ပါယ်ဖွင့်ဆိုနိုင်ရန် ကြိုးစာလျှက်ရှိသော်လည်း မြန်မာနိုင်ငံမှရွှေ့ပြောင်းနေထိုင်သူများသည်မိမိသဘောဆန္ဒအလျှောက်သို့မဟုတ်မိမိနေရင်းဒေသတွင်နေထိုင်ရန်လုံးဝမဖြစ်နိုင်သောကြောင့်မြန်မာနိုင်ငံမှထွက်ခွာလာရခြင်းစသည့်အချက်နှစ်ချက်ကိုခွဲခြားရန်ခက်ခဲခြင်းကြောင့်စီးပွားရေးကြောင့်ပြောင်းရွှေ့နေထိုင်သူများအတွက်အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုထုတ်ပြန်နိုင်ရန်အခက်အခဲ(မတိုးသာမဆုတ်သာအခြေအနေ)နှင့်ရင်ဆိုင်နေရပါသည်။အထက်တွင်ဆွေးနွေးတင်ပြခဲ့သည့်အတိုင်းပင်စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်ကြသူများသည်မိမိနေရပ်ဒေသတွင်ဆက်လက်နေထိုင်နိုင်သော်လည်းမိမိသဘောဆန္ဒအလျှောက်မြန်မာနိုင်ငံမှထွက်ခွာလာကြသူများဟုလူအများစုမှလက်ခံယူဆထားကြပါသည်။ဤယူဆချက်သည်အခြားသောတိုင်းပြည်များတွင်ဖြစ်ပေါ်နေသောအဖြစ်အပျက်များအတွက်မှန်ကန်မှုရှိနိုင်သော်လည်းကရင်လူ့အခွင့်အရေးအဖွဲ့၏မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်တွေ့ဆုံမေးမြန်းမှုပြုလုပ်ခြင်းမှတွေ့ရှိချက်များအရရှင်းလင်းစွာတွေ့မြင်နိုင်သည်မှာမြန်မာ ရွှေ့ပြောင်းအလုပ်သမားများသည် ပိုမိုကောင်းမွန်သောစီးပွားရေးအခွင့်အလမ်းရှာဖွေရန်အတွက်ကြောင့်သာမြန်မာနိုင်ငံမှထွက်ခွာလာရခြင်းမဟုတ်ပါ။မိမိတို့မိသားစုအသက်ရှင်ရပ်တည်နိုင်

ရန်မြန်မာနိုင်ငံမှထွက်ခွာခြင်းသည်တစ်ခုတည်းသောနည်းလမ်းဖြစ်သောကြောင့်မြန်မာနိုင်ငံမှထွက်ခွာလာရခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံမှရွှေ့ပြောင်းနေထိုင်သူများကိုမျိုးခွဲခြားထားသည့်အနက်စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်သူများအရေးနှင့်လုံးဝဆန့်ကျင်စွာပင်နိုင်ငံတကာမှအကာအကွယ်ပေးရေးဥပဒေများသည်ဒုက္ခသည်ဟုသတ်မှတ်ခြင်းခံရသူများအပေါ်များစွာအထောက်အကူဖြစ်စေပါသည်။ထိုကဲ့သို့ဒုက္ခသည်များဟုသတ်မှတ်ခြင်းခံရသူများအပေါ်အကာအကွယ်ပေးသောဥပဒေများသည်နိုင်ငံတကာမှအချိန်ကာလကြာမြင့်စွာကသဘောတူလက်ခံထားခဲ့သောနိုင်ငံရေးနှင့်လူမှုရေးဖိနှိပ်ညှင်းပန်းမှုများကြောင့်မိမိတိုင်းပြည်မှမဖြစ်မနေစွန့်ခွာရခဲ့သောသူများကိုအကူအညီပေးရမည်ဟူသောသဘောတူညီချက်ကြောင့်ပို၍အားကောင်းလျှက်ရှိပါသည်။ထို့သော်စစ်အာဏာရှင်၏ဖိနှိပ်အုပ်ချုပ်မှုအောက်တွင်နေထိုင်ကြရသောမြန်မာနိုင်ငံသားသန်း၅၀ကျော်ခန့်တွင်ယခုလက်ရှိဒုက္ခသည်များဟုတရားဝင်သတ်မှတ်ခြင်းခံရသောသူများသာမကစီးပွားရေးကြောင့်ရွှေ့ပြောင်းလာသူများဟုသတ်မှတ်ခြင်းခံရသောသန်းပေါင်းများစွာသောမြန်မာနိုင်ငံသားများသည်လည်းမိမိတို့အသက်ရှင်ရပ်တည်နိုင်ရန်မြန်မာနိုင်ငံမှစွန့်ခွာလာခဲ့သူများဖြစ်သောကြောင့်ဒုက္ခသည်များဟုပင်ခေါ်ဆိုသတ်မှတ်နိုင်ပါသည်။ကရင်ပြည်နယ်အတွင်းနှင့်ပြင်ပနိုင်ငံများတွင်ပြုလုပ်ခဲ့သောကရင်လူ့အခွင့်အရေးအဖွဲ့၏တွေ့ဆုံမေးမြန်းမှုများကိုကြည့်ခြင်းဖြင့်မြန်မာနိုင်ငံသားများစွာတို့သည် နိုင်ငံရေးနှင့်လူမှုရေးဖိနှိပ်ဖမ်းဆီးညှင်းပန်းမှုကြောင့် မြန်မာနိုင်ငံမှစွန့်ခွာလာကြရသည်မဟုတ်သော်လည်းနအဖစစ်အစိုးရ၏ကိုက်သွေးစုပ်အမြတ်ထုတ်အလွဲသုံးစားပြုလုပ်မှုပေါ်လစီများကြောင့်မြန်မာနိုင်ငံတွင်အသက်အန္တရာယ်နှင့်ရင်ဆိုင်ရနိုင်သောဆင်းရဲကျပ်တည်းမှုများကြုံတွေ့နေရပြီးမိမိနေရပ်ဒေသကိုစွန့်ခွာခဲ့ခြင်းဖြစ်ပါသည်။

ပြည်တွင်းရွှေ့ပြောင်းနေထိုင်ကြသူများ (IDP)အတွက်ယနေ့လက်ရှိနိုင်ငံတကာမှလက်ခံထားသောသဘောတူညီချက်စံနှုန်းများသည်စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်သူများအတွက်သတ်မှတ်ထားသောစံနှုန်းနှင့်ဒုက္ခသည်များအတွက်သတ်မှတ်ထားသောစံနှုန်းများအကြားတွင်ရှိနေပါသည်။ပြည်တွင်းရွှေ့ပြောင်းနေထိုင်ကြသူများနှင့်ပတ်သက်၍၁၉၉၈ခုနှစ်တွင် ထုတ်ပြန်ထားသောအခြေခံလမ်းညွှန်ချက်များတွင်ပါဝင်သော စံနှုန်းသတ်မှတ်ချက်များသည် စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်သူများအတွက်သတ်မှတ်ထားသောစံနှုန်းများထက်ပိုမိုကောင်းမွန်ပြီးမူဝါဒရေးဆွဲသူအများစုမှလည်းသဘောတူလက်ခံကြပါသည်။ သို့သော် ပြည်တွင်းရွှေ့ပြောင်းနေထိုင်ကြသူများအတွက် အများလက်ခံထားသောသဘောတူညီချက်များသည်လည်း နိုင်ငံတကာတရားဥပဒေများအဖြစ် စနစ်တကျရေးဆွဲသတ်မှတ်ထားခြင်းမရှိသေးသောကြောင့်ဒုက္ခသည်များအတွက်တရားဝင်သတ်မှတ်ထားသောအကာအကွယ်ပေးရေးဥပဒေများနှင့်နှိုင်းယှဉ်လျှင်အားပျော့လျှက်ရှိပါသည်။ပြည်တွင်းရွှေ့ပြောင်းနေထိုင်ကြသူများအတွက် အများလက်ခံထားသောအကာအကွယ်ပေးရေးသဘောတူညီချက်များသည်လည်းဒုက္ခသည်များအတွက်ထုတ်ပြန်ထားသောဥပဒေများနည်းတူပြည်တွင်းစစ်ကြောင့်သော်လည်းကောင်း၊အကြမ်းဖက်မှုများကြောင့်သော်လည်းကောင်း၊လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့်လည်းကောင်း၊သဘာဝဘေးန္တရာယ်သို့မဟုတ်လူသားများပြုလုပ်သည့်အန္တရာယ်များကြောင့်သော်လည်းကောင်း၊လက်ရှိအခြေအနေတွင်အသက်အန္တရာယ်နှင့်ရင်ဆိုင်နေရသူများအတွက်သာအကျုံးဝင်လျှက်ရှိပါသည်။မြန်မာပြည်တွင်း၌ပင်မိမိနေရပ်ဒေသကိုစွန့်ခွာပြီးနေရာရွှေ့ပြောင်းနေထိုင်သူအများအပြားသည်လည်း ပြည်ပသို့ထွက်ခွာပြီး ရွှေ့ပြောင်းနေထိုင်သူများနည်းတူမိမိအသက်ရှင်နေထိုင်နိုင်ရန်နေရာရွှေ့ပြောင်းနေထိုင်ကြသူများဖြစ်သောကြောင့်အထက်ပါပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအတွက်သတ်မှတ်ထားသောသဘောတူညီချက်များသည်လည်း၎င်းတို့အတွက်အထောက်အကူပြုနိုင်ခြင်းမရှိပါ။

အသက်န္တရာယ်နှင့်ရင်ဆိုင်ရဖွယ်ရှိသောဆင်းရဲကျပ်တည်းမှုကြောင့်မြန်မာနိုင်ငံမှစွန့်ခွာခဲ့ကြသောရွှေ့ပြောင်းနေထိုင်ကြသူများအတွက် အခြေခံကျသောအကာအကွယ်ပေးမည့် ဥပဒေများနှင့်သဘောတူညီချက်များမရှိခြင်းသည် နိုင်ငံတကာအနေဖြင့် မြန်မာနိုင်ငံကျေးလက်တောရွာများတွင် နေထိုင်ကြသောရွာသူရွာသားများ အမှန်တကယ်ရင်ဆိုင်နေရသော

အခြေအနေနှင့်လုံးဝမျက်ခြေပြတ်နေသည်ကိုဖော်ပြနေပါသည်။မြန်မာနိုင်ငံမှ ရွှေ့ပြောင်းနေထိုင်ကြသူများစွာတို့သည် ၄င်းတို့ကိုအကာအကွယ်ပေးမည့်သင့်လျော်သောဥပဒေနှင့်သဘောတူညီချက်တစ်ခုမျှမရှိပဲနေထိုင်နေရပြီးယခုလက်ရှိတွင်လည်းမြန်မာနိုင်ငံတွင်နေထိုင်သကဲ့သို့ပင်လုံခြုံစိတ်ချမှုမရှိသောအခြေအနေဖြင့်ဆက်လက်နေထိုင်ကြရပါသည်။ထို့ကြောင့် မူဝါဒရေးဆွဲသူများအနေဖြင့်မြန်မာနိုင်ငံတွင်းနှင့်ပြည်ပနိုင်ငံများသို့စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်ကြသူများအပေါ် ထားရှိသောလက်ရှိသဘောထားအမြင်များကိုမေးခွန်းထုတ်ရန်လိုအပ်လာပြီးစီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်ကြသူများနှင့် ဒုက္ခသည်သို့မဟုတ် ပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူများ (IDPs) ဟုသတ်မှတ်ခြင်းခံရသောသူများအကြား မည်ကဲ့သို့ကွာခြားသည်ကိုလေ့လာသုံးသပ်သင့်ပါသည်။

## နိုင်ငံတကာမှလုပ်ဆောင်သင့်သောအရာများ

မြန်မာနိုင်ငံတွင်းစစ်အစိုးရ၏စနစ်တကျဂုတ်သွေးစုပ်အမြတ်ထုတ်မှုနှင့်အခြားသောအလွဲသုံးစားမှုများသည်မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံမှစွန့်ခွာ၍ ရွှေ့ပြောင်းနေထိုင်ရခြင်း၏ အဓိကအကြောင်းအရင်းများဖြစ်ပြီး ၄င်းပြဿနာကိုဖြေရှင်းရန်လိုအပ်လျက်ရှိပါသည်။မည်သို့ပင်ဆိုစေစစ်အစိုးရ၏အလွဲသုံးစားပြုမှုများနှင့်ရွှေ့ပြောင်းနေထိုင်ကြသူများများပြားလာသည်နှင့်အမျှ နိုင်ငံရပ်ခြားတွင် လက်ရှိရွှေ့ပြောင်းအလုပ်လုပ်ကိုင်နေကြသူများ၏မလုံခြုံမှုများကိုအကူအညီပေးနိုင် (သို့မဟုတ်) အကူအညီပေးသင့်ပါသည်။

## အကာအကွယ်ပေးမှုကိုတိုးချဲ့ခြင်း

မြန်မာနယ်စပ်တွင်ဒုက္ခသည်များဟုတရားဝင်သတ်မှတ်ခြင်းခံရသူများကိုအကူအညီပေးလျက်ရှိသောနိုင်ငံတကာအေဂျင်စီများ၊ အစိုးရများနှင့် လူသားချင်းစာနာမှုအထောက်အကူပေးရေးအဖွဲ့အစည်းများအနေဖြင့် ဒုက္ခသည်စခန်းပြင်ပတွင်အလုပ်လုပ်ကိုင်နေကြသောမြန်မာနိုင်ငံသားများအတွက်လည်းတရားဝင်အကာအကွယ်ပေးနိုင်ရန်အသိအမှတ်ပြုသင့်ပါသည်။အထက်ဖော်ပြပါအဖွဲ့အစည်းများအားလုံးသည်ဒုက္ခသည်နှင့်စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်ကြသူများအကြားသတ်မှတ်ချက်များသည် ကျေနပ်လက်ခံနိုင်ဖွယ်ရာမရှိဟု အသိအမှတ်ပြုပါက ၄င်းတို့လက်ရှိအသုံးပြုနေသောအကာအကွယ်ပေးပိုင်ခွင့်အခွင့်အာဏာကိုတိုးချဲ့သင့်ပြီးတရားဝင်အသိအမှတ်ပြုခံရသောဒုက္ခသည်လူနည်းစုကိုသာ အကာအကွယ်ပေးသည်သာမကမြန်မာနိုင်ငံမှရွှေ့ပြောင်းလာသူများအားလုံးကိုပါအကာအကွယ်ပေးသင့်ပါသည်။ထိုကဲ့သို့ပြုလုပ်ပါကမြန်မာနိုင်ငံသားများသည်စစ်အစိုးရ၏အလွဲသုံးစားပြုလုပ်မှုဟူသည့်အဓိကအကြောင်းအရင်းကြောင့်မြန်မာနိုင်ငံမှထွက်ခွာလာရပြီးပြည်ပတွင်အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ရခြင်းဖြစ်ကြောင်းကိုအမှန်ပင်ထင်ဟပ်ပေါ်လွင်စေပါမည်။

အကာအကွယ်ပေးရန်လုပ်ငန်းများကိုလုပ်ဆောင်နေသောအေဂျင်စီများနှင့်အဖွဲ့အစည်းများသည်ရွှေ့ပြောင်းအလုပ်သမားများရင်ဆိုင်နေရသော လူ့အခွင့်အရေးချိုးဖေါက်ခံရခြင်းများကို နားလည်သဘောပေါက်ရန် ကြိုးပမ်းသင့်ပြီး ရွှေ့ပြောင်းအလုပ်သမားများအသုံးပြုလျက်ရှိသော၄င်းတို့ကိုယ်တိုင်စတင်လုပ်ဆောင်သောမိမိကိုယ်ကိုကာကွယ်ခြင်းနည်းဗျူဟာများကိုလည်းကူညီထောက်ပံ့ပေးသင့်ပါသည်။ထို့ပြင်မကရွှေ့ပြောင်းအလုပ်သမားများနေထိုင်အလုပ်လုပ်ကိုင်နေသောအိမ်ရှင်နိုင်ငံများနှင့်နိုင်ငံတကာအသိုင်းအဝန်းများသည်လည်း၄င်းရွှေ့ပြောင်းအလုပ်သမားများကိုအကူအညီပေးနေသောဒေသခံနှင့်နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများအတွက်ထောက်ပံ့ပေးနေသောငွေကြေးရံပုံငွေအထောက်အပံ့ပစ္စည်းများနှင့်နိုင်ငံရေးအရအထောက်အကူပေးခြင်းများကိုတိုးချဲ့ပေးသင့်ပါသည်။အခကြေးငွေဖြင့်အလုပ်လုပ်ကိုင်နေသောရွှေ့ပြောင်းအလုပ်သမားများအတွက် အကာအကွယ်ပေးမည့်တရားဥပဒေ၊လူသားချင်းစာနာမှုအကူအညီနှင့်အ

ခြားသောအကူအညီများကိုတိုးချဲ့ပေးနိုင်ရန်လုပ်ဆောင်ရာတွင်အိမ်ရှင်အစိုးရ၏ကန့်သတ်ချက်များသည်အဓိကအတား အဆီးဖြစ်နေသောကြောင့်ဒေသခံအာဏာပိုင်များနှင့်ညှိနှိုင်းပြီးတင်းကျပ်သောမူဝါဒများကိုပြင်ဆင်ရန်လိုအပ်ပါသည်။

## နိုင်ငံတကာတရားဥပဒေများကိုရေးဆွဲသတ်မှတ်ခြင်း

နိုင်ငံတကာအဆင့်အနေဖြင့်မူဝါဒရေးရာရေးဆွဲသူများသည်မြန်မာနိုင်ငံနှင့်အခြားနိုင်ငံခြားသားများမိမိတို့နိုင်ငံမှထွက်ခွာလာရသည့်အကြောင်းအရင်းမှန်ကိုထည့်သွင်းစဉ်းစားပြီးငင်းတို့ကိုအကာအကွယ်ပေးနိုင်မည့်ဥပဒေများနှင့်သဘောတူညီချက်များကိုရေးဆွဲပြဌာန်းသင့်ပါသည်။ဒုက္ခသည်စခန်းတွင်းသို့မဟုတ်အခြားတရားဝင်အသိအမှတ်ပြုအကာအကွယ်ပေးခြင်းခံရသောမြန်မာနိုင်ငံနှင့်အခြားနိုင်ငံများမှလုံခြုံမှုမရှိပဲနေထိုင်အလုပ်လုပ်ကိုင်နေသောရွှေ့ပြောင်းအလုပ်သမားများကိုအကာအကွယ်ပေးမည့်သီးခြားအားကောင်းသောဥပဒေများကိုရေးဆွဲနိုင်ရန်ကြိုးပမ်းသင့်ပါသည်။ထိုကဲ့သို့ကြိုးပမ်းရာတွင်လုပ်ကိုင်နိုင်သောနည်းလမ်းတစ်ခုမှာပြည်တွင်းနေရာရွှေ့ပြောင်းနေထိုင်ကြသူများအတွက်ချမှတ်ထားသောအခြေခံလမ်းညွှန်ချက်များနှင့်တူညီသောရွှေ့ပြောင်းအလုပ်သမားများအတွက်ဥပဒေများကိုရေးဆွဲပြဌာန်းနိုင်ပါသည်။ထိုကဲ့သို့ပြုလုပ်ခြင်းဖြင့်ရွှေ့ပြောင်းအလုပ်သမားများအတွက်သီးသန့်အသစ်ဖြစ်သောတရားဥပဒေများကိုရေးဆွဲပေးရန်မလိုပဲလက်ရှိအများလက်ခံပြီးနိုင်ငံတကာဥပဒေများအဖြစ်တည်ရှိသောလူ့အခွင့်အရေးနှင့်ဆက်စပ်နေသောဥပဒေများကိုလည်းအသုံးပြုနိုင်ပါသည်။

ရွှေ့ပြောင်းအလုပ်သမားများအတွက် အကျိုးရှိပြီး သင့်လျော်သောနိုင်ငံတကာဥပဒေများရေးဆွဲပြဌာန်းနိုင်ရန် မူဝါဒရေးဆွဲသူများအကြား မလွဲရှောင်သာသောအငြင်းပွားမှုများအချိန်ကြာမြင့်စွာဖြစ်ပေါ်နိုင်ပါသည်။ မည်သို့ပင်ဆိုစေ ယခုလက်ရှိအခြေအနေတွင်တရားဝင်ဒုက္ခသည်များဟုအသိအမှတ်ပြုခြင်းမခံရသောမိမိနေရပ်ဒေသကိုစွန့်ခွာ၍ပြည်ပတွင် ရွှေ့ပြောင်းနေထိုင်အလုပ်လုပ်ကိုင်လျှက်ရှိသော သန်းပေါင်းများစွာသော မြန်မာနိုင်ငံသားများ၏ လိုအပ်ချက်များနှင့်၎င်းတို့ကိုယ်တိုင်စတင်လုပ်ဆောင်လျှက်ရှိသောမိမိကိုယ်ကိုကာကွယ်ခြင်း နည်းဗျူဟာများကို အထောက်အကူပေးနိုင်ရန် ခိုင်မာသောခြေလှမ်းများကိုစတင်လုပ်ဆောင်သင့်ပြီး(သို့မဟုတ်)စတင်လုပ်ဆောင်နိုင်ပါသည်။

ဤအစီရင်ခံစာတွင်နိုင်ငံတကာအနေဖြင့်ရွှေ့ပြောင်းအလုပ်သမားများအရေးနှင့်ပတ်သက်၍မည်ကဲ့သို့လုပ်ဆောင်သင့်သည်ကို ဖော်ပြထားသည့်အပြင်မြန်မာနိုင်ငံမှ လူပေါင်းများစွာထွက်ခွာလာရသည် အကြောင်းအရင်းနှင့်ပတ်သက်၍ လေးလေးနက်နက်သဘောထားပြီးဆွေးနွေးရန်လှုံ့ဆော်တင်ပြထားပါသည်။ထို့ပြင်မကနိုင်ငံတကာမှဤရွှေ့ပြောင်းအလုပ်သမားများ အပေါ် အကာအကွယ်ပေးနိုင်ခြင်းတွင် ကန့်သတ်မှုရှိကြောင်းနှင့် ရွှေ့ပြောင်းအလုပ်သမားများအကာအကွယ်ပေး ရေးလိုအပ်ချက်များအတွက်ထိရောက်စွာစတင်ပြုလုပ်သင့်ကြောင်းကိုလည်းတင်ပြထားပါသည်။ကရင်လူ့အခွင့်အရေးအဖွဲ့မှ လွန်ခဲ့သောဂရနှစ်အတွင်းပြုလုပ်ထားသောအလားတူတွေ့ဆုံမေးမြန်းမှုထောင်ပေါင်းများစွာသည်လည်းယခုဤအစီရင်ခံ စာတွင်တွေ့ရှိဖော်ပြချက်များကိုပိုမို၍အားကောင်းစေပါသည်။ထို့အပြင်ဤအစီရင်ခံစာသည်ရွှေ့ပြောင်းအလုပ်သမားများ အကာအကွယ်ပေးရေးနှင့် အကူအညီပေးရေးအတွက် လုပ်ဆောင်နေသောအခြားအဖွဲ့အစည်းများနှင့် အေဂျင်စီများမှ ရှေ့ဆက်ပြုလုပ်မည့်လေ့လာရှာဖွေမှုများအတွက်စံပြအစီရင်ခံစာအဖြစ်တည်ရှိနေပါသည်။

# မှတ်ချက်

ဤအစီရင်ခံစာသည်အဓိကအားဖြင့်သတင်းအချက်အလက်များစုစည်းမှုနှစ်စုံကိုအခြေခံထားပါသည်။ပထမသတင်းအချက်အလက်များစုစည်းမှုတစ်စုံတွင်နအဖလုံး၀ နီးပါးထိန်းချုပ်ထားသောကရင်ပြည်နယ်ဒေသများ(သထုံ၊ဒူးပလာယာ၊ ညောင်လေးပင်နှင့်ဖားအံခရိုင်)တွင်ဩဂုတ်လ ၂၀၀၇ခုနှစ်နှင့်ဒီဇင်ဘာလ ၂၀၀၈ခုနှစ်အတွင်းဒေသခံရွာသူရွာသားများနှင့် ပြုလုပ်ထားသောတွေ့ဆုံမေးမြန်းမှု ၂၈ခုမှကောက်နှုတ်ချက်များပါ၀င်ပါသည်။၎င်းတွေ့ဆုံမေးမြန်းမှုများကိုစကောကရင် ဘာသာပိုးကရင်ဘာသာ နှင့်မြန်မာဘာသာများဖြင့်ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ဒုတိယသတင်းအချက်အလက်များတစ်စုံတွင် လက်ရှိထိုင်းနိုင်ငံတွင်နေထိုင်နေပြီးစီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်သူများဟုသတ်မှတ်ခြင်းခံရသောမြန်မာနိုင်ငံသား ၂၇ ဦး(ဗမာ၊ကရင်၊မွန်နှင့်ချင်းလူမျိုးများ)နှင့်ဇန်နဝါရီလနှင့်မတ်လ ၂၀၀၉ခုနှစ်အတွင်းပြုလုပ်ထားသောတွေ့ဆုံမေးမြန်းမှုများမှ ဖြေဆိုချက်များပါ၀င်ပါသည်။ဤ ရွှေ့ပြောင်းအလုပ်သမားများနှင့်ပြုလုပ်သောတွေ့ဆုံမေးမြန်းမှုများကိုလည်းစကောကရင်၊ ပိုးကရင်နှင့်မြန်မာဘာသာများဖြင့်ပြုလုပ်ခဲ့ပါသည်။

ဤအစီရင်ခံစာတွင်ပါ၀င်သောခွဲခြမ်းစိတ်ဖြာသုံးသပ်မှုများနှင့်နောက်ခံသမိုင်းကြောင်းများသည်ကရင်လူ့အခွင့်အရေးအဖွဲ့ စတင်တည်ထောင်ခဲ့သော၁၉၉၂ ခုနှစ်မှစ၍ကွင်းဆင်းလေ့လာသူများပြုလုပ်ခဲ့သောထောင်ပေါင်းများစွာသောတွေ့ဆုံ မေးမြန်းမှုများမှ ကောက်နှုတ်တင်ပြထားခြင်းဖြစ်ပါသည်။ ဤ အစီရင်ခံစာရေးသားရာတွင် အရေအတွက်များစွာသော လေ့လာသုတေသနပြုချက်များကိုအသုံးပြုပြီးအရည ်အချင်းရှိသောအစီရင်ခံစာဖြစ်စေသောနည်းစနစ်ကိုအသုံးပြုထားပါ သည်။ဤသို့တွေ့ဆုံမေးမြန်းမှုပေါင်းများစွာပြုလုပ်ခြင်းဖြင့်တွေ့ဆုံမေးမြန်းခြင်းခံရသူများကိုယ်တိုင်မိမိတို့ခံစားရသော အလွဲသုံးစားပြုလုပ်ခြင်းများကို ဖော်ထုတ်ပြောဆိုနိုင်ကြပါသည်။ ထို့အပြင် ၎င်းတို့ခံစားရသောအလွဲသုံးစားမှုများသည် ၎င်းတို့၏လူနေမှုဘ၀ကို မည်ကဲ့သို့ဆိုးကျိုးများသက်ရောက်စေကြောင်းနှင့် ထိုအလွဲသုံးစားမှုများကို ၎င်းတို့မည်ကဲ့သို့ တုန့်ပြန်သည်ကိုလည်းသိရှိနိုင်ပါသည်။ဤ အစီရင်ခံစာအတွက်အထောက်အကူပြုနိုင်မည့်အခြားသောသတင်းအချက်အ လက်များကိုသတင်း ဌာနများမှထုတ်ဝေသောသင့်လျော်သောဆောင်းပါးများအစိုးရအဖွဲ့များ၏အစီရင်ခံစာများနှင့်အစိုးရ မဟုတ်သောအေဂျင်စီများ၏အစီရင်ခံစာများမှကောက်နှုတ်တင်ပြထားပါသည်။

ဤအစီရင်ခံစာတွင်ပါ၀င်သောနေရာဒေသများကိုမြေပုံများဖြင့်ဖော်ပြထားပါသည်။ကရင်ပြည်နယ်တွင်တည်ရှိသောခရိုင် ဒေသများမြို့နယ်များ၊ရွာများနှင့်မြစ်ချောင်းများတွင်ကရင်အမည်နှင့်မြန်မာအမည်နှစ်မျိုးရှိပါသည်။ဤအစီရင်ခံစာအစမှ အဆုံးအမည်နာမများကိုရေးသားဖော်ပြရာတွင်တစ်ထပ်တည်းဖြစ်စေရန်ကြိုးစား၍တင်ပြထားပါသည်။ကရင်ခရိုင်ဒေ သများကိုမြန်မာအမည်ဖြင့်ရေးသားဖော်ပြထားသော်လည်းဤအစီရင်ခံစာပါကရင်ပြည်နယ်မြေပုံတွင်ဖော်ပြထားသည့် အတိုင်းနယ်နိမိတ်များကိုနအဖမှသတ် မှတ်ထားသည့်အတိုင်းမဖော်ပြပဲဒေသခံလူထုနှင့်ကရင်အမျိုးသားအစည်းအ ရုံး(KNU)မှသတ်မှတ်ထားသည့်အတိုင်းဖော် ပြထားပါသည်။နအဖစစ်အစို းရ၏သတ်မှတ်ချက်အရဤအစီရင်ခံစာတွင် ပါရှိသောမြန်မာနိုင်ငံမြေပုံကိုကြည့်ပါကတောင်ငူခရိုင်အနောက်ခြမ်းနှင့်ညောင်လေးပင်ခရိုင်တို့သည်ပဲခူးတိုင်းရှေ့ခြမ်းတွင် တည်ရှိပြီးသထုံခရိုင်အနောက်ခြမ်းနှင့်ဒူးပလာယာခရိုင်တို့သည်မွန်ပြည်နယ်၏အစိတ်အပိုင်းအဖြစ်တည်ရှိပါသည်။ထို့အပြင် တန်သာရီဒေသသည်ကရင်ပြည်နယ်နှင့်လုံး၀မသက်ဆိုင်ဘဲသီးခြားတိုင်းတစ်ခုအနေဖြင့်တည်ရှိပါသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် ရောင်ခြည်ဦးအလုပ်သမားအဖွဲ့၊ Duke တက္ကသိုလ် Hart Fellowship အစီအစဉ်နှင့် အခြားအမည်မသိအကူအညီပေးခဲ့သူများအားလုံးကိုကျေးဇူးဥပကာရတင်ရှိပါသည်။

## ဤအစီရင်ခံစာပါ အသုံးအနှုန်းနှင့် အတိုကောက်အဓိပ္ပါယ်ဖွင့်ဆိုချက်များ

| | |
|---|---|
| ဖဆပလ | ဖက်ဆစ်တိုက်ဖျက်ရေးနှင့်ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ |
| မဆလ | မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ |
| ဒီကေဘီအေ | တိုးတက်သောကရင်အမျိုးသားဗုဒ္ဓဘာသာအဖွဲ့ |
| အိုင်ဒီပီ(IDP) | ပြည်တွင်းနေရာရွှေ့ပြောင်းနေထိုင်ရသူများ |
| ကေအန်အယ်(လ်)အေ | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| ကေအန်ယူ | ကရင်အမျိုးသားအစည်းအရုံး |
| ခမရ | ခြေမြန်တပ်ရင်း |
| မမ | မြေမြန်တပ်မ |
| အမ်အေဒီဘီ | မြန်မာစိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ် |
| အန်အယ်(လ်)ဒီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| နအဖ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| နဝတ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကောင်စီ |
| ယူအန် | ကုလသမဂ္ဂအဖွဲ့ချုပ် |
| ယူနက်စကို | ကုလသမဂ္ဂပညာရေး၊သိပ္ပံပညာနှင့်ယဉ်ကျေးမှုအဖွဲ့ |
| ယူအန်အိပ်(ဂျ)စီအာ | ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး |
| ကျပ် | မြန်မာနိုင်ငံသုံးငွေကြေးယူနစ်၊တစ်ဒေါ်လာအစိုးရသတ်မှတ်ချက်အရ၆.၈ကျပ်၊ဈေးကွက်ပေါက်ဈေးတစ်ဒေါ်လာ၁၀၀၀ကျပ် |
| ပိဿာ | မြန်မာအလေးချိန်၊တစ်ပိဿာ၁.၆ကီလို ။၃.၆ပေါင်နှင့်ညီမျှသည်။ |


MANDALAY DIVISION
SHAN STATE
SHAN
TOUNGOO DISTRICT
Toungoo
Kler La
PEGU DIVISION
KARENNI STATE
Mae Hong Son
BURMA
Kyauk Kyi
NYAUNGLEBIN DISTRICT
PAPUN DISTRICT
Papun
THAILAND
Nyaunglebin
Shwegyin
N
Pegu
Kyaikto
THATON DISTRICT
Bilin
RANGOON
Mae La Refugee Camp
Thaton
Pa'an
PA'AN DISTRICT
Kyone Doh
Mae Sot
Bay of Bengal
Moulmein
Kawkareik
Myawaddy
Kya In Seik Gyi
Kyaikdon
Umphang
DOOPLAYA DISTRICT
Noh Poe Refugee Camp
Legend
Large Town/City
Refugee Camp
National Capital
State/Division Boundary
District Boundary
National Boundary
Ye
TENASSERIM DIVISION
Karen State
© Karen Human Rights Group (KHRG) 2008


TIBET
TIBET
INDIA
BANGLADESH
CHINA
KACHIN STATE
Myitkyina
SAGAING DIVISION
Haka
Sagaing
Mandalay
SHAN STATE
CHIN STATE
MANDALAY DIVISION
MAGWE DIVISION
Taunggyi
LAOS
Sittwe
Magwe
ARAKAN STATE
Loikaw
KARENNI STATE
PEGU DIVISION
KAREN STATE
Bay of Bengal
Pegu
RANGOON DIVISION
IRRAWADDY DIVISION
Rangoon
Pa'an
Moulmein
Bassein
MON STATE
N
THAILAND
Andaman Sea
Tavoy
TENASSERIM DIVISION
Gulf of Thailand
Legend
National Capital
State/Division Capital
Other Town (not all shown)
State/Division Boundary
National Boundary
Burma
© Karen Human Rights Group (KHRG) 2008
Scale 1:800,000

## ၂။ နောက်ခံသမိုင်းကြောင်း

## မြန်မာနိုင်ငံအတွင်း နိုင်ငံတော်အာဏာလေးစားရေးဝါဒ

၁၉၄၈ခုနှစ်မြန်မာနိုင်ငံအင်္ဂလိပ်ကိုလိုနီလက်အောက်မှလွတ်မြောက်ပြီးနောက်တွင်နိုင်ငံရေးအမြင်ရှိသောတိုင်းရင်းသားခေါင်းဆောင်အများစုသည်ဗမာလူမျိုးများသာကြီးစိုးသောဗဟိုအစိုးရအုပ်ချုပ်မှုအောက်တွင်မိမိတို့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများထူထောင်နိုင်ရန်ကြိုးပမ်းမှုများအတွက်ခြိမ်းခြောက်နှောက်ယှက်မှုများရှိလာနိုင်သည်ဟုစိုးရိမ်ပူပန်လာကြပါသည်။ ဤစိုးရိမ်မှုနှင့်ဆန့်ကျင်စွာပင်လွတ်လပ်ရေးရပြီးခါစဦးနု၏ဖဆပလအစိုးရသည်လွတ်လပ်ရေးကြိုးပမ်းမှုတွင်ပါဝင်ခဲ့သောဗမာလူမျိုးအများစု၏အတွေ့အ ကြုံဖြင့်နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကိုစတင်လုပ်ကိုင်ခဲ့ပါသည်၊ထိုကဲ့သို့ပြုလုပ်ခြင်းသည်မြန်မာနိုင်ငံဒေသအသီးသီးသို့ဗဟိုအစိုးရ၏အာဏာကိုချဲ့ထွင်နိုင်ရန်ရည်ရွယ်၍ပြုလုပ်ခြင်းဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးခါစမြန် မာနိုင်ငံအစိုးရ၏နိုင်ငံတော်တည် ဆောက်ရေးလုပ်ငန်းများကိုတိုင်းရင်းသားခေါင်းဆောင်အများစုမှကြိုက်နှစ်သက်ခြင်းမရှိခဲ့ပေ။

ဦးနုနှင့်ဖဆပလအစိုးရ၏ အုပ်ချုပ်မှုကို ဗမာလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူနည်းစုများမှ လက်ခံလိုခြင်းမရှိပါ။ ဖဆပလအစိုးရ၏ နိုင်ငံတော်တည်ဆောက်ရေးလမ်းစဉ်များကိုလည်း အစကတည်းမှစ၍ တိုင်းရင်းသားများမှလက်ခံလိုခြင်းမရှိပါ။ထို့ကြောင့်တိုင်းရင်းသားလူမျိုးစုအဖွဲ့အသီးသီးတို့သည်ဦးနုအစိုးရကိုလက်နက်စွဲကိုင်တော်လှန်ခဲ့ကြပါသည်။ ဦးနုအစိုးရသည်တိုင်းရင်းသားအဖွဲ့ အသီးသီး၏ဆန့်ကျင်တိုက်ခိုက်ခြင်းကိုခံခဲ့ရသည်မက မြန်မာနိုင်ငံတစ်ဝှမ်းရှိကွန်မြူနစ်အဖွဲ့များ၏ပုန်ကန်တော်လှန်ခြင်းကိုလည်းခံခဲ့ရသည်။ဦးနုအစိုးရသည်အဖွဲ့အသီးသီး၏ဝိုင်းရံတိုက်ခိုက်ခြင်းကိုခံခဲ့ရပြီးနယ်မြို့အများအပြားတွင်၎င်းတို့၏အာဏာလွှမ်းမိုးနိုင်ခြင်းမရှိတော့ဘဲရန်ကုန်အစိုးရဟုပင်ခေါ်ဝေါ်ခြင်းခံခဲ့ရပါသည်။၁၉၆၂ခုနှစ်တွင်ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်သောမြန်မာတပ်မတော်သည်ဦးနုအစိုးရကိုဖြုတ်ချခဲ့ပြီးယခုလက်ရှိမြန်မာနိုင်ငံကိုအုပ်ချုပ်နေသောစစ်အာဏာရှင်အုပ်ချုပ်မှုစနစ်ဖြင့်စတင်အုပ်ချုပ်ခဲ့ပါသည်။နေဝင်းသည်ဖဆပလအစိုးရထက်ပိုမိုဆိုးသွမ်းစွာပင်ဗမာလူမျိုးသာကြီးစိုးသည့်ဗဟိုအစိုးရမှအုပ်ချုပ်သည့်စနစ်ကိုတည်ထောင်ရန်ပြုလုပ်ခဲ့ပါသည်၊နေဝင်းသည်၎င်း၏နိုင်ငံရေးလမ်းစဉ်ကိုလည်းမြန်မာ့နည်းမြန်မာဟန်ဆိုရှယ်လစ်လမ်းစဉ်ဟုအမည်ပေးခဲ့ပါသည်၊တစ်ပါတီစနစ်အုပ်ချုပ်မှုအောက်တွင်စစ်တပ်မှထိန်းချုပ်ထားသောမြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(မဆလ)သည်နိုင်ငံတော်အစိုးရ၏ကဏ္ဍအသီးသီးဖြစ်သောအုပ်ချုပ်ရေး၊တရားဥပဒေပြုရေးနှင့်တရားစီရင်ရေးစသည့်ကဏ္ဍအားလုံးကိုချုပ်ကိုင်ခဲ့ပြီးအစိုးရဌာနအသီး သီး၏နေ့စဉ်လုပ်ဆောင်ရမည့်အုပ်ချုပ်ရေးလုပ်ငန်းများကိုပါချုပ်ကိုင်ခဲ့ပါသည်။

ကြီးမားကျယ်ပြန့်လာသောစစ်အစိုးရကိုအထောက်အကူပြုနိုင်ရန်မဆလသည်မြန်မာနိုင်ငံတစ်ဝှမ်းတွင်ပြည်သူလူထုအပေါ်ဂုတ်သွေးစုပ်အမြတ်ထုတ်အုပ်ချုပ်မှုစနစ်ကိုကျင့်သုံးခဲ့ပြီးအချုပ်အခြာအာဏာကိုစစ်တပ်မှသာချုပ်ကိုင်ထားခဲ့ပါသည်။ စိုက်ပျိုးရေးနှင့်ကုန်ထုတ်လုပ်ငန်းများအားလုံးကိုပြည်သူပိုင်ပြုလုပ်ခဲ့ပြီးကုန်သန်းရောင်းဝယ်ရေးလုပ်ငန်းများကိုလည်းတစ်ဦးတည်းပိုင်အဖြစ်ချုပ်ကိုင်ခဲ့ခြင်းကြောင့်စစ်အစိုးရသည်တိုင်းပြည်သယံဇာတအကျိုးအမြတ်အားလုံးကိုပြည့်ဝစွာခံ

စားခဲ့ရပါသည်။မဆလသည်တိုင်းသူပြည်သားများအပေါ်ဂုတ်သွေးစုပ်အမြတ်ထုတ်ပြီးကုန်သွယ်ရောင်းဝယ်ခွင့်နှင့်သွားလာခွင့်နှင့်လွတ်လပ်စွာဆက်သွယ်ခွင့်တို့ကိုတင်းကျပ်စွာပိတ်ပင်ကန့်သတ်ထားခဲ့ပါသည်။နောက်ဆုံးတွင်နေဝင်း၏မြန်မာ့နည်းမြန်မာဟန်ဆိုရှယ်လစ်လမ်းစဉ်သည်နိုင်ငံရေးအရသော်လည်းကောင်းစီးပွားရေးအရသော်လည်းကောင်းလုံးဝအောင်မြင်မှုမရရှိဘဲမြန်မာနိုင်ငံ၏စီးပွားရေးကိုကျဆင်းစေခဲ့ပါသည်။၁၉၈၈ခုနှစ်မြန်မာတစ်ပြည်လုံးလူထုဆန့်ကျင်အုံကြွမှုကြီးဖြစ်ပေါ်ခဲ့ရခြင်းသည်မြန်မာပြည်သူလူထုမှစစ်အစိုးရ၏လုပ်ရပ်ကြောင့်စီးပွားရေးကျဆင်းခြင်းနှင့်ဖိနှိပ်အုပ်ချုပ်မှုအပေါ်မကျေနပ်သောကြောင့်ဖြစ်ပါသည်။စစ်အစိုးရသည်ဤလူထုဆန့်ကျင်အုံကြွမှုကိုရက်စက်ကြမ်းကြုတ ်စွာဖြိုခွင်းခဲ့ပါသည်။

လူထုဆန့်ကျင်အုံကြွမှုကိုတုန့်ပြန်သည့်အနေဖြင့်စစ်အစိုးရသည်၎င်းတို့၏အာဏာဆက်လက်တည်တံ့ရန်နှင့်အစိုးရရုံးဌာနများအပေါ် ဆက်လက်ချုပ်ကိုင်နိုင်ရန် ၁၉၈၈ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(နဝတ)ကိုဖွဲ့စည်းခဲ့ပါသည်။

နဝတမှနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်လုံခြုံမှုရှိရေးဆောင်ရွက်လျှက်ရှိသည်ဟုအကြောင်းပြပြီးစစ်အုပ်ချုပ်ရေးဆက်လက်တည်တံ့ရန်နှင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးကို စစ်တပ်မှ လုံးဝထိန်းချုပ်နိုင်ရန် တိုးချဲ့ဆောင်ရွက်လျှက်ရှိပါသည်။ နဝတသည်သော်လည်းကောင်းနအဖ(၁၉၉၉ခုနှစ်တွင်ပြောင်းလဲခေါ်ဝေါ်ခဲ့သည်)သည်သော်လည်းကောင်းစစ်အစိုးရ၏အုပ်ချုပ်မှုကိုတိုင်းသူပြည်သားများမှထောက်ခံလျှက်ရှိကြောင်းနှင့်မိမိတို့၏အုပ်ချုပ်မှုအောက်တွင်တိုင်းပြည်သည်လုံးဝငြိမ်းချမ်း၍စည်းလုံးညီညွတ်ခြင်းရှိကြောင်းပြည်တွင်းနှင့်နိုင်ငံတကာကိုပါပြသနိုင်ရန်ကြိုးပမ်းခဲ့ကြပါသည်။စစ်အစိုးရအုပ်ချုပ်မှုအတွက်အကျိုးမရှိစေသောအရာများနှင့်စစ်အစိုးရအုပ်ချုပ်မှုကိုပြိုကွဲစေနိုင်သောအင်အားတစ်စုံတရာဖော်ပြပါကစစ်အစိုးရသည် ထိုအင်အားစုကို နိုင်ငံတော်တည်ငြိမ်မှုအားခြိမ်း ခြောက်နှောက်ယှက်သူများဟုယူဆထားပါသည်။ထို့ကြောင့်တိုင်းရင်းသားအဖွဲ့အသီးသီး၏ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးတောင်းဆိုချက်များကိုစစ်အစိုးရမှစစ်နည်းစစ်ဟန်ဖြင့်သာတုံ့ပြန်တိုက်ခိုက်ခဲ့ပါသည်။

## ဖြတ်လေးဖြတ်မူဝါဒနှင့်စစ်သားများမိမိတာဝန်ကျရာနေရာဒေသတွင်မိမိတို့စားဝတ်နေရေးလိုအပ်ချက်များကိုကိုယ်တိုင်ဖြေရှင်းရခြင်း

၁၉၆၀ခုနှစ်နှောင်းပိုင်းမှစ၍မြန်မာစစ်တပ်သည်ပုန်ကန်သူများအားတန်ပြန်တိုက်စစ်အနေဖြင့်ဖြတ်လေးဖြတ်မူဝါဒကိုကျင့်သုံးခဲ့ပါသည်။ထိုဖြတ်လေးဖြတ်မှာရိက္ခာမရရှိနိုင်ရန်ဖြတ်တောက်ခြင်း၊ရံပုံငွေမရရှိရန်ဖြတ်တောက်ခြင်း၊ထောက်လှမ်းရေးလုပ်ငန်းမလုပ်နိုင်ရန်ဖြတ်တောက်ခြင်းနှင့်စစ်သားသစ်များကောက်ယူစုဆောင်းခြင်းမပြုနိုင်ရန်ဖြတ်တောက်ခြင်းတို့ဖြစ်ပါသည်။

ဤဖြတ်လေးဖြတ်နည်းဗျူဟာကိုအသုံးပြုခြင်းဖြင့်စစ်အစိုးရတပ်ဖွဲ့များသည်ယခင်ကနအဖထိန်းချုပ်မှုမရှိသောနေရာဒေသများတွင် မိမိတို့ထိန်းချုပ်မှုရှိနိုင်ရန် တိုးချဲ့လုပ်ဆောင်နိုင်ခဲ့ပါသည်။ ဆယ်ရာစုနှစ်ပေါင်းများစွာဖြစ်ပွားခဲ့သောပြည်တွင်းစစ်ပဋိပက္ခများအတွင်း တိုင်းပြည်တစ်ဝှမ်းရှိလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ အင်အားများလျော့နည်းလာခဲ့ခြင်းကြောင့်နအဖထိန်းချုပ်နိုင်သောနေရာဒေသများဆိုမိုများပြားလာပါသည်။

ဗဟိုမှလုံးဝချုပ်ကိုင်လိုခြင်းနှင့်ဒေသခံများမှမိမိတို့ဒေသကိုမိမိတို့ကိုယ်တိုင်ထိန်းချုပ်လိုခြင်းတို့ကြားတင်းမာမှုဆက်လက်ဖြစ်ပွားသည့်နည်းတူဆယ်စုနှစ်များစွာဖြစ်ပွားခဲ့သောလက်နက်ကိုင်ပဋိပက္ခသည်လည်းယနေ့ထိဆက်လက်ဖြစ်ပွားလျှက်ရှိပါသည်။၁၉၈၈နောက်ပိုင်းတွင်အုပ်ချုပ်ခဲ့သောစစ်အစိုးရသည်နေဝင်း၏အောင်မြင်မှုမရှိသောဆိုရှယ်လစ်ဝါဒလမ်းစဉ်များကိုအသုံးပြုခြင်းမရှိတော့ပါဟုပြောဆိုလျှက်ရှိသော်လည်းစစ်အစိုးရသည်ဗဟိုမှထိန်းချုပ်သောစီးပွားရေးစနစ်ကိုဆက်လက်အသုံးပြုလျှက်ရှိပြီးသီးခြားလွတ်လပ်သောအဖွဲ့အစည်းများအပေါ်တွင်လည်းတင်းကျပ်သောကန့်သတ်မှုများကိုဆက်လက်ထားရှိပါသည်။

နအဖထိန်းချုပ်နိုင်မှုနည်းသောပဋိပက္ခဖြစ်ပွားနေသောနေရာဒေသများမှအခြေအနေများကိုလေ့လာကြည့်ရှုခြင်းထက်ဤအစီရင်ခံစာသည်နအဖထိန်းချုပ်မှုရှိပြီးနအဖမှဂုတ်သွေးစုပ်အမြတ်ထုတ်အနိုင်ကျင့်သောပေါ်လစီများကျင့်သုံးလျှက်ရှိသောမြန်မာနိုင်ငံကျေးလက်ဒေသများမှအခြေအနေအဖြစ်အပျက်များကိုအဓိကထားလေ့လာတင်ပြခြင်းဖြစ်ပါသည်။နအဖ၏ဂုတ်သွေးစုပ်အမြတ်ထုတ်အနိုင်ကျင့်မှုများသည်ရွာသူရွာသားများအတွက်အသက်အန္တရယ်ကိုထိခိုက်နိုင်သောဆင်းရဲကျပ်တည်းမှုအခြေအနေကိုဖြစ်ပေါ်စေပါသည်။ထို့ကြောင့်နအဖစစ်အစိုးရသည်မြန်မာနိုင်ငံတစ်ဝှမ်းရှိကျေးလက်ဒေသအများအပြားတွင်နေထိုင်သောပြည်သူလူထုအပေါ်မည်သည့်အတွက်ကြောင့်အမြတ်ထုတ်အနိုင်ကျင့်ပြီးဒေသတွင်းထွက်ရှိသောသဘာဝအရင်းအမြစ်များကိုလည်းမည်သည့် အတွက်ကြောင့်ထုတ်ယူသုံးစွဲရသည်ကိုအတိုချုပ်ရှင်းပြပါကစာဖတ်သူများဤအစီရင်ခံစာပါအကြောင်းအရာများကိုပိုမိုနားလည်သဘောပေါက်နိုင်ပါမည်။

၁၉၈၈မှ၂၀၀၀နှစ်လယ်အထိစစ်အစိုးရသည်၎င်းတို့၏စစ်တပ်များတွင်စစ်သားဦးရေကို၈၀,၀၀၀မှ၄၀၀,၀၀၀အထိတိုးချဲ့ခဲ့ပါသည်။[၁၉] ထိုကဲ့သို့တိုးချဲ့ခဲ့ခြင်းကြောင့် ကြီးမားလာသောစစ်တပ်ကို ထောက်ပံ့ရန်လိုအပ်ချက်များသည်လည်းများပြားလာခဲ့ပါသည်။အမှန်အားဖြင့်စစ်တပ်အသုံးစရိတ်များအားလုံးသည်တိုင်းပြည်၏စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအပေါ်တိုက်ရိုက်မှီခိုနေရပါသည်။

စစ်အုပ်ချုပ်မှုစနစ်ကိုတွန်းလှန်ဆန့်ကျင်မှုများပြားလာသောအခါစစ်အစိုးရသည်၎င်းတို့၏အဓိကအင်အားဖြစ်သောတပ်မတော်သားများနှင့်မိသားစုဝင်များကိုပိုမိုထောက်ပံ့ရန်လိုအပ်ကြောင်းသတိပြုမိပါသည်။ထို့ကြောင့်စစ်အစိုးရသည်အောက်ခြေအဆင့်စစ်သားများနှင့်၎င်းတို့မိသားစုဝင်များအတွက်အခြေခံလိုအပ်ချက်များရရှိရန်ပြုလုပ်လာပြီးအဆင့်မြင့်အရာရှိတပ်မတော်သားများအတွက်ပိုမိုကောင်းမွန်သောထောက်ပံ့ပေးမှုများကိုလုပ်ဆောင်ပေးလာပါသည်။ [၂၀]

စစ်အစိုးရအဖွဲ့အတွင်းအဆင့်မြင့်အရာရှိဗိုလ်မှူး၊ဗိုလ်ချုပ်များသာစည်းစိမ်ဥစ္စာနှင့်ရပိုင်ခွင့်များကိုလက်ဝါးကြီးအုပ်ချုပ်ထားပါသည်။တစ်ချိန်တည်းတွင်စစ်တပ်အင်အားကိုတိုးချဲ့ပြီးဒေသခံစစ်တပ်များအတွက်ကုန်ကျစားရိတ်များကိုအထက်မှချမှတ်ပေးသောငွေကြေးအထောက်အပံ့များသည်လက်အောက်ငယ်သားများအတွက်လုံလောက်မှုမရှိသောကြောင့်စစ်တပ်

[၁၉] M.Callahan \ Political Authority in Burma’s Ethnic Minority States: Devolution, Occupation on Coexistence, East-West Center, 2007, P.36မှကောက်နုတ်ထားပါသည်။

[၂၀] ပိုမိုသိလိုပါက အောက်ပါစာအုပ်တွင်ဖတ်ရှုနိုင်ပါသည်။ M. Callahan, “Of Kyay-zu and kyet-su: the military in 2006, “ in Monique Skidmore and Trevor Wilson (eds.), Myanmar – The State, Community and the Enviroment, Asia Pacific Press, 2007. P.47.

အတွင်းအထက်နှင့်အောက်ရပိုင်ခွင့်များမမျှမတဖြစ်လျှက်ရှိပါသည်။လက်ရှိအခြေအနေတွင်စစ်အစိုးရသည်လစဉ်အမေရိကန်ဒေါ်လာသန်း၁၀၀ခန့်ကိုနိုင်ငံခြားသို့သဘာဝဓာတ်ငွေ့တင်ပို့ရောင်းချခြင်းမှရရှိနေသော်လည်းဤရရှိသောဘဏ္ဍာငွေများကိုတိုင်းပြည်အတွက်အသုံးမပြုဘဲလျှို့ဝှက်၍လူမသိနိုင်သောနေရာများ တွင်သိမ်းဆည်းထားသည်ဟုယူဆ ရပါသည်။[၂၁]ထို့ကြောင့်မြန်မာတပ်မတော်သည်၄င်းတို့၏အရာရှိကြီးများအဆင့်မြင့်မြင့်ဖြင့်နေထိုင်နိုင်ရန်အရေးအတွက်များပြားလာသောလက်အောက်ခံတပ်ရင်းတပ်ဖွဲ့များမှအရာရှိငယ်နှင့်အကြပ်တပ်သားများကိုထောက်ပံ့နိုင်ရန်အတွက်ကရင်ပြည်နယ်နှင့်အခြားဒေသများရှိအထူးသဖြင့်ကျေးလက်ဒေသတွင်နေထိုင်ကြသောပြည်သူလူထုများအပေါ်အမြဲပုံမှန်အမြတ်ထုတ်အလွဲသုံးစားပြုလုပ်လျှက်ရှိပါသည်။

တိုင်းပြည်၏စိုက်ပျိုးရေး၊ကုန်ထုတ်လုပ်ငန်းနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကိုစစ်တပ်မှချုပ်ကိုင်ထားခြင်းဖြင့်စစ်အုပ်ချုပ်ရေးစနစ်အတွက်များစွာအထောက်အကူဖြစ်စေပါသည်။သို့သော်ကရင်ပြည်နယ်ဒေသများတွင်တာဝန်ကျလျှက်ရှိသောဒေသခံတပ်ရင်းများသည်ဒေသခံပြည်သူများအပေါ်အမြတ်ထုတ်အလွဲသုံးစားပြုလုပ်ခြင်းဖြင့်ရှင်သန်လှုပ်ရှားနေရပါသည်။ဤကဲ့သို့ဒေသခံပြည်သူများအပေါ်မှီခိုအမြတ်ထုတ်၍လှုပ်ရှားရခြင်းသည်၁၉၉၉ခုနှစ်ရုံးချုပ်မှတိုင်းစစ်ဌါနချုပ်၁၂တိုင်းရှိတိုင်းမှူးများထံညွှန်ကြားခဲ့သောအမိန့်ကြေငြာစာကိုကြည့်ခြင်းဖြင့်အတိအလင်းတွေ့မြင်နိုင်ပါသည်။ထိုအမိန့်ကြေငြာစာတွင်စစ်တပ်ရင်းများသည်၄င်းတို့လိုအပ်ချက်များကိုမိမိတို့တာဝန်ကျရာဒေသများတွင်မိမိနည်းမိမိဟန်ဖြင့်ရယူရန်ဖြစ်ပြီး၊ဗဟိုမှထောက်ပံ့ခြင်းအပေါ်မမှီခိုရန်စသည့်ညွှန်ကြားချက်များပါဝင်ပါသည်။ [၂၂]ဤမူဝါဒဖြစ်သော "စစ်သားများသည် မိမိတို့တာဝန်ကျရာဒေသများတွင် မိမိတို့စားဝတ်နေရေးလိုအပ်ချက်များကို ကိုယ်တိုင်ဖြေရှင်းရခြင်း "သည်စစ်အုပ်ချုပ်ရေးအတွက်ငွေကြေးနှင့်အခြားလိုအပ်ချက်များကိုထောက်ပံ့ပေးရသောမြန်မာနိုင်ငံကျေးလက်ဒေသများရှိပြည်သူများအတွက်အလွန်လေးလံသောဝန်ထုပ်ဝန်ပိုးဖြစ်စေပါသည်။စစ်တပ်များမှဤဒေသခံပြည်သူများအပေါ်အမြဲပုံမှန်အမြတ်ထုတ်အနိုင်ကျင့်သောတောင်းဆိုချက်မှုများကိုပြုလုပ်လျှက်ရှိပါသည်။ဤအကျိုးအပြစ်များကြောင့်ဤအစီရင်ခံစာတွင် ဆက်လက်ဖော်ပြမည့်အတိုင်းပင် မြန်မာနိုင်ငံကျေးလက်ဒေသများရှိ လူအများအပြားတို့သည် (ကျေးလက်ဒေသလူဦးရေသည် တိုင်းပြည်လူဦးရေ၏ ၇၀ခန့်ရှိပါသည်)မိမိနေအိမ်များကိုစွန့်ခွာခဲ့ရပြီး အခြားနေရာဒေသများတွင်အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ကြပါသည်။

[၂၁] ပိုမိုသိလိုပါက အောက်ပါအင်တာနက်ဆောင်းပါးတွင် ဖတ်ရှုနိုင်ပါသည်။ S.Turnell "A Shattered Rice Bowl," The Irrawaddy, May 19th 2008. Accessed at http://www.irrawaddy.org/article.php?art_id=12110 on April 30th 2009.

[၂၂] ပိုမိုသိလိုပါက အောက်ပါစာအုပ်များတွင် ဖတ်ရှုနိုင်ပါသည်။ A;Selth, *Burma's Armed Forces: Power without Glory*, Eastbridge, 2002.p / 136 and M. Callahan, *Political Authority in Burma's Ethnic Minority States: Devolution, Occupation and Coexistence*, East-West Center, 2007, p.46.

## ၃။သတင်းအချက်အလက်စုစည်းမှု၁။ကရင်ပြည်နယ်နအဖထိန်းချုပ်နယ်မြေဒေသရှိအလွဲသုံးစား ပြုလုပ်ခံရမှု များ

ဤအခန်းတွင်ကရင်လူ့အခွင့်အရေးအဖွဲ့မှကရင်ပြည်နယ်နအဖထိန်းချုပ်နယ်မြေဒေသတွင်းရှိပြည်သူများနှင့်ဩဂုတ်လ ၂၀၀၇ခုနှစ်မှဒီဇင်ဘာလ ၂၀၀၈ခုနှစ်အတွင်းပြုလုပ်ခဲ့သောတွေ့ဆုံမေးမြန်းမှုပေါင်း ၂၈ခုမှတွေ့ရှိချက်များကိုရေးသား တင်ပြထားပါသည်။

ဤတွေ့ဆုံမေးမြန်းမှုများမှတွေ့ရှိချက်များကိုအသေးစိတ်မလေ့လာမီစာဖတ်သူများအနေဖြင့်မြန်မာနိုင်ငံအရှေ့ခြမ်းတွင် ဖြစ်ပွားလျှက်ရှိသောပဋိပက္ခများ၏သဘောသဘာဝများကိုဦးစွာနားလည်သဘောပေါက်ရန်လိုအပ်ပါသည်။ကရင်ပြည်နယ် တွင်ဖြစ်ပေါ်နေသောလက်နက်ကိုင်တော်လှန်မှုကြီးသည်အင်အားညီမျှသောအဖွဲ့နှစ်ဖွဲ့အကြားဖြစ်ပွားနေသောစစ်ပွဲတစ်ခု မဟုတ်ပေ။နအဖစစ်အစိုးရကိုတော်လှန်ပုန်ကန်နေသောကေအန်အယ်(လ်)အေတပ်ဖွဲ့ [၂၇]သည်စစ်သည်အင်အားထောင်ဂ ဏန်းအနည်းငယ်ခန့်သာရှိပြီးနအဖစစ်သည်အင်အားနှင့်လုံးဝနှိုင်းယှဉ်၍မရပေ။ကေအန်အယ်(လ်)အေတပ်ဖွဲ့များတွင် လက်နက်အင်အားနှင့် အခြားအထောက်အပံ့ပစ္စည်းများလည်း နအဖစစ်တပ်နှင့်နှိုင်းယှဉ်၍မရနိုင်ပါ။ ကမ္ဘာပေါ်ရှိ အခြားဒေသများတွင်ဖြစ်ပေါ်နေသောလက်နက်ကိုင်ပဋိပက္ခများနှင့်မတူညီသောအချက်မှာနအဖစစ်တပ်များသည်သာမန် ပြည်သူလူထုရွာသားများအပေါ်အဓိကပစ်မှတ်ထားပါသည်။တောတောင်ထူထပ်၍တောင်ပေါ်ဒေသများ(ဥပမာအားဖြင့် ကရင်ပြည်နယ်မြောက်ပိုင်းကဲ့သို့ဒေသများ)သည်နအဖစစ်တပ်အတွက်ထိန်းချုပ်ရန်ခက်ခဲသောကြောင့်၎င်းဒေသများ တွင်နေထိုင်ကြသောရွာသူရွာသားများကိုစစ်အခြေစိုက်စခန်းနှင့်နီးသောနေရာများသို့ပြောင်းရွှေ့နေထိုင်စေပါသည်။ သို့မဟုတ်နအဖစစ်တပ်များထိန်းချုပ်ထားနိုင်သောကျေးရွာများသို့ပြောင်းရွှေ့နေထိုင်စေပါသည်။ထိုကဲ့သို့ပြောင်းရွှေ့နေ ထိုင်စေခြင်းဖြင့် ၎င်းရွာသူရွာသားများကို နအဖစစ်အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် လုံးဝရှိနေစေပါသည်။ နအဖ၏ အတင်းအကျပ်နေရာပြောင်းရွှေ့နေထိုင်စေခြင်းဖြင့်လူအများအပြားအပေါ်စနစ်တကျအမြဲတမ်းအမြတ်ထုတ်အလွဲသုံး စားပြုလုပ်နိုင်ပြီးနအဖစစ်တပ်များသာမကအစိုးရရုံးအရာရှိများသည်လည်း၎င်းရွာသူရွာသားများအပေါ်စားနပ်ရိက္ခာ၊ ငွေကြေး၊လုပ်အားနှင့်အခြားသောအထောက်အပံ့ပစ္စည်းများကိုအတင်းအဓမ္မတောင်းခံရယူကြပါသည်။

နအဖ၏အလွဲသုံးစားပြုလုပ်သူများများပြားလာခြင်းနှင့်ကန့်သတ်ချုပ်ခြယ်မှုများများပြားလာခြင်းတို့ကြောင့်နအဖထိန်းချုပ် နယ်မြေအောက်တွင်နေထိုင်ကြသောရွာသူရွာသားများသည်ပြန်လည်နေရာချထားပေးသောနေရာများတွင်မနေထိုင် လိုကြဘဲ တောတောင်များသို့ထွက်ပြေးတိမ်းရှောင်ကြပါသည်။ထိုကဲ့သို့နအဖထိန်းချုပ်မှုမရှိသော နယ်မြေဒေသများ သို့ထွက်ပြေးပုန်းအောင်းသူများကိုနိုင်ငံတော်ကိုပုန်ကန်နှောက်ယှက်သူများဟုစစ်တပ်မှသတ်မှတ်၍၎င်းတို့ကိုပစ်မှတ် ထားတိုက်ခိုက်ပါသည်။နအဖစစ်အစိုးရ၏တောနင်းရှာဖွေတိုက်ခိုက်မှုတွင်တောတွင်းသို့ထွက်ပြေးပုန်းအောင်းနေထိုင် သူများကိုပစ်မှတ်ထားပြီး၎င်းတို့၏စားနပ်ရိက္ခာများကိုဖျက်ဆီးမီးရှို့ခြင်း၊စိုက်ခင်းများ၊ပုန်းအောင်းရာနေရာများရှိတဲအိမ်များ ကိုမီးရှို့ခြင်းနှင့်တွေ့ရာနေရာတွင်အစစ်အဆေးမရှိပစ်ခတ်သတ်ဖြတ်ခြင်းစသည်တို့ကိုပြုလုပ်လျှက်ရှိပါသည်။


[၂၇] ကေအန်ယူအဖွဲ့၏ လက်နက်ကိုင်တပ်ဖွဲ့။

မည်သို့ပင်ဆိုစေယခုဤအစီရင်ခံစာတွင်နအဖထိန်းချုပ်မှုမရှိသောထိုဒေသများမှအကြောင်းအရာများကိုတင်ပြထားခြင်းမဟုတ်ပါ။ဤအစီရင်ခံစာသည်နအဖထိန်းချုပ်မှုအောက်တွင်ရှိသောနယ်မြေဒေသများရှိလူထုများခံနေရသောအလွဲသုံးစားပြုလုပ်ခံရခြင်းများကို အဓိကထားတင်ပြထားပါသည်။ နအဖထိန်းချုပ်မှု အားကောင်းသောကရင်ပြည်နယ်သထုံ၊ဖားအံ၊ဒူးပလာယာနှင့်ညောင်လေးပင်ခရိုင်များမှပြည်သူများခံစားနေရသောအလွဲသုံးစားပြုခံရခြင်းများကိုအဓိကထားရေးသားတင်ပြထားပါသည်။

တွေ့ဆုံမေးမြန်းမှုများမှတွေ့ရှိချက်များအရ ကရင်ပြည်နယ်နအဖထိန်းချုပ်နယ်မြေ ကျေးလက်ဒေသများတွင်နအဖစစ်တပ်များမှကျူးလွန်သောအလွဲသုံးစားပြုမှုအများစုသည်ဂုတ်သွေးစုပ်အမြတ်ထုတ်အနိုင်ကျင့်သောသဘောသဘာဝရှိ၍ နအဖစစ်တပ်မှအလွဲသုံးစားပြုမှုများကိုထပ်ကာထပ်ကာကျူးလွန်လျှက်ရှိပါသည်။နအဖစစ်တပ်မှကျူးလွန်လျှက်ရှိသောအလွဲသုံးစားပြုလုပ်မှုများသည်အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်း၊ပစ္စည်းဥစ္စာများကိုအတင်းအဓမ္မအကြမ်းဖက်လုယူခြင်းနှင့်ခရီးသွားလာခွင့်များကိုကန့်သတ်ပိတ်ပင်တားမြစ်ခြင်းစသည်တို့ဖြစ်ပါသည်၊အချို့တွေ့ဆုံမေးမြန်ခြင်းခံရသူအနည်းစု၏ဖြေဆိုချက်များအရ နအဖစစ်တပ်များ၏အလွဲသုံးစား ပြုလုပ်မှုများတွင် ရွာသူရွာသားများကို ဖမ်းဆီးနှိပ်စက်ခြင်းနှင့်လက်နက်အင်အားဖြင့်သာမန်ရွာသူရွာသားများကိုတိုက်ခိုက်ပစ်ခတ်ခြင်းစသည်တို့လည်းပါဝင်ပါသည်။ဥပမာအားဖြင့် ကျေးရွာများစိုက်ခင်းများ၊စပါးကျီများနှင့်  အိမ်မွေးတိရိစ္ဆာန်များကို ပစ်ခတ်ဖမ်းဆီးမီးရှို့ဖျက်ဆီးခြင်းနှင့်မြေမြှုပ်နံ့ထားခြင်းစသည်တို့ဖြစ်ပါသည်။

တွေ့ဆုံမေးမြန်းခြင်းခံရသူများ၏ဖြေဆိုချက်များအပေါ်အခြေခံ၍စစ်တပ်၏အလွဲသုံးစားပြုလုပ်မှုအမျိုးမျိုးကိုအောက်ဖော်ပြပါဘားဂရပ်(ဖ)တွင် ဖော်ပြထားပါသည်။ဖမ်းဆီးစစ်ဆေးခြင်းနှင့်လက်နက်ကိုအသုံးပြု၍ အလွဲသုံးစားပြုလုပ်မှုများကိုဂရပ်(ဖ)၏ဘယ်ဖက်တွင်ဖော်ပြထားပြီးဂုတ်သွေးစုပ်အမြတ်ထုတ်အနိုင်ကျင့်သောသဘောသဘာဝရှိသောအလွဲသုံးစားပြုလုပ်မှုများကိုဂရပ်(ဖ)၏ညာဖက်တွင်ဖော်ပြထားပါသည်။

## ရုပ်ပုံ ၁။ ကရင်ပြည်နယ်နှင့်အဖတိန်းချုပ်နယ်မြေဒေသတွင်နေထိုင်ကြသောဒေသခံရွာသူရွာသားများ ခံရသောအလွဲသုံးစားပြု လုပ်ခံရမှုများ




**ဖမ်းဆီးစစ်ဆေးခြင်းနှင့်လက်နက်ကိုင် ဂုတ်သွေးစုပ်အမြတ်ထုတ်အနိုင်ကျင့် ပဋိပက္ခနှင့်ဆက်စပ်သောအလွဲသုံးစားမှုများ**

**ဂုတ်သွေးစုပ်အမြတ်ထုတ်အနိုင်ကျင့် သောအလွဲသုံးစားမှုများ**

### အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်း

“ရွာသူရွာသားများသည် လယ်ယာစိုက်ခင်းများနှင့် ဥယျာဉ်ခြံမြေများကို လုပ်ကိုင်လေ့ရှိပါသည်။ကျွန်တော်တို့သည်မိမိတို့ဥယျာဉ်ခြံမြေများတွင်ကောင်းမွန်စွာအလုပ်လုပ်ခွင့်မရရှိပေ။ကျွန်တော်တို့ရွာအနီးတွင်နအဖစစ်တပ်အခြေစိုက်စခန်းတစ်ခုရှိပါသည်။ကျွန်တော်တို့သည်၎င်းစစ်တပ်အတွက် အစဉ်အမြဲလုပ်အားပေးလုပ်ကိုင်ပေးရပါသည်။ထို့ကြောင့်ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်ရန်အချိန်မရရှိပါ။ ယခုအချိန်တွင်လည်းစစ်တပ်အတွက်အလုပ်လုပ်ပေးနေရပါသည်။၎င်းတို့အတွက်ဝါးများကိုခုတ်ပေးရပြီးစစ်စခန်းသို့သယ်ယူပို့ဆောင်ပေးရပါသည်။ ယမန်နှစ်ကစစ်တပ်သည် ကျွန်တော်တို့ရွာသားများကို ခြံစည်းရိုးကာရံကြရန်စေခိုင်းခဲ့ပါသည်။ စစ်သားများသည် ရွာသို့အစဉ်အမြဲလာလေ့ရှိပြီး၎င်းတို့အတွက်ဝက်၊ဆိတ်၊ကြက်နှင့်ဟင်းသီးဟင်းရွက်များကဲ့သို့သောစားနပ်ရိက္ခာများပေးဆောင်ရန်တောင်းခံလေ့ရှိပါသည်။ ၎င်းတို့သည် ဝက်၊ဆိတ်၊ကြက် နှင့်ဟင်းသီးဟင်းရွက်များအတွက် ငွေကြေးလုံးဝမပေးပါ။စစ်သားများ ကျွန်တော်တို့ပိုင်ပစ္စည်းများကိုကျွန်တော်တို့၏ခွင့်ပြုချက်မရဘဲရယူခြင်းများအတွက်ကျွန်တော်တို့မည်သည့်အရာမျှမပြောဆိုရဲပါ။”

–စော–––(ကျား၊ ၂၄)၊–––ရွာ၊ညောင်လေးပင်ခရိုင်(ဧပြီလ ၂၀၀၈)

နအဖထိန်းချုပ်နယ်မြေတွင်နေထိုင်သောရွာသူရွာသားများအများဆုံးခံစားရသောအလွဲသုံးစားပြုလုပ်မှုမှာအတင်းအဓမ္မလုပ်အားပေးစေခိုင်းခံရခြင်းဖြစ်ပါသည်။တွေ့ဆုံမေးမြန်းခံခဲ့ရသူ ၂၈ဦးတွင်၁၁ဦး(၄၀ရာခိုင်နှုန်း)သည်၎င်းတို့ကျေးရွာများတွင်အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်းများရှိကြောင်း ဖြေဆိုခဲ့ကြပါသည်။နအဖစစ်သားများသာမက ဒီကေဘီအေစစ်သားများသည်လည်းအတင်းအဓမ္မလုပ်အားပေးစေခိုင်းကြောင်းတွေ့ဆုံမေးမြန်းခြင်းခံရသူများမှပြောပြခဲ့ပါသည်။

အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းတွင်စစ်လက်နက်ပစ္စည်းများကိုသယ်ဆောင်ပေးရခြင်း၊ကားလမ်းဖောက်လုပ်ခြင်းနှင့်ကားလမ်းဘေးရှိမြက်ပင်ရှည်များကိုခုတ်ထွင်ရှင်းလင်းပေးရခြင်း၊လှည်းကင်းများကိုလမ်းပြပေးရခြင်း၊ကင်းစောင့်ပေးရခြင်း၊ဆက်သားအဖြစ်လုပ်ကိုင်ပေးရခြင်း၊စစ်အစိုးရမှပြုလုပ်သောအခမ်းအနားများနှင့်အင်အားပြပွဲများတွင်ပါဝင်ရခြင်း၊အင်ဖက်၊နီးစသောအဆောက်အဦးသုံးပစ္စည်းများကိုပြုလုပ်ပေးပြီး၊စစ်တပ်သို့ပို့ဆောင်ပေးရခြင်း၊စစ်တပ်သို့အတင်းအဓမ္မစစ်သားအဖြစ်သွတ်သွင်းခြင်း၊ခြံစည်းရိုးများနှင့်စစ်စခန်းများဆောက်လုပ်ရခြင်း၊ဆေးပေးခန်း၊ကျောင်းများ၊စေတီပုထိုးများနှင့်စာကြည့်တိုက်များဆောက်လုပ်ရခြင်းနှင့်နအဖ၏အရံတပ်ဖွဲ့များတွင်ပါဝင်ရခြင်းစသည့်အရာများအားလုံးပါဝင်ပါသည်။အထက်ဖော်ပြပါအတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုများအတွက်မည်သည့်အဖိုးအခမျှမရရှိပါ။ [၂၄]

နအဖစစ်တပ်များသည်ကရင်ပြည်နယ်အတွင်း၎င်းတို့၏စစ်ဆင်ရေးများအတွက်အထောက်အကူဖြစ်စေရန်သာမန်ပြည်သူများကိုအနိုင်ကျင့်အမြတ်ထုတ်အလွဲသုံးစားပြုလုပ်ခြင်းများအပေါ်အဓိကထားမှီခိုနေရပါသည်။ထို့ကြောင့်အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းသည် နေရာအနှံ့ဖြစ်ပေါ်နေပြီး စစ်တပ်၏စနစ်တကျအကွက်ချ၍ ကျူးလွန်သောအလွဲသုံးစားပြုလုပ်မှုဖြစ်ပါသည်။အချို့အဖြစ်အပျက်များတွင်အတင်းအဓမ္မလုပ်အားပေးစေခိုင်းခံရခြင်းသည်အသက်အန္တရာယ်ကိုပါထိခိုက်စေနိုင်ပါသည်။ ဥပမာအားဖြင့် စစ်တပ်လှည်းကင်းများအတွက် ပေါ်တာထမ်းပေးရသောရွာသူရွာသားများသည်စစ်သားများ၏ရှေ့မှလျှောက်သွားရပါသည်။ထိုသို့ရှေ့မှသွားစေခြင်းကြောင့်စစ်သားများအနေဖြင့်မြေမြှုပ်မိုင်းထိခိုက်ခြင်းများနှင့်မြေမြှုပ်မိုင်းများအန္တရာယ်များမှကာကွယ်နိုင်ရန်ဖြစ်ပါသည်။ယေဘုယျအားဖြင့်အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းသည်ရွာသူရွာသားများ၏ မိမိကိုယ်ပိုင်အလုပ်လုပ်ရန်အ တွက်လိုအပ်သောအဖိုးတန်အချိန်များကို ဆုံးရှုံးနစ်နာစေပါသည်။မိမိကိုယ်ပိုင်အလုပ်များကို မလုပ်ကိုင်နိုင်သောကြောင့်စိုက်ပျိုးသီးနှံထွက်နှုန်းကျဆင်းခြင်း၊လုပ်အားခများကျရှုံးရခြင်းနှင့်ဆင်းရဲကျပ်တည်းမှုကို ပိုမိုများပြားလာစေပါသည်။နအဖနှင့် ဒီကေဘီအေ တပ်ဖွဲ့များ၏ တောင်းဆိုချက်အရအတင်းအဓမ္မလုပ်အားပေးမလုပ်ကိုင်နိုင်သောသူ(သို့မဟုတ်)မလုပ်လိုသောသူများသည်၎င်းတို့ကိုယ်စားလုပ်ကိုင်ရန်လူစားငှားရမ်းပေးရပါသည်၊သို့မဟုတ်ဒဏ်ငွေပေးဆောင်ရပါသည်။အတင်းအဓမ္မလုပ်အားပေးစေခိုင်းခံရခြင်းမှကင်းဝေးနိုင်ရန်နှင့်အခြားလူ့အခွင့်အရေးချိုးဖောက်ခံရခြင်းမှမိမိကိုယ်ကိုကာကွယ်ရန်အတွက်ရွာသူရွာသားများစွာတို့သည်မြန်မာပြည်တွင်းအခြားတစ်နေရာသို့မဟုတ်ထိုင်းနိုင်ငံသို့ထွက်ပြေးနေထိုင်ကြပါသည်။

**‘‘ကျွန်တော်တို့ရွာတွင်အိမ်ခြေ၆၀ရှိပြီးလူဦးရေ၀၀ကျော်နေထိုင်ကြပါသည်။ရွာရှိရွာသူရွာသားများသည်တောင်ယာစိုက်ခင်းများလုပ်ကိုင်ကြပါသည်။သို့သော်ရွာသူရွာသားများသည်မိမိတို့တောင်ယာစိုက်ခင်းများကိုကြည့်ရှုပြုစုရန်အချိန်မရသောကြောင့်စားနပ်ရိက္ခာလုံလောက်မှုမရှိပါ။ ရွာသူရွာသားများသည် နအဖနှင့်ဒီကေဘီအေတပ်ဖွဲ့များအတွက် လုပ်အားပေးလုပ်ကိုင်ပေးရပြီး ဆက်သားအဖြစ်လည်းဆောင်ရွက်ပေးရပါသည်။ရွာသားအချို့တို့သည်ထိုင်းနိုင်ငံရှိမယ်လဒုက္ခသည်စခန်းသို့ သွားရောက်နေထိုင်ကြပါသည်။ မကြာသေးမီကပင်မိသားစု ၂၀ကျော်တို့သည်ရွာမှထွက်ခွာပြီးမယ်လဒုက္ခသည်စခန်းသို့သွားရောက်နေထိုင်ကြပါသည်။ဒုက္ခသည်စခန်းများသို့သွားရောက်နေထိုင်ခြင်းမရှိသောရွာသူရွာသားများသည်မိမိတို့ရွာများတွင်နေ့စားအလုပ်များကိုရှာဖွေလုပ်ကိုင်ရပါသည်။၎င်းတို့သည်ကောက်စိုက်လုပ်ငန်းများကိုလုပ်ကိုင်ရပါသည်။ကောက်စိုက်ခရရှိပါကမိမိတို့အစားအစာအတွက်ဝယ်ယူစားသောက်ရပါသည်။နေ့စားလုပ်**

[၂၄] နအဖစစ်သားများသည် အတင်းအဓမ္မခိုင်းစေခြင်းကို လုပ်အားပေးဟုသုံးနှုန်းပါသည်။ အမှန်စင်စစ်လုပ်အားပေးဟူသောမြန်မာအသုံးအနှုန်းသည်ဘုရားကျောင်းကန်များ၊ ရပ်ရေးရွာရေးကိစ္စရပ်များတွင် မိမိတို့သဘောဆန္ဒဖြင့်လုပ်အားပေးခြင်းတို့ရည်ညွှန်းပါသည်။

**အားခတစ်ရက်လျှင်၁၅၀၀ကျပ်သို့မဟုတ် ၂၀၀၀ကျပ်ရရှိပါသည်။ကောက်စိုက်လုပ်ငန်းအပြင်နွေရာသီတွင်ကြံပင်ရိတ်သည့်လုပ်ငန်းများကိုလည်းလုပ်ကိုင်ကြပါသည်။ဆန်တစ်စိတ်လျှင်၉၀၀ကျပ်နှင့်ပဲပါးတစ်စိတ်လျှင်၇၀၀ကျပ်ပေးရပါသည်။ဝက်သားတစ်ပိဿာ ၂၀၀၀ ကျပ်နှင့် ကြက်သားတစ်ပိဿာ၃၀၀၀ကျပ်ပေးရပါသည်။''**

**–ဦး–––(ကျား,၅၀)၊–––ရွာ၊သထုံခရိုင်(နိုဝင်ဘာ ၂၀၀၇)**

## ငွေညှစ်ခြင်းနှင့်ပစ္စည်းဥစ္စာများအဓမ္မတောင်းခံခြင်း

**''ကျွန်တော်တို့ရွာတွင်နေထိုင်စဉ်ကျွန်တော်တို့သည်အခွန်ငွေများနှင့်ဥစ္စာပစ္စည်းများအတင်းအဓမ္မတောင်းခံခြင်းကိုခံကြရပါသည်။ကျွန်တော့်တွင်ကလေးငယ်နှစ်ဦးရှိပြီးမိသားစုစားဝတ်နေရေးအတွက်ကျွန်တော်မှရုန်းကန်ရှာဖွေရပါသည်။ကျွန်တော့်တွင်ရပ်ရွာမှကောက်ခံသောအခွန်ငွေများကိုပေးဆောင်ရန်ငွေကြေးမရှိပါ။သို့မဟုတ်စစ်သားများမှတောင်းခံသောငွေကြေးကိုပေးဆောင်ရန်မရှိပါ။ထို့အပြင်ကျွန်တော်သည် အခြားနေရာဒေသများသို့သွားရောက် အလုပ်အကိုင်ရှာဖွေပါက လမ်းတွင်ရှိသော စစ်တပ်ဂိတ်များတွင် ငွေကြေးများပေးဆောင်ရပါမည်။ဤကဲ့သို့ဖိနှိပ်အနိုင်ကျင့်မှုကိုကျွန်တော်တို့မခံမရပ်နိုင်သောကြောင့်ကျွန်တော်သည်–––ရွာသို့ပြောင်းရွှေ့နေထိုင်ပါသည်။(–––ရွာသည်ကရင်ပြည်နယ်ရှိရွှေ့ပြောင်းနေထိုင်ကြသူများပုန်းအောင်းရာနေရာဖြစ်ပါသည်)''**

**–စော–––(ကျား၊၃၂)၊–––ရွာ၊ဖားအံခရိုင်(ဇွန်လိုင် ၂၀၀၈)**

ကရင်ပြည်နယ်နအဖနှင့်ဒီကေဘီအေထိန်းချုပ်နယ်မြေများတွင်အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းသာမကငွေညှစ်ခြင်းသည်လည်းနအဖနှင့်ဒီကေဘီအေစစ်သားများကျူးလွန်လေ့ရှိသည့်အလွဲသုံးစားမှုဖြစ်ပေသည်။တွေ့ဆုံမေးမြန်းခြင်းခံရသူကရင်ပြည်နယ်မှဖြေဆိုသူများတွင်၂၉၏ဖြေဆိုချက်များတွင်၎င်းတို့သည်ငွေညှစ်ခြင်းကိုကိုယ်တိုင်ကြုံတွေ့မြင်ခဲ့ရသည်ဟုဖြေဆိုကြပါသည်။ကရင်ပြည်နယ်ကျေးရွာဒေသများတွင်နေထိုင်သောဒေသခံများသည်ဒေသခံစစ်တပ်မှသတ်မှတ်ထားသောအချိန်ပိုင်းအခြားအတိုင်းစစ်တပ်မှတောင်းခံသောအရာများကိုပုံမှန်လုပ်ဆောင်ပေးနေရပါသည်။ထို့ပြင်မကစစ်သားများ၎င်းတို့ရွာသို့လာရောက်သည့်အချိန်များတွင်တောင်းခံသည့်အရာများကိုလည်းပေးဆောင်ရပါသည်။ရွာသူရွာသားများမှစစ်တပ်အတွက်လုပ်ဆောင်ပေးရသောအရာများမှာစစ်တပ်တွင်းအသုံးပြုရန်ဝါးများနှင့်အင်ဖက်များကိုပေးဆောင်ရခြင်း၊ဆန်၊ဆား၊ငရုတ်နှင့်ကြက်၊ဝက်ကဲ့သို့သောစားနပ်ရိက္ခာများကိုပေးဆောင်ရခြင်း၊ပွဲတော်များအတွက်အလှူငွေပေးဆောင်ရခြင်း၊ဘုန်းကြီးကျောင်းများနှင့်စေတီပုထိုးများအတွက်မပေးမနေရအလှူငွေပေးဆောင်ရခြင်းနှင့်လုပ်အားပေးမလိုက်နိုင်ပါကငွေကြေးပေးဆောင်ရခြင်းသည်တို့ဖြစ်ပါသည်။

အထက်ဖော်ပြခဲ့သည့်အတိုင်းနအဖစစ်သားများသည်ရွာသူရွာသားများအပေါ်အတင်းအဓမ္မငွေညှစ်တောင်းခံခြင်းဖြင့်မိမိတို့အာဏာကိုမတရားအလွဲသုံးစားပြုလုပ်သည်သာမက ကျောင်းဆောက်မည်သို့မဟုတ်စာကြည့်တိုက်ဆောက်မည်ဟုအကြောင်းပြ၍ ကောက်ခံထားသောငွေကြေးများဖြင့် ကျောင်းဆောက်ခြင်း၊စာကြည့်တိုက်ဆောက်ခြင်းမပြုလုပ်ခဲ့ပါ။ရွာသူရွာသားများပြောပြချက်အရစစ်သားများသည်အလှူခံထားသောငွေများဖြင့်စာသင်ကျောင်းများဆောက်လုပ်မည်ဟုကတိပေးသော်လည်း အမှန်တကယ်ဆောက်လုပ်ခဲ့ခြင်းမရှိပါ။

**''စစ်တပ်မှရွာသူရွာသားများကိုတစ်လတစ်ကြိမ်သို့မဟုတ်နှစ်လတစ်ကြိမ်အတင်းအဓမ္မငွေကြေးတောင်းခံပါသည်။ရွာသူရွာသားများသည်စစ်တပ်မှတောင်းခံသောငွေကြေးပေးဆောင်ရန်မရှိပါက အခြားနေရာဒေသများသို့သွားရောက်၍ အလုပ်လုပ်ကိုင်ဝင်ငွေရှာဖွေရပါသည်။ရွာသားများအများစုသည်ဤအခြေအနေများနှင့်ရင်ဆိုင်နေရပါသည်။ရွာသားအများအပြားသည်နယ်စပ်သို့လာရာက်အလုပ်လုပ်ကိုင်ကြပါသည်။[၂၅] နယ်စပ်သို့လာရောက်အလုပ်လုပ်ကိုင်သောသူများ အလွန်များပြား၍ မရေမတွက်နိုင်ပါ။ ကျွန်တော်တို့ရွာမှ ရွာသားများကိုရေတွက်ရမည်ဆိုလျှင်ရွာသား၃၀ကျော်ခန့်သည်ဒီကေဘီအေ၏တောင်းခံမှုများကိုပေးဆောင်နိုင်ရန်နယ်စပ်သို့လာရောက်အလုပ်လုပ်**

**ကိုင်ကြပါသည်။"**

**–စော–––(ကျား၊၃၈)၊––––ရွာဖားအံခရိုင်(စက်တင်ဘာ၂၀၀၈)**

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်းပင်နအဖနှင့်ဒီကေဘီအေစစ်သားများ၏နေရာဒေသအနှံ့တွင်စနစ်တကျငွေညှစ်တောင်းခံခြင်းများကြောင့် ငွေကြေးအခက်အခဲနှင့်ရင်ဆိုင်နေရသောရွာသူရွာသားများအတွက် ဆင်းရဲတွင်းပိုမိုနက်စေပါသည်။ အထက်တွင်ဖော်ပြခဲ့သောစော–––၏ပြောဆိုချက်ကိုကြည့်ခြင်းဖြင့်ရွာသူရွာသားအများအပြားသည်မိမိတို့နေအိမ်နှင့်မိသားစုများကိုစွန့်ခွာပြီးစားဝတ်နေရေးအတွက်ငွေရရှိရန်နှင့်စစ်တပ်များမှတောင်းခံသောငွေကြေးများကိုပေးဆောင်နိုင်ရန်အခြားသောနေရာဒေသများတွင်အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ရပါသည်။

## ဥစ္စာပစ္စည်းများအတင်းအဓမ္မလုယူခြင်း

နအဖစစ်တပ်များသည်ရွာသူရွာသားများကိုလုပ်အားပေးစေခိုင်းခြင်း၊ငွေကြေးစားနပ်ရိက္ခာနှင့်အခြားသောအထောက်အပံ့ပစ္စည်းများကိုတောင်းခံသည့်အပြင်နအဖစစ်သားများသည်ရွာသူရွာသားများပိုင်ဆိုင်သောဥစ္စာပစ္စည်းများကိုအတင်းအဓမ္မလုယူသိမ်းပိုက်ပါသည်။ ရွာသားများ၏ပြောဆိုချက်အရ စစ်သားများသည် ညအချိန်တွင် ရွာထဲသို့ဝင်လာပြီးကြက်နှင့်ဝက်ကဲ့သို့သောအိမ်မွေးတိရစ္ဆာန်များကိုခိုးယူပါသည်၊ထို့မှတပါးအိမ်ရှင်မရှိသောအချိန်များတွင်စစ်သားများသည်ရွာသားများ၏ နေအိမ်များကို ချိုးဖောက်ဝင်ရောက်ပြီး ရှိစုမဲ့စု အဖိုးတန်ပစ္စည်းများကိုသိမ်းယူကြပါသည်။ ဤကဲ့သို့ခိုးယူ၊လုယက်မှုများဖြစ်ပွားရခြင်းသည်စစ်တပ်အရာရှိကြီးများမှလက်အောက်ငယ်သားများအတွက်ခွဲဝေပေးရမည့်ရိက္ခာများကိုရောင်းစားသောကြောင့်ဖြစ်ပါသည်၊ထိုအရာရှိကြီးများသည်မိမိတို့ရိက္ခာများကိုရောင်းစားခြင်းဖြင့်လက်အောက်ငယ်သားစစ်သားများသည်ရွာသူရွာသားများ၏ဥစ္စာပစ္စည်းများကိုခိုးယူ၊လုယက်မည်ကိုကောင်းစွာသဘောပေါက်နားလည်ပါသည်။ ထို့ကြောင့်နအဖထိန်းချုပ်ထားသောကရင်ပြည်နယ်ကျေးရွာဒေသများတွင်ပြည်သူလူထုများ၏မြောက်များစွာသောအခက်အခဲများတွင်စစ်သားများ၏ခိုးယူ၊လုယက်ခြင်းများလည်းပါဝင်ပါသည်။

**''နအဖစစ်သားများကျွန်မတို့ရွာသို့လာရောက်ခဲ့သည်မှာ၈ကြိမ်ရှိပါသည်။၄င်းတို့လာရောက်သည့်အကြိမ်တိုင်းတွင်ကြက်၊ဝက်နှင့်ဘဲကဲ့သို့သောအိမ်မွေးတိရိစ္ဆာန်များကိုသိမ်းယူပါသည်။သရက်ပင်များမှသရက်သီးများကိုလည်းခူးယူသည်သာမကသရက်ပင်များကိုပါခုတ်လှဲသွားကြပါသည်။''**

**–နော်–––––(မ၊၅၃)၊––––ရွာ၊ညောင်လေးပင်ခရိုင်(ဧပြီလ၂၀၀၈)**

[၂၇]ဤတွေ့ဆုံမေးမြန်းမှုကိုထိုင်းမြန်မာနယ်စပ်ကရင်ပြည်နယ်ဖက်ခြမ်းတွင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။တွေ့ဆုံမေးမြန်းမှုကိုဖြေဆိုခဲ့သူပြောဆိုခဲ့သော 'ရွာသားများနယ်စပ်သို့လာရောက်အ လုပ်လုပ်ကိုင်ကြသည်' ဟုဆိုရာတွင် မြန်မာဖက်ခြမ်းတွင်နေထိုင်၍သော်လည်းကောင်း ထိုင်းနိုင်ငံဖက်ခြမ်းတွင်နေထိုင်၍သော်လည်းကောင်း အလုပ်လုပ်ကိုင်နေသူများအားလုံးကိုဆိုလိုပါသည်။

## ခရီးသွားလာခွင့်ကန့်သတ်ပိတ်ပင်တားမြစ်ခြင်း

**‘‘နအဖစစ်သားများသည်ကျွန်မတို့ကိုညအချိန်တွင်လုံးဝအပြင်ထွက်ခွင့်မပေးပါ။ထို့အပြင်အရေးကြီးကိစ္စရှိပါကတစ်အိမ်နှင့်တစ်အိမ်ပင် သွားရောက်ခွင့်မပြုပေ။ညအချိန်ကျွန်မတို့အပြင်ထွက်ပါကတွေ့ရှိသည့်နေရာ၌ပင်သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခြင်းခံရမည်ဖြစ်ပေသည်။ ’’**

**–နော် –––(မ၊၃၉)၊–––ရွာ၊ညောင်လေးပင်ခရိုင်(ဖေဖော်ဝါရီလ ၂၀၀၈)**

ကရင်ပြည်နယ်တွင်နအဖစစ်တပ်မှခရီးသွားလာခွင့်ပိတ်ပင်ခြင်းဖြင့်အဓိကအားဖြင့်ဒေသခံပြည်သူများကိုတစ်နေရာတည်းတွင်ရှိနေစေပြီး(သို့မဟုတ်)နအဖ ရွှေ့ပြောင်းရွာများတွင် နေထိုင်စေခြင်းဖြင့်ပြည်သူများ အပေါ်စစ်သားများမှ အလွယ်တကူအတင်းအဓမ္မလုပ်အားပေးစေခိုင်းနိုင်ခြင်းနှင့် အတင်းအဓမ္မငွေကြေးကောက်ခံခြင်းတို့ကိုပြုလုပ်နိုင်ပါသည်။ ဤကဲ့သို့ခရီးသွားခွင့်ကိုပိတ်ပင်တားမြစ်ထားခြင်းကြောင့်ရွာသူရွာသားများသည်မိမိပိုင်လယ်ယာဥယျာဥ်ခြံမြေစိုက်ခင်းများသို့သွားရောက်အလုပ်လုပ်ကိုင်နိုင်ခြင်းမရှိပါ။သွားရောက်အလုပ်လုပ်ကိုင်ပါကစစ်သားများမှအစစ်အဆေးမရှိတွေ့သည့်နေရာ၌ပစ်ခတ်မည်ကိုစိုးရိမ်ကြောက်ရွံ့ရပါသည်။ခရီးသွားလာခွင့်ပိတ်ပင်တားမြစ်ခြင်းအမိန့်ကိုရွာသူရွာသားများလိုက်နာရန် ရွာလမ်းများတွင်စစ်ဆေးရေးဂိတ်များထားရှိခြင်း၊ညမထွက်ရအမိန့်ထုတ်ပြန်ခြင်းနှင့်အမိန့်မနာခံသူများကိုကိုယ်ထိလက်ရောက်ရိုက်နက်အပြစ်ပေးခြင်းနှင့်ဒဏ်ငွေများကိုပေးဆောင်စေပါသည်။

ဥပမာအားဖြင့်လွန်ခဲ့သော၂၀၀၈ခုနှစ်ဇွန်လမှစက်တင်ဘာလအတွင်းဖားအံမြို့နယ်သထုံခရိုင်ဒေသများတွင်လှုပ်ရှားနေသောနအဖနှင့်ဒီကေဘီအေတပ်ဖွဲ့များသည်တခေါ်ဘိုးကျေးရွာအုပ်စုနှင့်ယာတရိကျေးရွာအုပ်စုများရှိရွာပေါင်း၆ရွာမှရွာသူရွာသားများကိုမိမိ၏လယ်ယာစိုက်ခင်းများတွင်ညဘက်သွားရောက်နေထိုင်အလုပ်လုပ်ခွင့်မပြုပေ။နအဖစစ်သားများသည်ရွာသူ၊ရွာသားများကိုရွာပြင်ပရှိစိုက်ခင်းများသို့နံနက်၇း၀၀နာ ရီမှညနေ၄း၀၀အထိသာသွားရောက်အလုပ်လုပ်ကိုင်ခွင့်ပြုပြီးညနေ၄း၀၀ နာရီနောက်ပိုင်းတွင်ရွာပြင်သို့လုံးဝထွက်ခွင့်မပြုပေ။ဤသို့သော ကန့်သတ်ပိတ်ပင်မှုများကြောင့်ရွာသားများ၏စိုက်ပျိုးသီးနှံများသည်တိရိစ ္ဆာန်များ၏ဖျက်ဆီးခြင်းကိုခံရပါသည်။

ခရီးသွားလာခွင့်ပိတ်ပင်ခြင်းနှင့်ထိုအမိန့်နာခံရန်ပြုလုပ်သောခြိမ်းခြောက်မှုများကြောင့်ရွာသူရွာသားများ၏စားဝတ်နေရေးနှင့်လူမှုဘဝကိုများစွာထိခိုက်နစ်နာစေပါသည်။ရွာသူရွာသားများသည်မိမိပိုင်လယ်ယာစိုက်ခင်းတဲအိမ်များတွင်ညအိပ်ညနေနေထိုင်ရန်ပိတ်ပင်ခြင်းခံရသောကြောင့် အထူးဂရုပြုရန်လိုအပ်သောစိုက်ပျိုးသီးနှံများကိုပြုစုစောင့်ရှောက်ရန်အချိန်မလုံလောက်ပါ။ရွာနှင့်ဝေးသောစိုက်ခင်းများအတွက်လည်းစိုက်ခင်းများတွင်ညအိပ်၊ညနေနေခွင့်မရသောကြောင့် သီးနှံများကိုပြုစုပျိုးထောင်ရန်အချိန်မရရှိကြပါ။အချို့နေရာများတွင်လယ်သမားများသည်မိမိတို့စိုက်ခင်းများကိုပုံမှန်ရေမလောင်းနိုင်သောကြောင့် သီးနှံများသေကြေပျက်စီးရပါသည်။ အချို့သီးနှံများသည် ပိုးကောင်များနှင့် တောရိုင်းတိရိစ္ဆာန်များဖျက်ဆီးခြင်းကြောင့်သေကြေရပါသည်။အထက်ပါအကြောင်းအရာများသည်ကရင်ပြည်နယ်ကျေးရွာဒေသများတွင်နေထိုင်ကြသောရွာသူရွာသားများအတွက်လိုအပ်သောစားနပ်ရိက္ခာရရှိရန်ပိုမိုခက် ခဲလာစေသည်သာမကအသက်ရှင်ရပ်တည်နိုင်ရန်ခက်ခဲစေပါသည်။

## လက်နက်ကိုင်ပဋိပက္ခ၊ဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုစသည်တို့နှင့်ဆက်နွယ်နေသောအလွဲသုံးစားပြုလုပ်မှုများ

တွေ့ဆုံမေးမြန်းမှုဖြေဆိုခဲ့သောရွာသူရွာသားများ အမျ ားစု၏ဖြေဆိုချက်များတွင်နအဖ၏လွဲသုံးစားပြုလုပ်ခြင်း များသည် ဂုတ်သွေးစုပ်အမြတ်ထုတ်သော သဘောသဘာဝရှိသည်ဟု ပြောဆိုကြပါသည်။ အချို့သောတွေ့ဆုံမေးမြန်းခံရသူများ၏ဖြေဆိုချက်များတွင် နအဖနှင့်ဒီအေဘီအေစစ်သားများ ရွာသူရွာသားများအပေါ်ပြုလုပ်သောအလွဲသုံးစားမှုများသည် လက်နက်ကိုင်ပဋိပက္ခဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုစသည်တို့နှင့်ဆက်နွယ်နေပါသည်ဟုပါရှိပါသည်၊စာဖတ်သူများသိရှိထားရမည့်အချက်မှာဖာပွန်၊သထုံ၊ဖူးပလာယာနှင့်ညောင်လေးပင်ခရိုင်များရှိဒေသများစသည်နအဖစစ်တပ်များ၏တင်းကျပ်သောထိန်းချုပ်မှုအောက်တွင်ထည်ရှိသော်လည်းငင်းခရိုင်များရှိဒေသအချို့အစိတ်အပိုင်းများတွင်ကေအန်အယ်(လ် )အေတပ်ဖွဲ့များလှုပ်ရှားလျှက်ရှိပါသည်၊ထို့ကြောင့်ထိုဒေသများတွင်လက်နက်ကိုင်ပဋိပက္ခ၊ဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုစသည်တို့နှင့်ဆက်နွယ်နေသောအလွဲလုံးစားပြုလုပ်မှုများဖြစ်ပေါ်လျှက်ရှိပါသည်။ ရွာသူရွာသားများ၏ ကိုယ်တိုင်ပြောပြ ချက်များကို ဤအစီရင်ခံစာတွင်ထည့်သွင်းဖော်ပြခြင်းဖြင့်နအဖထိန်းချုပ်သောကရင်ပြည်နယ်တွင်နေထိုင်ကြသောဒေသခံပြည်သူများခံစားနေရသောအလွဲသုံးစားပြုခံရခြင်းအခြေအနေများကိုစာဖတ်သူများပိုမိုနားလည်သဘောပေါက်နိုင်ပေမည်။

**မြေလှန်မီးရှို့ဖျက်ဆီးခြင်းမူဝါဒ**

**‘‘နအဖစစ်သားများသည်ကျွန်တော်တို့၏အစားအစာများကိုမြေပေါ်သို့သွန်ပစ်ခြင်း၊စပါးကျီများ၊အိမ်များကိုမီးရှို့ဖျက်ဆီးခြင်းနည်းလမ်းများဖြင့်ဖျက်ဆီးပစ်ကြပါသည်။ထို့ကြောင့်ကျွန်တော်တို့မိသားစုတွင်စားသောက်ရန်အစားအစာလုံလောက်စွာမရှိတော့ပါ။’’**

**–စော –––(ကျား၊၅၀)၊ –––ရွာ၊ညောင်လေးပင်ခရိုင်(အောက်တိုဘာ ၂၀၀၇)**

ဤအစီရင်ခံစာတွင်တင်ပြခဲ့သည့်ကရင်ပြည်နယ်ခရိုင်လေးခုတွင်စစ်တပ်တင်းကျပ်စွာထိန်းချုပ်ထားသောဒေသများ၏အပြင်ဘက်တွင် နေထိုင်ကြသောရွာသူရွာသားများ နအဖထိန်းချုပ်နယ်မြေဒေသသို့ ပြောင်းရွှေ့နေထိုင်ကြရန် စစ်သားများသည်မြေလှန်မီးရှို့ဖျက်ဆီးသည့်စနစ်ကိုကျင့်သုံးပါသည်။တောတွင်းသို့ထွက်ပြေးပုန်းအောင်းသူများ၏မိမိကျေးရွာများရှိနေအိမ်များသို့ပြန်လည်နေထိုင်နိုင်ခြင်းမပြုနိုင်ရန် နအဖစစ်သားများသည် နေအိမ်အဆောက်အဦးများ၊ စပါးကျီများ၊ သီးနှံစိုက်ခင်းများကိုဖျက်ဆီးမီးရှို့ပြီးရွာသားများခေတ္တခဏစွန့်ခွာခဲ့သောရွာများအတွင်းနှင့်ရွာပတ်ပတ်လည်တွင်မြေမြှုပ်မိုင်းများကိုမြှုပ်နှံထားကြပါသည်။စစ်သားများသည်ရွာသားများပိုင်ဆိုင်သည့်ဥစ္စာပစ္စည်းများကိုလုယူသိမ်းပိုက်ပြီးငင်းတို့သယ်ယူ၍မရသောအရာများကိုမူမီးရှို့ဖျက်ဆီးကြပါသည်။နအဖစစ်သားများသည်နအဖထိန်းချုပ်နိုင်မှုမရှိသောကျေးရွာများ၊ပုန်းခိုရာနေရာများ၊တောင်ယာစိုက်ခင်းများနှင့်စပါးကျီများကိုအဓိကပစ်မှတ်ထား၍မီးရှို့ဖျက်ဆီးပါသည်၊ဤသို့မီးရှို့ဖျက်ဆီးခြင်းဖြင့် နအဖထိန်းချုပ်နယ်မြေပြင်ပတွင် နေထိုင်သူများကို အသက်ရှင်ရပ်တည်နိုင်ခြင်းမရှိရန် ပြုလုပ်ခြင်းဖြစ်ပါသည်။ တောတွင်းပုန်းခိုရာနေရာများမှ မိမိနေအိမ်များသို့ပြန်သွားကြသောအချိန်တွင် ရွာသူရွာသားများသည် မိမိတို့အိမ်မွေးတိရစ္ဆာန်ကိုစစ်သားများမှပစ်သတ်သွားခြင်းသို့မဟုတ်အိမ်မွေးတိရစ ္ဆာန်အပုပ်ကောင်များကိုသာတွေ့ရှိကြရပါသည်။

## မြေမြှုပ်မိုင်းအန္တရာယ်

နအဖစစ်တပ်သို့မဟုတ်နအဖ၏မဟာမိတ်တပ်ဖွဲ့များထိန်းချုပ်နယ်မြေအတွင်းရှိ၎င်းတို့၏စစ်စခန်းပတ်ပတ်လည်တွင် ကေအန်အယ်(လ်)အေစစ်သားများ၏ရန်မှကာကွယ်နိုင်ရန်မြေမြှုပ်မိုင်းများကိုထောင်ထားပါသည်။လူသွားလမ်းများနှင့် လမ်းများတွင်အေအန်အယ်(လ်)အေစစ်သားများကိုလုပ်ကြံသတ်ဖြတ်ရန်မြေမြှုပ်မိုင်းများကိုမြှုပ်နှံထားပါသည်။ရွာသူရွာသား များ၏သွားလာလှုပ်ရှားမှုကိုထိန်းချုပ်နိုင်ရန်နှင့်တောတွင်းသို့ထွက်ပြေးပုန်းခိုနေထိုင်သူများမိမိကျေးရွာများသို့ပြန်လာခြင်း မပြုနိုင်ရန်နအဖစစ်သားများသည်ကျေးရွာများပတ်လည်၊ပုန်းခိုရာနေရာပတ်လည်နှင့်တောလမ်းများတွင်မြေမြှုပ်မိုင်းများကို မြှုပ်နှံထားပါသည်။တောတွင်းတွင်ပုန်းအောင်းနေထိုင်ကြ သောရွာသူရွာသားများသည်မြေမြှုပ်မိုင်းအန္တ ရယ်ကိုကြော က်ရွံ့ သောကြောင့်ကားလမ်းများကိုမဖြတ်ကူး ကြပါ။ရွာသားများ စွန့်ခွာထားခဲ့သောရွာများတွင်မိုင်းများထောင်ထားခြင်းဖြင့် ထိုရွာသားများကိုမိမိတို့ရွာများသို့မပြန်နိုင်ရန်ပြုလုပ်ထားပါသည်။

တွေ့ဆုံမေးမြန်းခြင်းခံခဲ့ရသူများ၏ပြောပြချက်များတွင်ရွာသားများနှင့် အိမ်မွေးတိရစ္ဆာန်များသည်လမ်းများ၊တောလမ်းများ သို့မဟုတ်ရွာနီးပတ်ဝန်းကျင်များတွင်ထောင်ထားသောမြေမြှုပ်မိုင်းများကြောင့်ထိခိုက်ဒဏ်ရာရရှိပြီးအချို့သူများသည် အသက်ပင်ဆုံးရှုံးရပါသည်။ဥပမာအားဖြင့် အောက်တိုဘာလ ၁၅ ရက်နေ့၂၀၀၈ခုနှစ်တွင် ဖားအံခရိုင်၊ ပိုင်ကျုံမြို့နယ် ၊ကော်သိုးခီးကျေးရွာမှ စောဖားညာလူး အသ က်(၄၀)နှစ်သည် ၎င်းနေထိုင်ရာရွာနှင့် မိနစ် ၂၀ခန့်လမ်းလျှောက်ရသော တောင်ယာသို့လမ်းလျှောက်သွားခဲ့ပါသည်။သွားရာလမ်းတွင်ဒီကေဘီအေဒုတပ်ခွဲမှူးဖားမူနော်တွဲခေါင်းဆောင်သောတပ်ရင်း ၉၉၉၊တပ်ခွဲ၂မှစစ်သားများထောင်ထားသောမြေမြှုပ်မိုင်းကိုတက်နင်းမိခဲ့ပါသည်။၎င်းရွာသားဖားညာလူးသည်ပြင်းထန် စွာဒဏ်ရာရရှိပြီးသေဆုံးခဲ့ပါသည်။

ရွာသူရွာသားများ၏သွားလာလှုပ်ရှားမှုကိုကန့်သတ်ထိန်းချုပ်နိုင်ရန်မြေမြှုပ်မိုင်းများကိုအများအပြားအသုံးပြုခြင်းကြောင့် ရွာသူရွာသားများအတွက်အဓိကကျသောစားနပ်ရိက္ခာများကိုရှာဖွေနိုင်ရန်များစွာအခက်အခဲဖြစ်စေပါသည်။ဥပမာအားဖြင့် လယ်သမားများသည်နအဖမှ၎င်းတို့နေထိုင်ရန်သတ်မှတ်ပေးထားသောနေရာများမှအပြင်ဘက်သို့ထွက်ခွာခွင့်မရ သောကြောင့်မိမိတို့၏စိုက်ပျိုးသီးနှံများကိုကြည့်ရှုပြုစုပျိုးထောင်ခွင့်မရကြပေ။ထို့ကြောင့်တွေ့ဆုံမေးမြန်းမှုများတွင် ရွာသူ၊ရွာသားများမှကာရင်လူ့အခွင့်အရေးအဖွဲ့သို့ပြောပြခဲ့သည့်အတိုင်းပင်မိမိတို့နေအိမ်များမှမဖြစ်မနေထွက်ခဲ့ကြရပါသည်။

**''ကျွန်တော်သည်နအဖစစ်တပ်၏ဖိနှိပ်အုပ်ချုပ်မှုကြောင့်ဤနေရာသို့ထွက်ပြေးလာခဲ့ရပါသည်။ထို့အပြင်ရွာတွင်ပညာကိုလည်းကောင်း မွန်စွာသင်ကြားခွင့်မရရှိပေ။နအဖစစ်သားများတောင်ယာသို့သွားရာလမ်းများတွင်မြေမြှုပ်မိုင်းများထောင်ထားခြင်းကြောင့်ကျွန်တော်တို့ မိသားစုနှင့် တခြားမိသားစုများသည် မိမိတို့စားဝတ်နေရေးအတွက် လွတ်လပ်စွာအလုပ်လုပ်ကိုင်ခွင့်မရရှိပေ။ ဤကဲ့သို့သောအခြေ အနေများကြောင့် ကျွန်တော်တို့မိဘများသည် ကျွန်တော့်ကို ကျောင်းပညာသင်ကြားပေးနိုင်ခြင်းမရှိပေ။''**

**–စော ---(ကျား၊၁၆)၊ ---ရွာ၊ညောင်လေးပင်ခရိုင်(မေလ ၂၀၀၈)**

## ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်း

အထက်တွင်ဖော်ပြခဲ့သောကရင်ပြည်နယ်ခရိုင်ဒေသလေးခုကိုနအဖနှင့်ဒီကေဘီအေစစ်တပ်များမှတင်းကျပ်စွာထိန်းချုပ်ထားသော်လည်းထိုဒေသများတွင်ကေအန်ယူနှင့်ကေအန်အယ်(လ်)အေအဖွဲ့ဝင်များသည်လည်းလှုပ်ရှားလျှက်ရှိပါသည်။ ထို့ကြောင့် နအဖနှင့်ဒီကေဘီအေတပ်ဖွဲ့ဝင်များသည် ထိုဒေသရှိရွာသားများကို ကေအန်အယ်(လ်)အေတပ်ဖွဲ့ဝင်များနှင့် ဆက်သွယ်သည်(သို့မဟုတ်)၎င်းအဖွဲ့အစည်းများကိုထောက်ပံ့ကူညီသည်ဟုစွပ်စွဲကာဖမ်းဆီးထိန်းသိမ်းခြင်းနှင့်ကြမ်းတမ်းစွာရိုက်နှက်နှိပ်စက်ခြင်းတို့ကိုပြုလုပ်ကြပါသည်။နအဖစစ်သားများသည်အတိုက်အခံတပ်ဖွဲ့များကိုတန်ပြန်တိုက်ခိုက်သည့်စစ်ဆင်ရေးများတွင်အထက်ပါအတိုင်းရွာသားများကိုဖမ်းဆီးနှိပ်စက်ခြင်းကိုနည်းဗျူဟာတစ်ရပ်အနေဖြင့် ကျင့်သုံးပါသည်။ ဤနည်းဗျူဟာကို အသုံးပြုခြင်းဖြင့် နအဖစစ်တပ်များသည် ရွာသူ၊ရွာသားများခြိမ်းခြောက်နိုင် ပြီး ကေအန်အယ်(လ်)အေတပ်ဖွဲ့များ၏ လှုပ်ရှားမှုသတင်းကိုလည်းရရှိနိုင်ပါသည်။ မည်သို့ပင်ဆိုစေ နအဖစစ်သားများ၏ အထက်ပါအလွဲသုံးစားဖိနှိပ်မှုများသည်အတင်အဓမ္မ ခြိမ်းခြောက်ငွေညှစ်အနိုင်ကျင့်မှုများ၏ရှေ့ပြေးလက္ခဏာပင်ဖြစ်ပါသည်။

၂၀၀၈ခုနှစ်တွင်ပြုလုပ်ခဲ့သောတွေ့ဆုံမေးမြန်းမှုများကိုကြည့်ရှုခြင်းဖြင့်ရွာသူရွာသားများစွာသည်ကေအန်ယူသို့မဟုတ် ကေအန်အယ်(လ်)အေနှင့်ဆက်သွယ်မှုရှိသည်ဟုစွပ်စွဲခံရပြီးဖမ်းဆီးနှိပ်စက်ခြင်းခံရသည ် ကိုတွေ့ရှိနိုင်ပေသည်။အချို့ရွာသားများသည်ကေအန်အယ်(လ်)အေတပ်ဖွဲ့များ၏တပ်စခန်းတည်နေရာကိုမသိရှိပါဟုပြောဆိုလျှင်နအဖစစ်သားများ ကလိမ်ညာပြောဆိုသည်ဟုယူဆပါသည်။ထို့ကြောင့်ရွာသူရွာသားများကိုလိမ်ညာသည်ဟုဆိုကာနအဖစစ်သားများမှ ဖမ်းဆီးနှိပ်စက်အနိုင်ကျင့်ပါသည်။

ကရင်ပြည်နယ်တွင်နေထိုင်သောအချို့ရွာသူရွာသားများအထူးသဖြင့်နအဖစစ်သားများ၏ကိုယ်ထိလက်ရောက်ဖမ်းဆီး နှိပ်စက်အနိုင်ကျင့်မှုကိုကြုံတွေ့ခဲ့သောသူများသည်နအဖစစ်သားများ၏အထက်ပါအတိုင်းအလွဲသုံးစားမှုများပြုလုပ်မှုများ ကြောင့်ဘဝအတွက်လုံခြုံစိတ်ချမှုမရှိ၍မိမိနေအိမ်များကိုစွန့်ခွာပြီးပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနေထိုင်ရာစခန်းများ၊ ထိုင်းနိုင်ငံရှိဒုက္ခသည်စခန်းများသို့မဟုတ်မြန်မာပြည်တွင်းနှင့်ပြည်ပရှိရွှေ့ပြောင်းအလုပ်သမားများ နေထိုင်အလုပ် လုပ်ကိုင်ရာ နေရာများသို့ပြောင်းရွှေ့နေထိုင်ကြပါသည်။

**နိဂုံး**

**“ရွာသူရွာသားများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ရပါသည်။ အပိုဝင်ငွေရရှိရန် အခြားမည်သည့်အလုပ်အကိုင်မှမရှိပါ။မိမိတို့ကြိုးစားလုပ်ကိုင်မှုနှင့်ညီမျှသောဝင်ငွေကိုမရရှိကြပါ။ကျွန်တော်တို့တွင်အခြားသီးသန့်ဝင်ငွေအပိုမရှိပါ။ကျွန်တော်တို့သည်ကျွန်တော်တို့လယ်ယာမြေမှရရှိသောစပါးများကိုရောင်းချခြင်းဖြင့်သာရရှိပါသည်။ကျွန်တော်ခန့်မှန်းချက်အရကျွန်တော်တို့ရွာသား ၆၀၀ခန့်သာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ပါသည်။ အခြားသူများသည် ထိုင်းနိုင်ငံသို့သွားရောက်အလုပ်လုပ်ကိုင်ကြပါသည်။ထိုသူများသည်မိမိတို့ရွာတွင်လယ်ယာစိုက်ပျိုးရေးလုပ်ခြင်းဖြင့်လုံလောက်သောစားနပ်ရိက္ခာကိုမရနိုင်ပါဟုထင်မြင်ကြပါသည်။”**

**–ဦး–––(ကျား၊၄၈)၊–––ရွာ၊ဒူးပလာယာခရိုင်(ဩဂုတ်လ ၂၀၀၇)**

အထက်ပါတွေ့ဆုံမေးမြန်းမှုများတွင်ဖော်ပြခဲ့ရသည့်အတိုင်းပင်ကရင်ပြည်နယ်နအဖထိန်းချုပ်နယ်မြေဒေသတွင်နေထိုင်ကြသောရွာသူ၊ရွာသားများသည်နအဖစစ်သားများ၏စနစ်တကျကျူးလွန်သောအလွဲသုံးစားပြုလုပ်မှုများကိုအများအပြားခံစားနေကြရပါသည်။ အထူးသဖြင့် နအဖထိန်းချုပ်နယ်မြေတွင် နအဖစစ်သားများကျူးလွန်သော အလွဲသုံးစားပြုလုပ်မှုများသည်အနိုင်ကျင့်အမြတ်ထုတ်သောသဘောသဘာဝရှိပြီးနအဖစစ်သားများမှအချိန်ကြာမြင့်စွာကတည်းကအမြဲပုံမှန်ကျူးလွန်ခဲ့သောအလွဲသုံးစားပြုလုပ်မှုများဖြစ်ပေသည်။အထက်ပါအလွဲသုံးစားပြုလုပ်မှုများသည်ရွာသူ၊ရွာသားများအတွက်ဆင်းရဲကျပ်တည်းမှု၊လူနေမှုဘဝနှင့်စားနပ်ရိက္ခာမလုံလောက်မှုစသည်တို့ကိုပို၍ဆိုးဝါးလာစေပါသည်။

ကရင်ပြည်နယ်အတွင်းနေထိုင်သောသူများနှင့်ပြုလုပ်သောတွေ့ဆုံမေးမြန်းမှုများတွင်၎င်းတို့သည်နအဖစစ်သားများ၏အလွဲသုံးစားပြုလုပ်မှုများကိုခံရကြောင်းအတိအလင်းပြောဆိုကြပါသည်။ထိုအလွဲသုံးစားမှုများသည်၎င်းတို့မိသားစုများနှင့်အခြားရွာသူ၊ရွာသားများကိုနေအိမ်များမှစွန့်ခွာကြပြီးနိုင်ငံရပ်ခြားများတွင်သွားရောက်အလုပ်လုပ်က ိုင်ကြရန်တွန်းအားဖြစ်စေပါသည်။မည်သို့ပင် ဆိုစေရွာသူ၊ရွာသားအများစုသည်မည်ကဲ့သို့သောရွှေ့ပြောင်းနေထိုင်ခြင်းများပြုလုပ်မည်ကိုထင်ရှားစွာမသိမြင်နိုင်ပေ။တွေ့ဆုံမေးမြန်းခြင်းခံရသူများကိုယ်တိုင်မည်သို့ဆုံးဖြတ်ရမည်ကိုမသိပေ။ထို့ကြောင့်နအဖစစ်တပ်များ၏အလွဲသုံးစားပြုလုပ်မှုများသည်ရွာသူ၊ရွာသားများမိမိတို့၏နေအိမ်ကိုစွန့်ခွာပြီးနိုင်ငံရပ်ခြားတွင်သွားရောက်အလုပ်လုပ်ကိုင်ရန်တွန်းအားဖြစ်စေသည်ကိုပိုမိုပြည့်စုံစွာနားလည်သဘောပေါက်နိုင်ရန်နိုင်ငံရပ်ခြားသို့သွားရောက်အခြေချအလုပ်လုပ်ကိုင်လျှက်ရှိသောသူများ၏ပြောဆိုချက်ဩက်သေခံချက်များကိုသိရှိရန်လိုအပ်ပေသည်။ထိုသူတို့၏ပြောဆိုသက်သေခံချက်ဥပမာများကို၎င်းအစီရင်ခံစာ၏လာမည့်အခန်းနှစ်ခန်းတွင်ဆက်လက်တင်ပြပါမည်။

## ၄။ သတင်းအချက်အလက်များ(၂)၊ ရွှေ့ပြောင်းအလုပ်သမားများအားမြန်မာနိုင်ငံမှထွက်ခွာရန် တွန်းအားပေးသောအရာများနှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ပြောဆိုချက်။

မြန်မာနိုင်ငံသားများအခြားဒေသများသို့ရွှေ့ပြောင်းနေထိုင်အလုပ်အကိုင်ရှာဖွေရခြင်းအကြောင်းအရင်းများတွင်တစ်ခုအပါအဝင်ဖြစ်သော "တွန်းအားပေးသောအရာများ" ဆိုသည်မှာမြန်မာနိုင်ငံသားများသည်မိမိနေထိုင်ရာဒေသများတွင်အခက်အခဲများ၊ ခြိမ်းခြောက်အနိုင်ကျင့်ခံရမှုများနှင့် ရင်ဆိုင်ကြုံတွေ့ကြရသောကြောင့် မိမိတို့ဘဝရှင်သန်ရပ်တည်နိုင်ရန်အတွက် ပိုမိုကောင်းမွန်သည့်အခြားနေရာဒေသသို့ တွန်းထုတ်ခံ ရခြင်းကိုခေါ်ဆိုပါသည်။ မိမိတို့နိုင်ငံမှ ထွက်ခွာရန်တွန်းအားပေးသောအရာသည် လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး (သို့မဟုတ်) မိမိတို့နေထိုင်ရာဒေသပတ်ဝန်းကျင်အခြေအနေများနှင့် ဆက်နွယ်နေပါသည်။ ယခုလက်ရှိ မြန်မာနိုင်ငံအကြောင်း ကိုရေးသားဖော်ပြကြရာတွင် ရွှေ့ပြောင်းအလုပ်သမားများ မြန်မာနိုင်ငံမှထွက်ခွာရန်အဓိကတွန်းအားပေးသောအရာတစ်ခုမှာမြန်မာနိုင်ငံ၏ကျဆင်းနေသောစီးပွားရေးအခြေအနေပင်ဖြစ်ပါသည်။ဥပမာအားဖြင့်ချင်းမိုင်မြို့အခြေစိုက်ရွှေ့ပြောင်းအလုပ်သမားများအကူအညီပေးရေးအဖွဲ့ (MAP foundation)မှ ရွှေ့ပြောင်းအလုပ်သမားများ၏အခြေအနေကိုအောက်ပါအတိုင်းရေးသားဖော်ပြခဲ့ပါသည်။တွေ့ဆုံမေးမြန်းမှုကိုဖြေဆိုခဲ့သူများ မြန်မာနိုင်ငံတွင်နေထိုင်စဉ်ကြုံတွေ့ခဲ့ရသောအလွဲသုံးစားမှုအမျိုးမျိုးကိုတစ်ဖက်စာမျက်နှာရှိပုံ(၃)တွင်ဖော်ပြထားပါသည်။

**"လွန်ခဲ့သောဆယ်နှစ်အချိန်ကမြန်မာရွှေ့ပြောင်းနေထိုင်သူများသည်စစ်အစိုးရ၏နေရာရွှေ့ပြောင်းနေထိုင်စေခြင်းနှင့်အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းခံရသောနယ်စပ်ဒေသနှင့်လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်နေသောနယ်စပ်ဒေများမှထွက်ခွာလာကြသူများသာဖြစ်ပါသည်။ ယနေ့အချိန်တွင်မူမြန်မာနိုင်ငံ၏ဆိုးရွားသောစီးပွားရေးကျဆင်းမှုသည်မြန်မာနိုင်ငံသားအားလုံးကိုထိခိုက်စေသောကြောင့်ယနေ့မြန်မာရွှေ့ပြောင်းနေထိုင်ကြသူများသည် မြန်မာနိုင်ငံဒေသအနှံ့မှလာရောက်ကြသောသူများဖြစ်ပါသည်။"** [၂၆]

မြန်မာနိုင်ငံမှရွှေ့ပြောင်းနေထိုင်သူများသည်မိမိတို့မူရင်းနေထိုင်ရာဒေသများတွင်စီးပွားရေးကျပ်တည်းမှုအခြေအနေကိုအကြောင်းပြ၍နိုင်ငံရပ်ခြားတွင်ခိုလှုံခွင့်တရားဝင်တောင်းခံ၍မရပေ။သို့မဟုတ်ဒုက္ခသည်စခန်းများတွင်သွားရောက်နေထိုင်ခွင့်မရပေ။ မြန်မာနိုင်ငံမှထွက်ခွာလာပြီး အိမ်နီးချင်းတိုင်းပြည်များတွင် လာရောက်အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားအများစုကိုဒေသတွင်းအစိုးရများမှစီးပွားရေးကျပ်တည်းမှုကြောင့်ရွှေ့ပြောင်းနေထိုင်သူများနှင့်အထူးသဖြင့်တရားမဝင်လာရောက်နေထိုင်သူများဟုအခိုင်အမာအတိအလင်းသတ်မှတ်ပါသည်။ [၂၇]ထို့ကြောင့်ပြည်ပသို့လာရောက်ရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူများကိုဆင်းရဲမွဲတေသောတတိယကမ္ဘာမြန်မာနိုင်ငံမှဆင်းရဲကျပ်တည်းမှုကြောင့်ထွက်ခွာလာသူများဟုယူဆကြပြီးထိုရွှေ့ပြောင်းအလုပ်သမားများကိုအလွဲသုံးစားပြုခံရမှုအကြမ်းဖက်ခံရမှုနှင့်နိုင်ငံရေးဖိနှိပ်ခံရမှုတို့ကြောင့်မြန်မာနိုင်ငံမှထွက်ခွာလာသူများမဟုတ်ပဲဆင်းရဲမွဲတေမှုကြောင့်ထွက်ခွာလာသူများသာဟုသတ်မှတ်ကြပါသည်။ဒုက္ခသည်များနှင့်ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအပေါ်သတ်မှတ်ချက်နှင့်ဆန့်ကျင်စွာပထိုနိုင်ငံတကာမှသဘောတူလက်ခံထားသောစီးပွားရေးကြောင့်ပြောင်းရွှေ့နေထိုင်သူများအကြောင်းကိုရှေ့တွင်ဆက်လက်ဖော်ပြမည့်ရုပ်ပုံ၂တွင်ရှင်းလင်းတင်ပြထားပါသည်။

---

[၂၆] No Human Being is Illegal, No Migrant Worker is Illegal: 1996 – 2006, MAP Foundation, 2006. Accessed at www.mapfoundationcm.org/eng/PDF/eng/map10yrsbook.pdf on March 18th 2009


[၂၇] ဥပမာအားဖြင့်ဘီဘီစီသတင်းဌါနမှတင်ပြခဲ့သည့်အတိုင်းထိုင်းနိုင်ငံအပါအဝင်နိုင်ငံအများအပြားသည်ရိုဟင်ဂျာများကိုတရာမဝင်စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်သူများဟုသတ်မှတ်ပြီးရိုဟင်ဂျာများကိုဒုက္ခသည်များအဖြစ်အသိအမှတ်မပြုပေ။အင်တာနက်စာမျက်နှာ http://news.bbc.co.uk/2/hi/asia-pacific/7941099.stm မှ မတ်လ၁၈ရက် ၂၀၀၉ခုနှစ်တွင်ရယူထားပါသည်။

မြန်မာနိုင်ငံသားများ နိုင်ငံရပ်ခြားသို့ရွှေ့ပြောင်းနေထိုင်ရသည့်အကြောင်းအရင်းများတွင် စီးပွားရေးကျပ်တည်းမှုသည် အဓိကအကြောင်းအရင်းတစ်ခုဖြစ်ပါသည်။ထို့ကြောင့်မြန်မာနိုင်ငံသားများသည်၎င်းစီးပွားရေးကျပ်တည်းမှုအကြောင်း တစ်ခုတည်းကြောင့်သာမိမိတို့နေအိမ်များကိုစွန့်ခွာခဲ့ကြသည်ဟုလူအများမှလွဲမှားစွာယုံကြည်လက်ခံကြပါသည်။ထိုင်းနိုင်ငံ တွင်ဂကရင်လူ့အခွင့်အရေးအဖွဲ့မှပြုလုပ်သောတွေ့ဆုံမေးမြန်းမှုကိုဖြေဆိုခဲ့သူရွှေ့ပြောင်းအလုပ်သမား ၂၇ဦးမှ၎င်းတို့သည် မြန်မာနိုင်ငံတွင်စီးပွားရေးကျပ်တည်းမှုကိုကြုံတွေ့ခဲ့ရသောကြောင့်ထိုင်းနိုင်ငံသို့လာရောက်အလုပ်လုပ်ကိုင်ကြပါသည်ဟု ဖြေဆိုခဲ့ပါသည်။ ထို့ပြင်မက ၎င်း ၂၇ ဦးမှ ၂၁ ဦး (၇၈ ရာခိုင်နှုန်း)သည် မိမိတို့ဆင်းရဲကျပ်တည်းမှုကြုံတွေ့ရခြင်းသည် စစ်အစိုးရ၏ရေရှည်အမြတ်ထုတ်အနိုင်ကျင့်အလွဲသုံးစားပြုလုပ်ခြင်းများကြောင့်ဖြစ်သည်ဟုဆက်လက်ပြောဆိုခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုများကိုဖြေဆိုခဲ့သူများမှပြောပြသောစစ်အစိုးရ၏အမြတ်ထုတ်အလွဲသုံးစားပြုလုပ်မှုများမှာအတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်း၊ မပေးမနေရအခွန်ငွေများကောက်ခံခြင်း၊ ငွေညှစ်ခြင်း၊ လယ်မြေများကို သိမ်းယူခြင်းနှင့် စစ်အစိုးရ၏လက်အောက်မှထွက်ပြေးတိမ်းရှောင်ခြင်းမပြုလုပ်နိုင်ရန်အတွက်သွားလာလှုပ်ရှားခွင့်များကိုကန့်သတ်ပိတ်ပင်တားမြစ်ထားခြင်းတို့ဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းမှုကိုဖြေဆိုခဲ့သူများ မြန်မာနိုင်ငံတွင်နေထိုင်စဉ်ကြုံတွေ့ခဲ့ရသော အလွဲသုံးစားမှုအမျိုးမျိုးကိုတစ်ဖက်စာမျက်နှာရှိရုပ်ပုံတွင်ဖော်ပြထားပါသည်။

**ရုပ်ပုံ ၂။ နိုင်ငံတကာမှ သဘောတူလက်ခံထားသော ဒုက္ခသည်၊ ပြည်တွင်းနေရာရွှေ့ပြောင်းနေထိုင်သူများနှင့် စီးပွားရေးကြောင့် ရွှေ့ပြောင်းနေထိုင်သူများ**

| | မူရင်းနေထိုင်ရာဒေသရှိ အခြေအနေ | တွန်းအား | ဆွဲအား | ရည်ရွယ်ချက်ပန်းတိုင် |
|---|---|---|---|---|
| ဒုက္ခသည်များနှင့်ပြည်တွင်း ရွှေ့ပြောင်းနေထိုင် သူများ | • ဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှု<br>• အကြမ်းဖက်ခံရမှုများ<br>• သဘာဝဘေးအန္တရာယ်<br>• ဖွံ့ ဖြိုးရေးစီမံကိန်းများ | → • ဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုခံရမည်ကိုစိုးရိမ်ခြင်း<br>• ကိုယ်ထိလက်ရောက်နှင့်အလွဲသုံးစားပြုလုပ်မှုများ<br>• အသက်အန္တရာယ် | → • ခိုလှုံရာနေရာတွင်အကာအကွယ်ရှိမှု | → • ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနေထိုင်ရာစခန်းများ<br>• နိုင်ငံရပ်ခြားရှိဒုက္ခသည်စခန်းများ<br>• ခိုလှုံခွင့်ရရှိပါကနိုင်ငံရပ်ခြားရှိမြို့များ |
| စီးပွားရေးကြောင့် ရွှေ့ပြောင်းနေထိုင်သူများ | • ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်း<br>• တတိယကမ္ဘာ၏ဆင်းရဲကျပ်တည်းမှု | • လူမှုဘဝထိခိုက်နစ်နာ ခြင်း<br>• ဆင်းရဲကျပ်တည်းမှု<br>• စားနပ်ရိက္ခာမလုံ လောက်မှု | → • အလုပ်အကိုင်အခွင့်အလမ်းများ | → • စီးပွားရေးဇုံများ (ပြည်တွင်း၊ ပြည်ပမြို့ပြဒေသများ) |

## ရုပ်ပုံ ၃။ ရွှေ့ပြောင်းအလုပ်သမားများ မြန်မာနိုင်ငံမှထွက်ခွာမှီ ကိုယ်တိုင်ခံခဲ့ရသော သို့မဟုတ် မြင်တွေ့ခဲ့ရသော အလွဲသုံးစားပြုလုပ်ခံရမှုများ




**ဖမ်းဆီးနှိပ်စက်ခြင်းနှင့်ဆက်နွယ်သောအလွဲသုံးစားပြုမှုနှင့်ဖြစ်ထုတ်အနိုင်ကျင့်သောအလွဲသုံးစားမှုများ**

ကရင်လူ့အခွင့်အရေးအဖွဲ့မှထိုင်းနိုင်ငံတွင်ပြုလုပ်သောတွေ့ဆုံမေးမြန်းမှုများအားဆိုင်ရပ်ခြားတွင်အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ကြသောမြန်မာနိုင်ငံသားအများစုသည်တစ်ဖြည်းဖြည်းတိုး၍များပြားလာသောစစ်အစိုးရ၏အမြတ်ထုတ်မှုနှင့်အခြားသောအလွဲသုံးစားပြုလုပ်မှုများ၏ဆိုးကျိုးများကြောင့်ထွက်ပြေးလာသူများဖြစ်ပါသည်။ [၂၈]အချို့သောတွေ့ဆုံမေးမြန်းမှုကိုဖြေဆိုသူများ၏ပြောပြချက်အရစစ်အစိုးရသည်ပြည်သူလူထုအပေါ်အမြတ်ထုတ်အလွဲသုံးစားပြုလုပ်သည်သာမကနိုင်ငံရေးနှင့်အခြားကိစ္စများကြောင့်ပြည်သူလူထုအပေါ်အလွဲသုံးစားပြုလုပ်ခြင်းနှင့်ဖမ်းဆီးနှိပ်စက်ခြင်းပြုလုပ်ပါသည်။တွေ့ဆုံမေးမြန်းခြင်းခံရသူတစ်ဦး၏ပြောပြချက်အရှင်းသည် ၂၀၀၉မေလတွင်စစ်အစိုးရမှပြုလုပ်ခဲ့သောဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အတည်ပြုရေးလူထုသဘောထားဆန္ဒခံယူပွဲတွင်ကန့်ကွက်မဲပေးရန်အခြားသူများအားတိုက်တွန်းခဲ့ခြင်းကြောင့်မတရားဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပါသည်။အခြားတွေ့ဆုံမေးမြန်းခံရသူနှစ်ဦး၏ပြောဆိုချက်များတွင်နအဖဒေသခံအာဏာပိုင်များသည်မပေးမနေရမတရားကောက်ခံသောအခွန်ငွေများကိုပေးဆောင်ရန်ငြင်းဆန်သူမည်သူမဆိုမတရားဖမ်းဆီးချုပ်နှောင်ပါမည်။ထို့ကြောင့်အထက်ပါကဲ့သို့သောအလွဲသုံးစားပြုလုပ်မှုများသည်၊အမြတ်ထုတ်အနိုင်ကျင့်သောအလွဲသုံးစား

[၂၈]ဤကဲ့သို့သောတွန်းအားကြောင့်မြန်မာနိုင်ငံမှထွက်ခွာလာသူများသည်ဒုက္ခသည်ဟူသောအဓိပ္ပါယ်ဖွင့်ဆိုနှင့်ကိုက်ညီမှုမရှိပါ။ထို့အပြင်ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနှင့်ပတ်သက်၍ကျင့်သုံးရမည့်လမ်းညွှန်ချက်များတွင်ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများဆိုသည်မှာမိမိတို့နေထိုင်ရာဒေသတွင်လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကြောင့် မဖြစ်မနေမိမိနေရပ်ကိုစွန့်ခွာခဲ့ရသူများဟုဖော်ပြထားပါသည်။ ပြည်တွင်းနေရာရွှေ့ပြောင်းနေထိုင်သူများနှင့်ပတ်သက်၍ကျင့်သုံးရမည့်လမ်းညွှန်ချက်များကိုယခုလက်ရှိထိုင်းနိုင်ငံတွင်နေထိုင်အလုပ်လုပ်ကိုင်နေသောရွှေ့ပြောင်းအလုပ်သမားများအရေးတွင်ချက်ခြင်းဆွဲယူအသုံးပြု၍မရပါ။ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအတွက်လမ်းညွှန်ချက်များသတ်မှတ်ထားသကဲ့သို့စစ်အစိုးရ၏အမြတ်ထုတ်အလွဲသုံးစားမှုကြောင့်စီးပွားရေးကျပ်တည်းကာမြန်မာနိုင်ငံမှထွက်ခွာခဲ့သူများအတွက်ပါနိုင်ငံတကာမှဆွေးနွေးလုပ်ဆောင်ရန်လိုအပ်ပါသည်။

မှုမဟုတ်ဘဲမတရားဖမ်းဆီးနှိပ်စက်မှုနှင့်ဆက်နွယ်သောအလွဲသုံးစားမှုများဖြစ်ပေသည်။တွေ့ဆုံမေးမြန်းခြင်းကိုဖြေဆိုသူနောက်ထပ်တစ်ယောက်သည်ကေအန်အယ်(လ်)အေနှင့်ဆက်သွယ်မှုပြုလုပ်သည်ဟုမတရားစွပ်စွဲခြင်းခံရပြီးမကြာခဏနောက်ယှက်အနိုင်ကျင့်ခံရပါသည်။ တွေ့ဆုံမေးမြန်းခြင်းကိုဖြေဆိုသူအများအပြား၏ ပြောဆိုချက်များတွင် ၎င်းတို့သည်အမြတ်ထုတ်အနိုင်ကျင့်သောအလွဲသုံးစားမှုများနှင့်အခြားသောအလွဲသုံးစားမှုများကိုခံကြရသည်သာမကအချို့သူများ၏ပြောပြချက်များတွင်၎င်းတို့သည်အထက်ပါထိခိုက်နစ်နာစေသောအမြတ်ထုတ်အလွဲသုံးစားပြုမှုများကိုခံကြရသည့်အပြင်စီးပွားရေးအရောက်နှံ့သတ်ပိတ်ပင်မှုနှင့်၎င်းတို့နေထိုင်ရာဒေသများတွင်သဘာဝဘေးအန္တရာယ်များကိုပါခံစားကြရပါသည်။ ဤသည်တို့မှာ၎င်းတို့နေထိုင်ရာမူရင်းဒေသနှင့်အနီးတဝိုက်တွင်အလုပ်အကိုင်ရှားပါးခြင်းနှင့်ရေကြီးခြင်းသို့မဟုတ်မိုးခေါင်ခြင်းကြောင့် စိုက်ပျိုးသီးနှံများဆုံးရှုံးခြင်း စသည်တို့ဖြစ်ပါသည်။ ထို့ပြင်မက အတိုးနှုန်းနည်းပါးသော ငွေချေးစနစ်မရှိသောကြောင့် ၎င်းတို့သည် အတိုးနှုန်းမြင့်မားစွာပေးရသောချေးငွေများကို ပြန်မဆပ်နိုင်ပေ။ ၎င်းတို့ငွေကြေးချေးငှားရခြင်းသည်လည်းနအဖစစ်သားများ၏အမြတ်ထုတ်အနိုင်ကျင့်အလွဲသုံးစားပြုလုပ်ခြင်းကြောင့်ဖြစ်ပါသည်၊အချို့သူများသည်ချေးငွေကိုပြန်မဆပ်နိုင်သောကြောင့် ကိုယ်ပိုင်လယ်ယာစိုက်ခင်းများ သိမ်းယူခြင်းခံရပြီးဘဝရှင်သန်ရပ်တည်၍ မရနိုင်တော့ပေ။

ဤနေရာတွင်အလျှင်းသင့်၍ထောက်ပြရမည်မှာထိုင်းနိုင်ငံတွင်ပြုလုပ်ခဲ့သောတွေ့ဆုံမေးမြန်းမှုများကိုဖြေဆိုမည့်သူတစ်ဦးတစ်ယောက်မျှ၎င်းတို့၏ကျေးရွာများသည်အကြမ်းဖက်မှုနှင့်ကြုံတွေ့ရသောကြောင့်သို့မဟုတ်စစ်တပ်၏တိုက်ခိုက်မှုကိုကြုံတွေ့ရသောကြောင့်၎င်းတို့သည်မိမိနေအိမ်များကိုစွန့်ခွာခဲ့ရသည်ဟုပြောဆိုခဲ့ခြင်းမရှိပါ။မြန်မာနိုင်ငံမှလူဦးရေအများအပြားသည်၎င်းတို့နေထိုင်ရာဒေသတွင်နအဖ၏အကြမ်းဖက်မှုနှင့်တိုက်ခိုက်မှုများကြောင့်ထိုင်းနိုင်ငံ [၂၄](သို့မဟုတ်)အခြားနေရာဒေသများသို့ရွှေ့ပြောင်းနေထိုင်အလုပ်လုပ်ကိုင်လျှက်ရှိသော်လည်း၊ဤအစီရင်ခံစာပါကရင်လူ့အခွင့်အရေးအဖွဲ့မှပြုလုပ်သောတွေ့ဆုံမေးမြန်းမှုကိုဖြေဆိုခဲ့သူများသည်နအဖတင်းကျပ်စွာထိန်းချုပ်ထားသောနယ်မြေဒေသများမှထွက်ခွာခဲ့ကြသူများဖြစ်ကြပါသည်။နအဖစစ်သားများ၏အကြမ်းဖက်မှုများ၊တိုက်ခိုက်မှုများ၊မြေမြှုပ်မိုင်းများထောင်ထားခြင်းများနှင့်လက်နက်ကိုင်ပဋိပက္ခနှင့်ဆက်နွယ်နေသောခြိမ်းခြောက်အနိုင်ကျင့်မှုများစသည့်အခြေအနေများသည်နအဖစစ်တပ်ထိန်းချုပ်နိုင်မှုနည်းပါးသသောကရင်ပြည်နယ်မြောက်ပိုင်းဒေသများတွင်ထိုမှုဖြစ်ပွားလျှက်ရှိပါသည်၊ထိုဒေသမှထွက်ပြေးသူများသည်ကရင်ပြည်နယ်အတွင်းအခြားဒေသများရှိပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနေထိုင်ရာစခန်းများတွင်နေထိုင်ခိုလှုံလေ့ရှိပါသည်အချို့အဆက်အသွယ်ရှိသောသူများသည်ထိုင်းနိုင်ငံရှိဒုက္ခသည်စခန်းများသို့သွားရောက်နေထိုင်လေ့ရှိပါသည်၊အချို့မြန်မာနိုင်ငံမှထွက်ပြေးလာသူများသည်ဒုက္ခသည်စခန်းများတွင်ဒုက္ခသည်အဖြစ်တရားဝင်အသိအမှတ်ပြုခံရပြီး၎င်းတို့သည်ဒုက္ခသည်စခန်းများမှမကြာခဏထွက်ခွာပြီးအနီးဝန်းကျင်ရှိစိုက်ခင်းများသို့မဟုတ်မြို့ပေါ်သို့သွားရောက်ပြီးအလုပ်လုပ်ကိုင်ကြလျှက်ရှိပါသည်၊သို့သော်ကရင်လူ့အခွင့်အရေးအဖွဲ့မှတွေ့ဆုံမေးမြန်းမှုပြုလုပ်သူများတွင်ထိုကဲ့သို့သောသူများမပါရှိပါ။

တွေ့ဆုံမေးမြန်းမှုများကိုဖြေဆိုခဲ့သူများ၏ပြောဆိုခဲ့သည့်အတိုင်းပင်၎င်းတို့မြန်မာနိုင်ငံမှထွက်ခွာပြီးနိုင်ငံရပ်ခြားတွင်အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ရခြင်းသည်အလွဲသုံးစားမှုများ၊စီးပွားရေးကျပ်တည်းမှုနှင့်နေထိုင်ရာဒေသမှသဘာဝဘေးအန္တရာယ်များကြောင့်ဖြစ်သည်ကိုဤအခန်း၏ကျန်ရှိနေသောအပိုင်းတွင်ဆက်လက်၍တင်ပြသွားပါသည်။

[၂၄] See, for example, 1. Brees, “Refugee Business: Strategies of Work on the Thai-Burma Border,” Journal of Refugee Studies 21(3): 380-397,2008,p.383

## အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှု

အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းသည်နအဖစစ်သားများအများဆုံးကျူးလွန်သောအလွဲသုံးစားပြုလုပ်မှုတစ်ခုဖြစ်သည်ဟုတွေ့ဆုံမေးမြန်းမှုကိုဖြေဆိုကြသူများမှပြောကြားပါသည်။တွေ့ဆုံမေးမြန်းမှုဖြေဆိုသူ ၂၇ဦးတွင်၁၉ဦး(၇၀ခန့်)သည် ၎င်းတို့ကိုယ်တိုင်အတင်းအဓမ္မလုပ်အားပေးစေခိုင်းခံခဲ့ရကြောင်း သို့မဟုတ် အခြားသူများ အတင်းအဓမ္မလုပ်အားပေးစေခိုင်းခံရသည်ကိုတွေ့မြင်ခဲ့ရကြောင်းပြောပြပါသည်။၎င်းအတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုများတွင်စစ်အခြေစိုက်စခန်းများတွင်သန့်ရှင်းရေးပြုလုပ်ရခြင်း၊ကားလမ်းဘေးများမှသစ်ပင်ချုံနွယ်များကိုခုတ်ထွင်ရှင်းလင်းရခြင်း၊ပေါ်တာအဖြစ်စက်လက်နက်ပစ္စည်းများသယ်ဆောင်ပေးရခြင်း၊စိုက်ခင်းများတွင်အတင်းအဓမ္မစေခိုင်းခံရခြင်း၊ဝါးလုံးများ၊အင်ဖက်များကိုပြုလုပ်ပြင်ဆင်ပေးရပြီးစစ်စခန်းများသို့ပို့ဆောင်ပေးရခြင်း၊ခြံစည်းရိုးများ၊လမ်းများ၊ဆက်သွယ်ရေးမြောင်းများနှင့်စစ်စခန်းများကိုဆောက်လုပ်ပေးရခြင်းစသည်တို့ပါဝင်ပါသည်။

**''ကျွန်တော်တို့သည်ကားလမ်းများဖောက်လုပ်ပေးရခြင်း၊စစ်စခန်းဂိတ်များတည်ဆောက်ပေးရခြင်းနှင့်စစ်စခန်းခြံဝန်းများကိုသန့်ရှင်းရေးပြုလုပ်ရခြင်းစသည်တို့ကိုလုပ်ဆောင်ရပါသည်။တစ်ခါတစ်ရံတစ်နေ့လုံးလုပ်ကိုင်ရပြီးအချို့နေ့များတွင်နေ့တစ်ဝက်သာလုပ်အားပေးလုပ်ကိုင်ရပါသည်။လူကြီးများဖျားနာ၍လုပ်အားပေးမသွားရောက်နိုင်ပါကကလေးများကိုစေလွှတ်ရပါသည်။အချို့တို့သည်ကိုယ်တိုင်လုပ်အားပေးမသွားရောက်နိုင်၍ငွေကြေးဖြင့်လူစားငှားရမ်းရပါသည်။လူစားငှားရမ်းပါကတစ်ရက်အတွက်၁၀၀၀ကျပ်ပေးရပါသည်။နအဖစစ်တပ်များမှ တောင်းခံသောအတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုများကို လုပ်ဆောင်ရန်ပျက်ကွက်ပါကနအဖအာဏာပိုင်များမှ မတရားဖမ်းဆီးချုပ်နှောင်ခြင်းပြုလုပ်ပါသည်။''**

**-ဦး---(ကျား၊၅၈)၊---ရွာ၊သထုံခရိုင်၊ကရင်ပြည်နယ်(ဖေဖော်ဝါရီလ ၂၀၀၉)** [၃၀]

အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းများကိုပြုလုပ်ရန်ရွာသူရွာသားများသည်မိမိတို့စားဝတ်နေရေးအတွက်နေ့စဉ်လုပ်ကိုင်ရသောအလုပ်ချိန်များမှအချိန်များကိုဖဲ့ယူပေးရပါသည်။တွေ့ဆုံမေးမြန်းမှုဖြေဆိုသူများအချို့၏ဖြေဆိုချက်များအရအရွယ်ရောက်ပြီးသူများမှနာမကျန်း၍ သော်လည်းကောင်း၊မအားလပ်၍သော်လည်းကောင်းလုပ်အားပေးမသွားရောက်နိုင်ပါကကလေးများမှအစားထိုးသွားရောက်ရပါသည်။ အချို့ငွေကြေးအဆင်ပြေသောရွာသူ၊ရွာသားများသည်လုပ်အားပေးမသွားရောက်နိုင်ပါကဒဏ်ငွေပေးဆော င်ခြင်း(သို့မဟုတ်)လူစားထိုးငှားရမ်းကာသွားရောက်လုပ်ကိုင်စေပါသည်။

**''ကျွန်တော်တို့သည်စားဝတ်နေရေးအတွက်အချိန်ပြည့်အလုပ်မလုပ်ကိုင်နိုင်ပါ။တစ်ခါတစ်ရံကျွန်တော်တို့သည်နအဖစစ်စခန်းများကိုရှင်းလင်းပေးရပြီးလမ်းများဖောက်လုပ်ပေးရပါသည်။ ကျွန်တော့်ရွာတွင်နေထိုင်စဉ် နအဖစစ်တပ်မှလုပ်အားပေးတောင်းခံခြင်းကို သွားရောက်လုပ်ကိုင်ပေးရပါသည်။အများအားဖြင့်မူကျွန်တော်၏မိဘများမှလုပ်အားပေးသွားရောက်လုပ်ကိုင်လေ့ရှိပါသည်။လမ်းဘေးများရှိသစ်ပင်၊ခြုံနွယ်များကိုရှင်းလင်းပေးရခြင်း၊စစ်စခန်းများတွင်သန့်ရှင်းရေးလုပ်ကိုင်ပေးရခြင်းစသည်တို့ကိုလုပ်ကိုင်ရပါသည်။တစ်နှစ်လျှင် ၃ကြိမ် သို့မဟုတ် ၄ကြိမ် လုပ်အားပေးသွားရောက်လုပ်ကိုင်ရပါသည်။တစ်ကြိမ်သွားလျှင်တစ်နေကုန် လုပ်အားပေးလုပ်ကိုင်ရပါသည်။ရွာသားများလုပ်အားပေးသွားရောက်မလုပ်ကိုင်ပါကနအဖအာဏာပိုင်များမှဒဏ်ငွေကောက်ခံပါသည်။လုပ်အားပေးမသွားရောက်နိုင်ပါကတစ်နေ့အတွက်၁၀၀၀ကျပ်ပေးဆောင်ရပါသည်။လုပ်အားပေးသွားရောက်လုပ်ကိုင်ရသောနေ့တွင်ကျွန်တော်တို့သည်ကိုယ်ပိုင်လုပ်ငန်းခွင်သို့မသွားရောက်နိုင်ပေ။''**

**-ကို---(ကျား၊၁၇)၊---ရွာ၊ဒူးပလာယာခရိုင်၊ကရင်ပြည်နယ်(ဇန်နဝါရီ၂၀၀၉)**

[၃၀] ၎င်းအခန်းတွင်ဖော်ပြခဲ့သောတွေ့ဆုံမေးမြန်းမှုများသည်ကရင်လူ့အခွင့်အရေးအဖွဲ့မှထိုင်းနိုင်ငံတွင်လက်ရှိအလုပ်လုပ်ကိုင်နေသောမြန်မာနိုင်ငံသားများနှင့် ၂၀၀၉ ဇန်နဝါရီမှ မတ်လအတွင်းပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

အများအားဖြင့်ရွာသူရွာသားများ၏စီးပွားရေးအခြေအနေများကိုဆိုးရွားစေသောနအဖစစ်အစိုးရ၏အလွဲသုံးစားမှုများနှင့် ဖိနှိပ်မှုများတွင်အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခြင်းသည်တစ်ခုအပါအဝင်ဖြစ်ပါသည်။ သို့သော်အချို့သူများ၏ပြောပြချက် အရင်းတို့ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်အလုပ်လုပ်ကိုင်ရခြင်းအကြောင်းများတွင်အတင်းအဓမ္မလုပ်အားပေးစေခိုင်းခံရခြင်း သည်အဓိကကျသောအကြောင်းအရာတစ်ခုဖြစ်သည်ဟုပြောဆိုကြပါသည်။

**''ကျွန်မတို့ရွာမှရွာသားထက်ဝက်ကျော်သည်ထိုင်းနိုင်ငံသို့လာရောက်အလုပ်လုပ်ကိုင်ကြပါသည်။ကျွန်မတို့ရွာသားများရွာမှထွက်ပြေးလာ ရခြင်းသည် အတင်းအဓမ္မလုပ်အားပေးလုပ်ကိုင်ရခြင်း ဒဏ်မခံနိုင်သောကြောင့်ဖြစ်ပါသည်။ထို့ကြောင့် ထိုင်းနိုင်ငံတွင်လာရောက်အလုပ် လုပ်ကိုင်ကြပါသည်။''**

**–မ–––(မ၊၂၁)၊–––ရွာ၊ဒူးပလာယာခရိုင်၊ကရင်ပြည်နယ်(ဖေဖော်ဝါရီလ ၂၀၀၉)**

## အခွန်ငွေများမတရားကောက်ခံခြင်း

နအဖစစ်သားများ၏ဂုတ်သွေးစုပ်အမြတ်ထုတ်အလွဲသုံးစားပြုလုပ်ခြင်းများ တွင်မတရားအခွန်ငွေများကောက်ခံခြင်းသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ထိုကဲ့သို့အခွန်ငွေများကောက်ခံလျှက်ရှိသော်လည်းတစ်ခါတစ်ရံတွင်ဤအခွန်ငွေ များကို နအဖစစ်တပ်မှလုပ်ဆောင်နေသောလုပ်ငန်းများတွင်အသုံးပြုခြင်းမရှိပေ။ တွေ့ဆုံမေးမြန်းမှုများကိုဖြေဆိုခဲ့သူထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသူ၂၉ဦးတွင်၁၆ဦး(၅၉ ခန့်)သည်၎င်းတို့ပေးဆောင်ခဲ့ရသောမတရားငွေကြေးကောက်ခံခဲ့ခြင်းများကို ပြောပြခဲ့ပါသည်။ထိုမတရားငွေကြေးကောက်ခံမှုများမှာကျေးရွာပြည်သူစစ်များကိုထောက်ပံ့ရန်၊အခွန်ငွေများပေးဆောင်ရ ခြင်း[၃၀]၊လမ်းဖောက်လုပ်ရေးအတွက်ပေးဆောင်ရခြင်း၊ကင်းကြေးများပေးဆောင်ရခြင်း၊ကျောင်းလုပ်ငန်းများတွင်သုံးရန်နှင့် ကျောင်းများပြုပြင်ရေးအတွက်ပေးဆောင်ခြင်းနှင့်ရုံဖန်ရံခါကျင်းပသောအားကစားပွဲများအတွက်ငွေကြေး များပေးဆောင် ရခြင်းတို့ဖြစ်ပါသည်။ ထို့ ပြင်မက တွေ့ဆုံမေးမြန်းမှု ဖြေဆိုခဲ့သူများမှ ထပ်မံပြောပြသည်မှာ အရက်ချက်လုပ်မှုအတွက် လိုင်စင်ခပေးဆောင်ရခြင်းနှစ်စဉ်မိမိလယ်ယာမှထွက်ရှိသောစပါးများကိုခွဲတမ်းဖြင့်အစိုးရထံရောင်းချရခြင်းနှင့်လျှပ်စစ်မီး၊ အိမ်ခြံမြေအခွန်များပေးဆောင်ရခြင်းစသည့် အခွန်ငွေများကိုလည်းပေးဆောင်ရကြောင်းပြောပြခဲ့ပါသည်။ အောက်တွင် ဖော်ပြထားသောတွေ့ဆုံမေးမြန်းမှုအပြည့်အစုံတွင်ရွာသူ၊ရွာသားများသည်မတရားကောက်ခံသောအခွန်ငွေကြေးများကို အလွန်အကျွံပေးဆောင်ရကြောင်းပေါ်လွင်ထင်ရှားစွာတွေ့ရပါမည်။တွေ့ဆုံမေးမြန်းခြင်းကိုဖြေဆိုခဲ့သူအသက် ၂၇နှစ် အရွယ်ရှိမ–––မှဖေဖော်ဝါရီလ ၂၀၀၉ခုနှစ်တွင်ကရင်လူ့အခွင့်အရေးအဖွဲ့နှင့်ပြုလုပ်ခဲ့သောတွေ့ဆုံမေးမြန်းမှုတွင် သူမသည် ထိုင်းနိုင်ငံတွင်ရှာဖွေရရှိသောဝင်ငွေကို ကရင်ပြည်နယ်ရှိမိသားစုဝင်များထံ ပြန်လည်ပို့ဆောင်ပေးရပါသည်။ သူမ၏မိသားစုသည် သူမပို့ပေးငွေကြေးဖြင့် နအဖမှ ကောက်ခံသောမတရားသောအခွန်ငွေအမျိုးမျိုးကို ပေးဆောင် ရပါသည်။

[၃၀] ဤအခန်းတွင်ဖော်ပြခဲ့သောတွေ့ဆုံမေးမြန်းမှုများသည်ကရင်လူ့အခွင့်အရေးအဖွဲ့မှထိုင်းနိုင်ငံတွင်လက်ရှိအလုပ်လုပ်ကိုင်နေသောမြန်မာနိုင်ငံသားများ နှင့် ၂၀၀၉ ဇန်နဝါရီမှ မတ်လအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

**ကျွန်မတို့တွင် ငွေမရှိကြောင်းကို သူတို့သိရှိသော်လည်းကျွန်မတို့ကိုအခွန်ငွေအတင်းပေးဆောင် ---**

"ကျွန်မတို့ရွာသူရွာသားများသည်စစ်တပ်အတွက်ပေါ်တာထမ်းပေးရန်မလိုပါ။သို့သော်ကျွန်မမောင်လေးမှပြောပြသည်မှာ နအဖစစ်တပ်များသည်ကျေးရွာပြည်သူစစ်ဖွဲ့စည်းရန်ပြင်ဆင်နေကြပါသည်။ရွာရှိအသက်ငယ်ရွယ်သူများကိုသာပြည်သူ့စစ် တပ်ဖွဲ့သို့ဝင်ရောက်စေပါသည်။ပြည်သူ့စစ်တပ်ဖွဲ့အတွက်ရွာသူရွာသားများမှငွေကြေးပေးဆောင်ရပါသည်။ထို့ကြောင့် ကျွန်မအမေမှ "သမီးမှာငွေရှိလျှင် အမေတို့ကိုပို့ပေးပါ " ဟုပြောခဲ့ပါသည်။ ထိုအချိန်က ကျွန်မတို့ထံတွင် ငွေမရှိပါ။ ကျွန်မအ မေ မြန်မာပြည်သို့ပြန် သည့်အချိန်တွင် ကျွန်မသည် သူမအားငွေ ၂၀,၀၀၀ကျပ်သာပေးလိုက်နိုင်ပါသည်။ ကျွန်မထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ရာတွင်လည်း ဝင်ငွေသိပ်မကောင်းပါ။ ကျွန်မအမေထံမှသိရသည်မှာ သူတို့သည်ယခုအချိန်အထိ အခွန် ငွေများကို ပေးဆောင်နေရပါသည်။ တစ်လလျှင် နှစ်ကြိမ်မှသုံးကြိမ်အထိ အခွန်ငွေပေးဆောင်ရပါသည်။ သို့သော်လည်း ကျွန်မတို့ရွာသူ ရွာသားများသည် စာမတတ်သူများဖြစ်သောကြောင့် မည်သည့်အကြောင်းကြောင့်အခွန်ငွေများပေးဆောင်ရသည်ကိုမသိရှိပါ။

ယခုလက်ရှိအချိန်တွင်ကျွန်မတို့ရွာသူ၊ရွာသားများသည်တစ်ကြိမ်လျှင်၅၀၀၀ကျပ်ပေးဆောင်ရပြီးအမြင့်ဆုံးပေးဆောင် ရသောငွေကြေးမှာ၂၀၀၀၀ကျပ်ဖြစ်ပါသည်။နအဖအာဏာပိုင်များသည်ရွာသားများကိုအုပ်စုသုံးစုခွဲခြားထားပါသည်။ [၉၁] ၄င်းတို့မှာအခြေခံလူတန်းစား၊လူလတ်တန်းစားနှင့်ချမ်းသာသောလူတန်းစားဟူ၍ဖြစ်ပါသည်။ဥပမာအားဖြင့်နအဖမှအခွန် ငွေကောက်ခံရာတွင်အခြေခံလူတန်းစားများသည်၃,၀၀၀ကျပ်ပေးဆောင်ရပြီးချမ်းသာသောလူတန်းစားများသည်၉,၀၀၀ ကျပ်ပေးဆောင်ရပါသည်။လူလတ်တန်းစားမှာမူ၆,၀၀၀ကျပ်နှုန်းဖြင့်ပေးဆောင်ရပါသည်။ [၉၂]

တစ်ခါတစ်ရံတွင်နအဖအာဏာပိုင်များသည်၄င်းတို့ကောက်ခံသောငွေများကိုလမ်းတည်ဆောက်ရေးအတွက်အသုံးပြုမည် ဟုပြောပါသည်။ကျွန်မ၏ကိုယ်ပိုင်အမြင်အရလမ်းတည်ဆောက်ရေးများအတွက်ရွာသူ၊ရွာသားများထံမှငွေကြေးမကောက် ခံသင့်ပါ။ယခုနှစ်တွင်ရေကြီး၊ရေလျှံ၍စိုက်ပျိုးသီးနှံများပျက်စီးရခြင်းကြောင့်ရွာသူ၊ရွာသားများသည်အခက်အခဲများစွာနှင့် ရင်ဆိုင်ကြရပါသည်။ကင်းကြေးအတွက်လည်းဆန်များကိုပေးဆောင်ရပါသည်။ကျွန်မတို့မိသားစုသည်ကိုယ်တိုင်စပါး မစိုက်ပျိုးသောကြောင့်ကင်းကြေးပေးရန်ဆန်များကိုအခြားသူများထံမှဝယ်ယူရပါသည်။ထိုဆန်ဝယ်ယူရန်ကျွန်မတို့မိ သားစုတွင်ငွေမရှိသောကြောင့်ချေးငှါးရပါသည်။ထို့ကြောင့်ကျွန်မတို့တွင်အကြွေးပို၍များလာပါသည်။ဥပမာအားဖြင့် ပထမအကြိမ်၄င်းတို့မှဆန်များတောင်းခံသောအခါကျွန်မတို့တွင်ပေးရန်မရှိသောကြောင့်အကြွေးတင်ရှိပါသည်။ဒုတိယ အကြိမ်ထပ်မံတောင်းခံသောအခါတွင်လည်းကျွန်မတို့သည်မပေးနိုင်ပါ။ဤသို့ဖြင့်ကျွန်မတို့တွင်အကြွေးတစ်ဖြည်းဖြည်း များလာပါသည်။ကျွန်မတို့တွင်အလုပ်မရှိသောကြောင့်၄င်းတို့တောင်းခံသောဆန်များကိုဝကြိမ်တွင်၆ကြိမ်၊၇ကြိမ်သာ ပေးဆောင်နိုင်ပါသည်။မြန်မာနိုင်ငံတွင်ကျွန်မ ၏အစ်ကိုတစ်ယောက်သာအလုပ်လုပ်ပါသည်။ယခုထိုင်းနိုင်ငံတွင်အလုပ်လုပ် သောအခါလည်းကျွန်မတို့ဝင်ငွေသိပ်မကောင်းပါ။ကျွန်မတို့ကိုယ်ပိုင်အမြင်အရရွာသူ၊ရွာသားများသည်မိသားစုစားဝတ်နေ

[၉၁] ပြည်သူစစ်ဆိုသည်မှာ နအဖမှဖွဲ့စည်းပေးထားသော ရပ်ရွာကာကွယ်ရေးတပ်ဖွဲ့ဖြစ်ပါသည်။

[၉၂] Amounts demanded are not the same each time. The speaker gives the example of villagers being demanded 3,000 kyat, 6,000kyat or 9,000kyat. Yet she notes beforehand that demands on her family ranged from 5,000 to 20,000kyat.

ရေးအဆင်မပြေသောကြောင့်ထိုင်းနိုင်ငံသို့သွားရောက်အလုပ်လုပ်ကိုင်ရပါသည်။ရွာတွင်ဒေသခံအာဏာပိုင်များမှတောင်းခံသောငွေကြေးများပေးနိုင်ခြင်းမရှိသောကြောင့်ရွာသူရွာသားများသည်အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ရပါသည်။ဥပမာအားဖြင့်သင်သည်ရွာတစ်ရွာတွင်နေထိုင်လျှင်ဒေသခံအာဏာပိုင်မှတောင်းခံသောငွေကြေးကိုမပေးဆောင်နိုင်ပါကဆူပူဆဲဆိုကြိမ်းမောင်းခြင်းခံရပါမည်။ဤသို့ဆူပူဆဲဆိုကြိမ်းမောင်းခြင်းမခံလိုပါကငင်းတို့တောင်းခံသောငွေကြေးကိုပေးဆောင်နိုင်ရန်ရုန်းကန်လှုပ်ရှားနည်းလမ်းရှာဖွေရပေမည်။အမှန်စင်စစ်ဒေသခံအာဏာပိုင်များသည်ကျွန်မတို့တွင်ငွေမရှိကြောင်းကိုသိရှိသော်လည်းငင်းတို့ကောက်ခံသောငွေကြေးကိုအတင်းအကျပ်ပေးဆောင်စေပါသည်။ ”

–မ–––(မ၊၂၇)၊–––ရွာ၊ဖားအံခရိုင်၊ကရင်ပြည်နယ်၊ဖေဖော်ဝါရီ၂၀၀၉)

## တာဝန်ကျေစပါးရောင်းချရခြင်း(သို့မဟုတ်)ပေးသွင်းရခြင်း

နအဖစစ်အစိုးရမှ၂၀၀၃ခုနှစ်တွင်လယ်သမားများထံမှအခွန်အဖြစ်တာဝန်ကျေစပါးကောက်ခံခြင်းပေါ်လစီကိုတရားဝင်ဖျက်သိမ်းခဲ့သော်လည်းမြန်မာနိုင်ငံရှိလယ်သမားအများနှင့်ထိုင်းနိုင်ငံတွင်ကရင်လူ့အခွင့်အရေးအဖွဲ့နှင့်တွေ့ဆုံမေးမြန်းမှုကိုဖြေဆိုခဲ့သောသူများ၏ပြောပြချက်များအရဒေသခံအာဏာပိုင်များသည်တာဝန်ကျေစပါးပေးသွင်းရခြင်းစနစ်ကိုဆက်လက်၍ကျယ်ပြန့်စွာအသုံးပြုလျှက်ရှိပါသည်။နေရာဒေသအလိုက်လယ်မြေတစ်ဧကလျှင်စပါး၆တင်းမှ၁၂တင်းအထိတာဝန်ကျေစပါးပေးသွင်းရပါသည်။စပါးတစ်တင်းလျှင်၀.၄၅ကီလိုသို့မဟုတ်၂၃.၀၄ပေါင်အလေးချိန်ရှိပါသည်။ အချို့ဒေသများတွင်ရွာသူရွာသားများသည်ဒေသခံအာဏာပိုင်ထံ တာဝန်ကျေစပါးအခမဲ့ပေးသွင်းရပြီးအချို့ဒေသများတွင်ဈေးကွက်ပေါက်ဈေးထက်လျှော့နည်းစွာတာဝန်ကျေစပါးကိုဒေသခံအာဏာပိုင်များထံရောင်းချရပါသည်။

**“မြန်မာနိုင်ငံတွင်နေထိုင်သောကျွန်တော်တို့မိသားစုသည်ကိုယ်ပိုင်လယ်ယာမြေကိုမှီခိုကြရပါသည်။တစ်နှစ်လျှင်စပါးတင်း၄၀၀ရပါသည်။စပါးတင်း၁၀၀လျှင်အခွန်အဖြစ်၁၀တင်းပေးဆောင်ရပါသည်။ယခင်ကကျွန်တော်တို့သည်မိသားစုဝမ်းစာစပါးကိုဦးစွာသိုမှီထားပါသည်။ဝမ်းစာစပါးသိုလှောင်ပြီးပိုလျှံသောစပါးများကိုအစိုးရထံသို့ရောင်းချရပါသည်။ယခုတွင်မူယခင်အချိန်ကဲ့သို့မဟုတ်တော့ပါ။ကျွန်တော်တို့မိသားစုအတွက်ဝမ်းစာစပါးဖူလုံမှုမရှိသော်လည်းဒေသခံအာဏာပိုင်မှသတ်မှတ်ထားချက်အတိုင်းငင်းတို့ထံသို့စပါးရောင်းချရပါသည်။ငင်းတို့တောင်းခံသော တာဝန်ကျေစပါးကိုမပေးသွင်းပါကအာဏာပိုင်များမှ လာရောက်ဖမ်းဆီးပြီး ထောင်သွင်းအကျဉ်းချပါသည်။”**

**–ဦး–––(ကျား၊၅၆)၊–––ရွာ၊ပဲခူးတိုင်း(ဖေဖော်ဝါရီ၂၀၀၉)**

## အတင်းအဓမ္မငွေနှင့်ဥစ္စာများတောင်းခံခြင်း

ရွာသူရွာသားများသည်စစ်အစိုးရ၏မတရားအခွန်ငွေတောင်းခံမှုအမျိုးမျိုးကိုကြုံတွေ့ရသည့်အပြင်တွေ့ဆုံမေးမြန်းခံရသူ၄ဦး(၁၅ )ခန့်တို့သည်စစ်သားများ၏အတင်းအဓမ္မငွေနှင့်ဥစ္စာပစ္စည်းများတောင်းခံခြင်းကိုကြုံတွေ့ခဲ့ရပါသည်။ဤသို့အတင်းအဓမ္မမတရားငွေညှစ်တောင်းခံခြင်းများသုံးခုဖြစ်ပွားခဲ့ရာနှစ်ခုမှာကရင်ပြည်နယ်မြဝတီသို့သွားရာ ကားလမ်းတွင်မှတ်ပုံတင်စစ်ဆေး၍ငွေညှစ်ခြင်းနှင့်တစ်ခုမှာရန်ကုန်မြို့တွင်ဘတ်(စ်)ကားပေါ်တွင်ရဲများမှရှောင်တခင်မှတ်ပုံတင်စစ်ဆေးငွေညှစ်ခြင်းတို့ဖြစ်ပါသည်။နောက်ထပ်ဥပမာတစ်ခုမှာနအဖစစ်သားများရွာသူရွာသားများ၏စားနပ်ရိက္ခာကိုမတရားသိမ်းယူခြင်းဖြစ်ပါသည်။

**''ကျွန်တော်ကားစီးလာ၍ကော့ကရိတ်သို့ရောက်ရှိသောအခါခရီးသည်အားလုံးအားတစ်ယောက်လျှင်တစ်ထောင်ကျပ်ပေးဆောင်ရန် တောင်းခံခြင်းခံရပါသည်။ မည်သည့်အတွက်ကြောင့်ပေးဆောင်ရသည်ကိုမေးမြန်းကြည့်သောအခါအသက်အာမခံကြေးပေးဆောင်ရ ကြောင်းဂိတ်မှူပြန်ပြောခဲ့ပါသည်။ ကျွန်တော်သည် ငွေ၁၀၀၀ကျပ်ကိုမပေးဆောင်ပါက ၄င်းတို့မှလွန်စွာစိတ်ဆိုးဒေါသထွက်ကြပါသည်။ မှတ်ပုံတင်ပါသောသူများလည်းပိုက်ဆံပေးကြရပါသည်။ကျွန်တော်ထိုင်းနိုင်ငံသို့လာရောက်စဉ်ကမြဝတီသို့ရောက်သောအခါငွေ၂၀၀၀၀ ကျပ်ကုန်ကျခဲ့ပါသည်။ ကျွန်တော်လာသောအချိန်ကလမ်းများကိုပိတ်ထားသောအချိန်နှင့်တိုက်ဆိုင်နေပါသည်။ ထို့ကြောင့် ထိုင်းနိုင်ငံ သို့လာရောက်ရသောလမ်းခရီးမှာမလွယ်ကူပေ။''**

**–စော–––(ကျား၊၃၃)၊––––ရွာ၊ဘားအံခရိုင်၊ကရင်ပြည်နယ်၊ဖေဖော်ဝါရီ(၂၀၀၉)**

## သဘာဝဘေးအန္တရာယ်များ

တွေ့ဆုံမေးမြန်းခြင်းများကို ဖြေဆိုသူအများစုတွင် ၄င်းတို့သည် နအဖ၏မတရား ဂုတ်သွေးစုပ်အမြတ်ထုတ်အလွဲသုံး စားပြုမှုများကိုကြုံတွေ့ခဲ့ရကြောင်းပြောဆိုခဲ့ပါသည်။ထိုကဲ့သို့အလွဲသုံးစားမှုများသည်ရံဖန်ရံခါဖြစ်ပေါ်ပြီးရွှေ့ပြောင်း အလုပ်သမားများကိုမိမိနေရပ်မှစွန့်ခွာရန်တွန်းအားပေးသောအကြောင်းအရာများတွင်ထိုအမြတ်ထုတ်အလွဲသုံးစားမှုများ သည်တွန်းအားတစ်ခုဖြစ်ပေသည်။ရွာသူ၊ရွာသားများ၏ဘဝကိုထိခိုက်နစ်နာစေသောအလွဲသုံးစားမှုများစွာကို၄င်းတို့ခံစား ကြရသည့်အပြင်သဘာဝဘေး ဘေးအန္တရာယ်များနှင့်လည်းကြုံတွေ့ကြရပါသည်။ဥပမာအနေဖြင့်အချို့သောသူများ၏ပြောပြချက် အရရေကြီးခြင်း၊မိုးခေါင်ခြင်းနှင့်တောရိုင်းတိရိစ ္ဆာန်များ၏အန္တရာယ်များသည်စိုက်ပျိုးရေးကိုအဓိကအားထားရသောရွာသူရွာ သားအများအပြား၏စားဝတ်နေရေးကိုအလွန်ပင်ထိခိုက်စေပါသည်။

**''အချို့နှစ်များတွင် မိုးများစွာရွာသွန်းသောကြောင့် ရေကြီးပြီးစပါးပင်များသေဆုံးရပါသည်။ အချို့နှစ်များတွင် မိုးနည်းသောကြောင့် လယ်မြေများရေလုံလောက်စွာမရရှိပါ။ ထို့နည်းတူ ပိုးမွှားများဖျက်ဆီးမှုကြောင့် အပင်များသေဆုံးရပါသည်။ လယ်ယာလုပ်ငန်းဆက် လက်မလုပ်ကိုင်လိုသောသူများထိုင်းနိုင်ငံသို့လာရောက်အလုပ်လုပ်ကိုင်ကြပါသည်။တစ်ခါတစ်ရံတွင်ကြွက်များနှင့်တောဝက်များသည် သီးနှံများကို လာရောက်ဖျက်ဆီးပါသည်။''**

**–စော–––(ကျား၊၃၃)၊–––ရွာ၊ဖားအံခရိုင်၊ကရင်ပြည်နယ်၊ဖေဖော်ဝါရီ(၂၀၀၉)**

## အတိုးနှုန်းမြင့်မားသောအကြွေးတင်ရှိခြင်း

တွေ့ဆုံမေးမြန်းခြင်းကိုဖြေဆိုသူများကာရင်လူ့အခွင့်အရေးအဖွဲ့အားပြောပြခဲ့သည်မှာ၄င်းတို့နှင့်မိသားစုဝင်များသည်နအဖ စစ်အစိုးရ၏စဉ်ဆက်မပြတ်ဂုတ်သွေးစုပ်အမြတ်ထုတ်တောင်းဆိုမှုများကြောင့်လည်းကောင်း၊သဘာဝဘေးန္တရာယ်များ ကြောင့်လည်းကောင်း၊အလုပ်အကိုင်ရှားပါးမှုကြောင့်လည်းကောင်း၊ယခုလက်ရှိအချိန် သို့မဟုတ်မြန်မာနိုင်ငံမှ မထွက်ခွာ လာမှီအချိန်မှစ၍ အကြွေးတင်ရှိပါနေကြပါသည်။ တွေ့ဆုံမေးမြန်းခြင်းကို ဖြေဆိုသူ၂၇ဦးတွင် ၂၃ဦး(၈၅ ခန့်)တို့သည် ကြွေးမှီများနှင့် ပတ်သက်၍ ပြောပြကြပါသည်။ ထို၂၃ဦး(၃၃ ခန့်)တွင် ၉ဦးသည် ယခုလက်ရှိအချိန်တွင်အကြွေးတင်ရှိ နေပါသည်။၁၂ဦး(၄၄ )တို့သည်မြန်မာနိုင်ငံမှမထွက်ခွာမှီအချိန်ကပင်အကြွေးတင်ရှိနေကြောင်းနှင့်နောက်ထပ်၂ဦးမှ ၄င်းတို့သည်ကိုယ်တိုင်ပေးဆောင်ရန်ကြွေးမှီမရှိသော် လည်း၄င်းတို့နှင့်တစ်ရွာတည်းနေထိုင်ကြသောရွာသူ၊ရွာသားများ စွာတို့သည်ကြွေးများတင်ရှိနေ ကြောင်းပြောပြခဲ့ပါသည်။

**‘‘ကျွန်မတို့သည်နာမကျန်း၍ဆေးဝါးကုသခံရန်ငွေလိုသောအခါအခြားသူများထံမှငွေကိုချေးယူရပါသည်။ကျွန်မအစ်ကိုသည်တင်ရှိနေသောအကြွေးမြီများကိုပြန်ဆပ်နိုင်ရန်အခြားဒေသများတွင်အလုပ်အကိုင်ရှာဖွေရန်လုပ်ကိုင်ရပါသည်။ငွေတစ်ထောင်ကျပ်ချေးလျှင်အတိုးနှုန်းတစ်လလျှင်(၂၀)ပေးဆောင်ရပါသည်။’’**

**–နော် –––(မ၊၂၂)၊–––ရွာ၊ပဲခူးတိုင်း(ဖေဖော်ဝါရီ ၂၀၀၉)**

**‘‘ကျွန်မသည်ငွေရေးကြေးရေးအခက်အခဲနှင့်ကြုံတွေ့ရပါကအတိုးနှုန်းဖြင့်ငွေချေးသူများထံသွားရောက်ပြီးငွေချေးရပါသည်။ထိုင်းနိုင်ငံကဲ့သို့အတိုးနှုန်းကိုတစ်လတစ်ကြိမ်ပေးဆောင်၍မရပါ။ကျွန်မနေထိုင်ခဲ့သောမြန်မာနိုင်ငံရှမ်းပြည်နယ်တွင်အတိုးနှုန်းကို၁၀ရက်တစ်ကြိမ်မပေးမနေရပေးဆောင်ရပါသည်။ကျွန်မငွေတစ်ထောင်ကျပ်ချေးယူပါကအတိုးနှုန်း၁၀ရက်လျှင်တစ်ကြိမ် ၂၀၀ကျပ်ပေးဆောင်ရပါသည်။ထို့ကြောင့်အတိုးနှုန်းသည်တစ်လလျှင်၆၀၀ဖြစ်ပါသည်။အင်္ဂလိပ်ကိုလိုနီလက်ထက်ချစ်တီးကုလား [၇၇]များတောင်းခံခဲ့သောအတိုးနှုန်းထက်ပို၍များပြားပါသည်။’’**

**–မ–––(မ၊၃၄)၊–––ရွာ၊–––ရှမ်းပြည်နယ်(ဖေဖော်ဝါရီ ၂၀၀၉)**

အများအားဖြင့်ရွာသူရွာသားများသည်မိမိတို့နေထိုင်ရာအနီးဒေသရှိငွေရှင်ကြေးရှင်များထံမှငွေချေးငှားကြပါသည်၊၎င်းတို့ငွေချေးရာတွင် ပေးဆောင်ရသောအတိုးနှုန်းမှာ တစ်လလျှင် ၂၀ ဖြစ်ပါသည်။ အထက်တွေ့ဆုံမေးမြန်းမှုတွင် မ––– ၏ပြောပြချက်အရသူမသည်အတိုးနှုန်းဖြင့်ငွေချေးရာတွင်၁၀ရက်တစ်ကြိမ်အတိုးနှုန်း၂၀ ပေးရသောကြောင့်တစ်လအတွက်အတိုးနှုန်း၆၀ ကျပါသည်၊နောက်ထပ်တစ်ယောက်၏ပြောပြချက်အရတစ်ခါတစ်ရံတွင်အတိုးနှုန်း၁၀ အထိပေးဆောင်ရပါသည်။ အချို့သူများသည် မိမိတို့၏သူငယ်ချင်းများနှင့် ဆွေမျိုးများထံမှချိုသာသောအတိုးနှုန်း တစ်လအတွက် (၀ မှ ၁၀ )ဖြင့်ချေးငှား၍ရကြောင်းပြောပြခဲ့ပါသည်။အနည်းငယ်သောလယ်သမားများသည်နိုင်ငံတော်ပိုင်မြန်မာ့စိုက်ပျိုးမှုဖွံ့ဖြိုးရေးဘဏ်မှတစ်လလျှင်၅ အတိုးနှုန်းသက်သာစွာဖြင့်ချေးငွေအနည်းငယ်ကိုချေးယူနိုင်ပါသည်၊ထိုကဲ့သို့အစိုးရဘဏ်မှအတိုးနှုန်းသက်သာစွာဖြင့် လူတိုင်းချေးယူ၍မရပေ။

**‘‘မြန်မာ့စိုက်ပျိုးမှု ဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကို အတိုးနှုန်း ၅ဖြင့် ချေးငွေထုတ်ပေးပြီး နှစ်ကုန်လျှင် လယ်သမားများမှချေးငွေများကိုပြန်လည်ပေးဆပ်ရပါသည်။အစိုးရဘဏ်မှကျပ်ငွေ၁၀,၀၀၀ချေးယူလျှင်အတိုးနှုန်းတစ်လလျှင်၅၀၀ကျပ်ပေးဆောင်ရပါသည်။ သို့သော် ချေးယူချိန် ၁၂လပြည့်လျှင် ချေးငွေ ၁၀၀,၀၀၀ကျပ်အတွက် အတိုးနှုန်း ၅၀၀၀ကျပ် ပေးဆောင်ရပါသည်။ လယ်ပိုင်ယာပိုင်ရှိသူများသာငွေချေးယူနိုင်ပါသည်။ကျွန်တော်သည်လည်းစိုက်ပျိုးရေးဘဏ်မှငွေချေးယူခဲ့ပါသည်။သို့သော်ထိုချေးငွေကိုပြန်လည်ပေးဆပ်ပြီးဖြစ်ပါသည်။ လယ်ပိုင်မရှိပါကငွေချေး၍မရပါ။ ကြွေးမြီပြန်ဆပ်ရမည့် အချိန်တွင် ပြန်လည်မပေးဆပ်နိုင်ပါက လယ်သမားများကိုနအဖအာဏာပိုင်များမှဖမ်းဆီးပြစ်ဒဏ်ချမှတ်မည်ဖြစ်ပါသည်။’’**

**–ကို –––(ကျား၊၃၀)၊–––ရွာ၊ဖားအံခရိုင်၊ကရင်ပြည်နယ်(ဇန်နဝါရီ ၂၀၀၉)**

စီးပွားရေးပညာရှင်ရှောင်တာနယ်မှမြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်၏အလုပ်လုပ်ပုံအသေးစိတ်ကိုရှင်းလင်းထားပါသည်။ ၎င်း၏ရှင်းလင်းတင်ပြချက်များတွင်ထိုင်းပြည်လူဦးရေ၏ရ၀ ခန့်ရှိသောမြန်မာနိုင်ငံသား လယ်သမားများသည်မည်သည့်အကြောင်းကြောင့် မိသားစုစားဝတ်နေရေးအတွက် အတိုးနှုန်းမြင့်မားသောချေးငွေများကို မကြာခဏချေးယူ ရခြင်းဖြစ်သည်ကိုပေါ်လွင်ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။

‘‘မြန်မာစီးပွားရေးဘဏ်များသည်စိုက်ပျိုးရေးချေးငွေများကိုထုတ်ချေးခြင်း းမရှိပါ။လ ယ်သမားများကိုမြန်မာ့စီးပွားရေးဘဏ်များကိုယ်စားမြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်များမှချေးငွေထုတ်ပေးလေ့ရှိပါသည်၊ထို့ကြောင့်မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးရေး

[၇၇]မြန်မာနိုင်ငံကိုလိုနီလက်ထက်တွင် ငွေတိုးချစားသောအိန္ဒိယနိုင်ငံတောင်ပိုင်းမှ လူမျိုးစု။

ဘဏ်သည် ကျေးလက်ဒေသရှိပြည်သူများအတွက် တစ်ခုတည်းသောငွေချေးဌာနဖြစ်ပါသည်။ ထို့အပြင် ၄င်းဘဏ်၏ အဓိကဦးတည်ချက်မှာ လယ်သမားများအတွက် စိုက်ပျိုးရေးလုပ်ငန်း ကုန်ကျစရိတ်၏ ၃၀ ကိုသာ ထုတ်ချေးပေးနိုင်ရန်ဖြစ်ပါသည်။အမှန်စင်စစ်မြန်မာစိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်သည်လယ်သမားများအတွက်ရည်ရွယ်ထားသောထို ၀ ကိုပင်ပြည့်စုံစွာထုတ်ချေးနိုင်ခြင်းမရှိပါ။၂၀၀၄ခုနှစ်တွင်မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်သည်လယ်သမားများအတွက်ပျမ်းမျှခြင်းအားဖြင့်လယ်မြေတစ်ဧကလျှင်ကျပ်ငွေ၂၀၀၀ကျပ်မှ၈၀၀၀ကျပ်အထိထုတ်ချေးပေးခဲ့ပါသည်။မြန်မာတောင်သူလယ်သမားများတွင်ရင်းနှီးမြှုပ်နှံရန်ငွေကြေးအလုံအလောက်မရှိ၍ချေးဌာနလယ်ယာလုပ်ကိုင်ရသောကြောင့်ကုန်ကျစရိတ်များပြားပြီးထုတ်လုပ်မှုကိုထိခိုက်စေပါသည်။ထို့ ပြင်မကတောင်သူလယ်သမားများသည်လည်းငွေကြေးပိုမိုရင်းနှီးမြှ ုပ်နှံပြီးမိမိလယ်မြေထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးမထုတ်လုပ်နိုင်ကြပေ။ ”[၃၄]

## လယ်ယာမြေများသိမ်းပိုက်ခံရခြင်းနှင့် ဖျက်ဆီးခံရခြင်း

အချို့တောင်သူလယ်သမားရွာသူရွာသားများသည်ငွေချေးသူများထံမှချေးငွေရရှိနိုင်ရန်မိမိလယ်ယာမြေများကိုပေါင်နှံကြရပါသည်။ထိုကဲ့သို့မိမိတို့လယ်ယာမြေများကိုပေါင်နှံချေးငှား၍အလုပ်လုပ်ကိုင်ရသောလယ်သမားများသည်တင်ရှိနေသောကြွေးမြီများကိုမပေးဆပ်နိုင်ပါကလယ်မြေများအသိမ်းပိုက်ခံကြရပါသည်။ထို့ကြောင့်၄င်းတို့၏ဝင်ငွေကိုထိခိုက်စေပြီးစားဝတ်နေရေးကိုလည်းပိုမိုဆိုးရွားစေပါသည်။

**‘‘ကျွန်မတို့စားဝတ်နေရေးပြဿနာနှင့်ကြုံတွေ့ရပါကဥယျာဉ်ခြံမြေကို၁၅၀,၀၀၀ကျပ်ဖြင့်ပေါင်နှံရပါသည်။စားသောက်ကုန်ဈေးနှုန်းများလည်းမြင့်တက်လာပြီးကျွန်မတို့ရွာတွင်အလုပ်လုပ်ကိုင်နိုင်ရန် အလုပ်အကိုင်လည်းမရှိပါ။အပေါင်နှံခံသူ အမျိုးသမီးသည်လည်း ငွေကြေးချမ်းသာသူမဟုတ်ပါ။ သူမ၏ယောကျ်ားသည် မလေးရှားတွင်သွားရောက်အလုပ်လုပ်ကိုင်နေပါသည်။ ထို့ကြောင့် သူမသည် ကျွန်မတို့၏ဥယျာဉ်ခြံမြေကိုဈေးနှုန်းချိုသာစွာဖြင့်အပေါင်ခံပါသည်။နောင်တွင်ကျွန်မတို့သူမထံတင်ရှိနေသောကြွေးမြီအတိုးနှုန်းကိုမပေးဆပ်နိုင်သည်သာမကအရင်းငွေကိုပါပြန်လည်မပေးဆပ်နိုင်ပေ။ထိုအခါကျွန်မတို့၏ဥယျာဉ်ခြံမြေကိုပြန်လည်မရွေးယူနိုင်ဘဲအရှုံးခံရပါသည်။’’**

**–နော်–––(မ၊၂၂)၊–––ရွာ၊ပဲခူးတိုင်း(ဖေဖော်ဝါရီ၂၀၀၉)**

အချို့သူများး၏ပြောပြချက်များတွင်လယ်သမားတစ်ချို့၏လယ်ယာမြေများကိုသိမ်းယူသူများသည်ကြွေးရှင်များမဟုတ်ဘဲဒေသခံအာဏာပိုင်များဖြစ်ပါသည်။၄င်းဒေသခံအာဏာပိုင်များကအချို့လယ်များသည်ပိုင်ရှင်များကလုပ်ကိုင်နိုင်ခြင်းမရှိ၊၄င်းတို့ကောက်ခံသောအခွန်ငွေများကိုပေးဆောင်နိုင်ခြင်းမရှိ၊အချို့လယ်ပိုင်ရှင်များသည်နိုင်ငံတော်မှချမှတ်ထားသောစိုက်ပျိုးရေးလမ်းစဉ်များကိုလိုက်နာခြင်းမရှိသို့မဟုတ်နိုင်ငံတော်ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ဆောင်ရန်အတွက်ဟူသောအကြောင်းပြချက်များဖြင့်လယ်ယာမြေများကိုသိမ်းယူပါသည်။နိုင်ငံတော်ကလယ်မြေတစ်ချို့ကိုထွန်ယက်စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိဟုဆိုကာသိမ်းယူခြင်းသည်နိုင်ငံရပ်ခြားသို့ခေတ္တခဏသွားရောက်အလုပ်လုပ်ကိုင်နေသောသူများအတွက်ထိခိုက်နစ်နာစေပါသည်။

**‘‘ရွာသူရွာသားများသည်၄င်းတို့လယ်မြေများအပေါ်ကောက်ခံသည့်အခွန်ငွေများကိုမပေးဆောင်နိုင်ပါကအစိုးရမှ၄င်းတို့လယ်မြေများကိုလာရောက်သိမ်းပိုက်ပါသည်။ရွာသူ၊ရွာသားများသည်မိမိတို့ပိုင်လယ်ယာမြေများတွင်စပါးစိုက်ပျိုးသည်ဖြစ်စေ၊မစိုက်ပျိုးသည်ဖြစ်စေ**

[၃၄] ပိုမိုသိလိုပါက S.Turnell \ “Burma’s Insatiable State” ဆောင်းပါးတွင်ဖတ်ယူနိုင်ပါသည်။

**အစိုးရမှသတ်မှန်ထားသောအခွန်ငွေနှင့်တာဝန်ကျေစပါးကို ပေးသွင်းရပါသည်။''**

**–စော –––(ကျား၊၃၃)၊–––ရွာ၊ဖားအံခရိုင်၊ကရင်ပြည်နယ်(ဖေဖော်ဝါရီ ၂၀၀၉)**

**''အစိုးရသည်ကားလမ်းများကိုပို၍ပို၍ဖောက်လုပ်လာပါသည်။ကျွန်တော်တို့ရွာတွင်လည်းကားလမ်းအသစ်ကိုဖောက်လုပ်ရာကျွန်တော်၏ဥယျာဉ်ခြံမြေမှဖြတ်၍ဖောက်လုပ်ပါသည်။ထို့ကြောင့်ဥယျာဉ်ခြံမြေတွင်စိုက်ပျိုးထားသောအပင်များစွာပျက်ဆီးဆုံးရှုံးရပါသည်။ကျွန်တော်တို့ယျာဉ်ခြံတွင်ရှောက်သီးသံပုရာသီးများကိုစိုက်ပျိုးပါသည်။အစိုးရမှဖောက်လုပ်သောကားလမ်းသည်ကျွန်တော်တို့၏ဥယျာဉ်ခြံအလယ်မှဖြတ်သွားပါသည်။သို့သော်ထိုနေရာအတွက်အစိုးရမှလျော်ကြေးငွေမပေးပါ။''**

**ဦး –––(ကျား)၊–––ရွာ၊ပဲခူးတိုင်း(ဖေဖော်ဝါရီ ၂၀၀၉)**

# နိဂုံး

အထက်တွင်ရေးသားတင်ပြခဲ့သည့်အတိုင်းပင်သတင်းအချက်အလက်များစုစည်းမှုပထမတစ်စုံတွင်ပါရှိသောကရင်လူ့အခွင့်အရေးအဖွဲ့မှပြုလုပ်ခဲ့သောတွေ့ဆုံမေးမြန်းမှုကိုဖြေဆိုသူကရင်ပြည်နယ်မှရွာသူ၊ရွာသားမည်၍မည်မျှသည်မြန်မာနိုင်ငံကိုစွန့်ခွာ၍နိုင်ငံရပ်ခြားတွင်အလုပ်လုပ်ကိုင်သည်ကိုမသိရှိနိုင်သောကြောင့်သတင်းအချက်အလက်များစုစည်းမှုအမှတ်(၁)နှင့်အမှတ်(၂)တို့သည်တိုက်ရိုက်ဆက်စပ်နေသည်ဟုမသတ်မှတ်ဘဲတစ်ခုနှင့်တစ်ခုအထောက်အကူဖြစ်စေသည်ဟုသဘောထားရပါမည်။ဤသို့ဖြင့်ကရင်လူ့အခွင့်အရေးအဖွဲ့မှသိရှိလိုသည်မှာလက်ရှိထိုင်းနိုင်ငံတွင်အလုပ်လုပ်ကိုင်နေသောရွှေ့ပြောင်းအလုပ်သမားများပြောပြခဲ့သည့် ၄င်းတို့မြန်မာပြည်မှ ထွက်ခွာလာရသည့်တွန်းအားအကြောင်းအရင်းနှင့်ကရင်ပြည်နယ်မှပြည်သူများပြောပြခဲ့သည့်အကြောင်းအရာများတူညီမှုရှိမရှိဟူသည့်အချက်ပင်ဖြစ်ပါသည်။ယခုလက်ရှိကရင်ပြည်နယ်တွင်နေထိုင်သူများ(သတင်းအချက်အလက်အမှတ်(၁)သည်လည်းကောင်းထိုင်းနိုင်ငံတွင်လက်ရှိအလုပ်လုပ်ကိုင်နေသောမြန်မာပြည်သားများ(သတင်းအချက်အလက်အမှတ် ၂)သည်သော်လည်းကောင်း၄င်းတို့သည်နအဖစစ်အစိုးရ၏ရက်စက်သွေးစုပ်အမြတ်ထုတ်အလွဲသုံးစာပြုလုပ်ခြင်းနှင့်ကန့်သတ်ပိတ်ပင်ခြင်းများကိုအများအပြားခံကြရကြောင်းပြောပြခဲ့ကြပါသည်။ထို့ပြင်မကတွေ့ဆုံမေးမြန်းမှုကိုဖြေဆိုသူများဆက်လက်ရှင်းပြသည်မှာနအဖစစ်တပ်၏အလွဲသုံးစားပြုလုပ်မှုများသည်၄င်းတို့၏စားဝတ်နေရေးနှင့်ငွေရေးကြေးရေးကဏ္ဍကိုပါသိသာထင်ရှားစွာထိခိုက်နစ်နာစေပါသည်။ဤအစီရင်ခံစာတွင်ပါဝင်သောသတင်းအချက်အလက်များနှစ်စုံတွင်တူညီသောအချက်မှာမြန်မာနိုင်ငံကျေးလက်ဒေသများတွင်နအဖစစ်အစိုးရ၏အနိုင်ကျင့်အလွဲသုံးစားပြုလုပ်ခြင်းကြောင့်ရွာသူ၊ရွာသားများသည်အသက်ပင်သေဆုံးနိုင်သောဆင်းရဲကျပ်တည်းမှုများနှင့်ရင်ဆိုင်ကြုံတွေ့နေရသည်ဟူသောအချက်ပင်ဖြစ်ပါသည်၊ထို့ကြောင့်ရွာသူ၊ရွာသားများသည်မိမိတို့ဘဝရှင်သန်ရပ်တည်နိုင်ရန်မြန်မာနိုင်ငံကိုစွန့်ခွာပြီးပြည်ပနိုင်ငံများတွင်အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ရခြင်းဖြစ်ပါသည်။

ဤအခန်းတွင်ဖော်ပြခဲ့သောရွာသူ၊ရွာသားများ၏ပြောဆိုချက်များအရ၄င်းတို့ကိုမြန်မာနိုင်ငံမှထွက်ခွာစေရန်တွန်းအားပေးသောအကြောင်းအရာများသည်ဒေသခံအစိုးရ၏ဖိနှိပ်အလွဲသုံးစားမှုနှင့်ဆက်စပ်မှုမရှိသောစီးပွားရေးကျပ်တည်းမှုတစ်ခုတည်းကြောင့်ဟုသတ်မှတ်၍မရပေ။ရွာသူ၊ရွာသားများသည်နအဖစစ်အစိုးရ၏အလွဲသုံးစားပြုလုပ်မှုကြောင့်ဆိုးကျိုးကိုခံစားနေရသည့်အပြင်သဘာဝဘေးအန္တရာယ်နှင့်အခြားသောစီးပွားရေးပြဿနာများသည်လည်း၄င်းတို့ခံစားနေရခြင်းကို

ပိုမိုဆိုးရွားစေပါသည်။ထို့ကြောင့်မြန်မာရွှေ့ပြောင်းအလုပ်သမားများနိုင်ငံရပ်ခြားသို့ထွက်ခွာအလုပ်ရှာဖွေလုပ်ကိုင်ရခြင်းသည် တစ်ခုတည်းသောတွန်းအားကြောင့်ဟုအမြင်ကျဉ်းမြောင်းစွာခွဲခြားသတ်မှတ်၍မရပါ။ [၃၅]

မည်သို့ပင်ဆိုစေမြန်မာနိုင်ငံသားများသည်တွန်းအားများကြောင့်သာပြည်ပသို့ထွက်ခွာအလုပ်လုပ်ကိုင်ရခြင်းဖြစ်သည်ဟု သတ်မှတ်ရာတွင်အခက်အခဲကြုံတွေ့ရခြင်းမဟုတ်ပါ။ဤအစီရင်ခံစာတွင်ဖော်ပြမည့်ရွှေ့ပြောင်းအလုပ်သမားများ မြန်မာနိုင်ငံမှထွက်ခွာရသည့်ဆွဲအားများကိုခွဲခြားသတ်မှတ်ရာတွင်လည်းအခက်အခဲပြဿနာများနှင့်ရှုပ်ထွေးပြည့်နှက် နေပါသည်။

[၃၅] Inge Breees, “Refugee Business: Strategies of work on the Thai-Burma Border,” Journal of Refugee studies 21(3): 380-397,2008,P.383

## ၅။ သတင်းအချက်အလက်များစုစည်းမှု အမှတ်(၁) ။ ဆွဲအားများ

ရွှေ့ပြောင်းအလုပ်သမားများကိုမိမိတို့နေထိုင်ရာမူရင်းဒေသများကိုစွန့်ခွာစေရန်ဆွဲဆောင်မှုများဟူသည်မှာနေရာသစ်ရှိ လူမှုရေး၊စီးပွားရေး၊နိုင်ငံရေး (သို့မဟုတ်) သဘာဝပတ်ဝန်းကျင်အခြေအနေများ၏ဆွဲဆောင်မှုများကို ဆိုလိုပါသည်။ ရွှေ့ပြောင်းအလုပ်သမားများကိုအဓိကဆွဲဆောင်သောအရာများမှာနေရာဒေသသစ်ရှိပိုမိုကောင်းမွန်သောအလုပ်အကိုင်များ နှင့်အခြားငွေရေးကြေးရေးအခွင့်အလမ်းများဖြစ်သည်ဟုတွေ့ရှိရပါသည်။၎င်းနှင့်ဆန့်ကျင်စွာပင်ဒုက္ခသည်များနှင့်ပြည်တွင်း နေရာရွှေ့ပြောင်းနေထိုင်သူများအတွက်ဆွဲဆောင်မှုများသည်အထက်ပါဆွဲအားများကဲ့သို့မဟုတ်ပါ။ဒုက္ခသည်များမှာမူ မြောက်များစွာသောတွန်းအားများဖြစ်သောဖမ်းဆီးချုပ်နှောင်မှု၊အလွဲသုံးစားမှု၊လက်နက်ကိုင်ပဋိပက္ခနှင့်ဘဝလုံခြုံမှုများကို ခြိမ်းခြောက်သောအရာများကြောင့်နေရာသစ်သို့ရွှေ့ပြောင်းနေထိုင်ကြခြင်းဖြစ်ကြောင်းဖော်ပြထားပါသည်။မည်သို့ပင်ဆိုစေ ရွှေ့ပြောင်းအလုပ်သမားများကိုမိမိတို့နေရပ်မှရွှေ့ပြောင်းစေသည့်အချက်သည်မူရင်းဒေသတွင်ကြုံတွေ့ရသောတွန်းအား များကြောင့်သာမဟုတ်ပါ။တစ်စုံတစ်ယောက်သည်အခြားနေရာဒေသတစ်ခုခုသို့ရွှေ့ပြောင်းခိုလှုံရန်လုပ်ဆောင်သောအခါ နေရာသစ်မှဆွဲအားများလည်းအကျုံးဝင်ပါသည်။ဤသို့သောအခြေအနေတွင်ရွှေ့ပြောင်းနေထိုင်သူများအတွက်အဓိကကျ သောဆွဲအားမှာမိမိတို့ဘဝလုံခြုံစိတ်ချမှုအကာအကွယ်များရယူရန်ဖြစ်သည်ဟုနားလည်သဘောပေါက်ရပါသည်။ကုလ သမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှာမူ ဆွဲအားနှင့်ပတ်သက်၍အောက်တွင် ဖော်ပြထားသည့်အတိုင်း သဘောထားထုတ်ပြန်ထားပါသည်။ဤကဲ့သို့သဘောထားထုတ်ပြန်ရခြင်းမှာ အိမ်ရှင်အစိုးရများအနေဖြင့် ကုလသမဂ္ဂမှ ရွှေ့ပြောင်းနေထိုင်သူများကိုအကူအညီအကာအကွယ်ပေးခြင်းကိုဆွဲအား(ဆွဲဆောင်မှု)တစ်ခုဟုယူဆပါသည်။ရွှေ့ပြောင်း နေထိုင်သူများကိုတားဆီးပြီးအိမ်ရှင်နိုင်ငံများမှမိမိတို့နိုင်ငံများတွင်လက်မခံပါကကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာ မင်းကြီးရုံး၏ရွှေ့ပြောင်းနေထိုင်သူများကိုအကာအကွယ်ပေးရန်လုပ်ဆောင်ချက်များအတွက်အတားအဆီးများဖြစ်ပေါ် စေပါသည်။

“နိုင်ငံတကာအဖွဲ့အစည်းများ၊အထူးသဖြင့်ကုလသမဂ္ဂအဖွဲ့၏ရွှေ့ပြောင်းနေထိုင်သူများအကာအကွယ်ပေးရေးလုပ်ငန်းများ သည်တရားဝင်၍သင့်လျော်မှုရှိခြင်း၊မရှိခြင်းဟူသည့်မေးခွန်းကိုနိုင်ငံတကာအစိုးရများမှမေးခွန်းထုတ်လာခြင်းသည်ကြီး ထွားလာသောစိုးရိမ်ပူပန်မှုဖြစ်ပါသည်။အကြောင်းအပွားဖွယ်ရာကိစ္စတစ်ခုမှာရွှေ့ပြောင်းအလုပ်သမားများကိုအကာအကွယ် ပေးခြင်းသည်၎င်းတို့ကိုဆွဲဆောင်နေခြင်းဖြစ်သည်ဟူသည့်အချက်ပင်ဖြစ်ပါသည်။ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်း ကြီးရုံးမှယုံမှန်မဟုတ်သောရွှေ့ပြောင်းနေထိုင်မှုများသည်စီးပွားရေးအခွင့်အလမ်းများ၊ဆွေမျိုးမိသားစုများ၏အဆက်အ သွယ်များနှင့်ဘဝရှေ့ရေးတိုးတက်ရေးစသည့်ဆွဲအားများကြောင့်ဖြစ်သည်ဟုတုန့်ပြန်ပြောဆိုပါသည်။ကုလသမဂ္ဂဒုက္ခ သည်များမဟာမင်းကြီးရုံး၏ အကာအကွယ်ပေးရေးအစီအစဉ်သည် အဓိကကျသောဆွဲအား(ဆွဲဆောင်မှု) တစ်ခုလုံးဝ မဟုတ်ပါ။”[၃၆]

အကာအကွယ်ပေးမှုနှင့်ဆွဲအားများကြားကွာခြားချက်သည်အစိုးရများမှအကာအကွယ်ပေးရေးလုပ်ငန်းများအတွက် ကန့်သတ်ပိတ်ပင်မှုများကိုဆန့်ကျင်ပြောဆိုရာတွင်များစွာအထောက်အကူဖြစ်စေပါသည်။သို့သော်လည်းအကာအကွယ် ရရှိရန်ရွှေ့ပြောင်းလာကြသောဒုက္ခသည်များဟုတရားဝင်သတ်မှတ်ခြင်းခံရသူများနှင့်အလုပ်အကိုင်ရှာဖွေရန်ရွှေ့ပြောင်းလာ

[၃၆]၃၉ကြိမ်မြောက် ကုလသမဂ္ဂ အမြဲတမ်းကော်မတီဝင်များ၏အစည်းအဝေးတွင် လက်ထောက်မဟာမင်းကြီး Erikd Feller ပြောဆိုချက်များ။ အင်တာနက်စာမျက်နှာ www.unhcr.org/refworld/pdfid/4680do3/2.pdf မှ မတ်လ၁၈ရက် ၂၀၀၉ခုနှစ်တွင် ရယူထားပါသည် ်။

ကြသောတရားမဝင်ရွှေ့ပြောင်းနေထိုင်သူများဟုသတ်မှတ်ခြင်းခံရသူများအပေါ်မတူညီသောမညီမျှသောတုံ့ပြန်မှုများကို ပြုလုပ်နိုင်သောအန္တရာယ်ရှိနိုင်ပေသည်။အမှန်စင်စစ်တွင်မူပြည်ပတွင်အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ခြင်းသည်မိမိကိုယ်ကို ကာကွယ်ရန်ရွှေ့ပြောင်းနေထိုင်သူများ၏ကိုယ်တိုင်စတင်လုပ်ဆောင်သောနည်းဗျူဟာတစ်ခုပင်ဖြစ်သည်။၎င်းနည်းဗျူဟာဖြင့် မိမိတို့မူရင်းဒေသမှအလွဲသုံးစားပြုခံရခြင်းများကိုရှောင်လွှဲနိုင်ရန်နှင့်အလွဲသုံးစားမှုများ၏ဆိုးကျိုးများကိုလျော့ပါးစေရန်ဖြစ် ပါသည်။အထက်တွင်ဖော်ပြခဲ့သည့်ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ပြောဆိုချက်များကိုကြည့်ခြင်းဖြင့် နိုင်ငံတကာကူညီထောက်ပံ့ရေးအဖွဲ့အစည်းများမှလက်ခံအသုံးပြုသောနိုင်ငံတကာသဘောတူညီချက်များသည်ကျဉ်း မြောင်းသေးငယ်သောနားလည်သဘောပေါက်မှုများမှထွက်ပေါ်လာခြင်းဖြစ်သည်။အမှန်စင်စစ်ပင်ကုလသမဂ္ဂဒုက္ခသည်များ ဆိုင်ရာမဟာမင်းကြီးရုံး၊ အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရများသည်၎င်း တို့လက်ရှိဆောင်ရွက်နေသည့်အတိုင်း၎င်းတို့သည်ဒုက္ခသည်များဟုတရားဝင်သတ်မှတ်ခြင်းခံရသူများကိုအကာအကွယ် ပေးနေသောအဓိက ကူညီထောက်ပံ့ရေးအဖွဲ့များဖြစ်ပေသည်။ တရားဝင်ဒုက္ခသည်ဟုဆိုရာမိမိကိုယ်ကို ကာကွယ်ရန် လုံးဝမလုပ်ဆောင်နိုင်သောသူများကိုသာခေါ်ဆိုပါသည်။၎င်းသို့အကာအကွယ်ပေးရာတွင်လက်နက်ကိုင်ပဋိပက္ခနှင့်ဆက် စပ်၍ဖမ်းဆီးခြင်းခံခဲ့ရသူများနှင့်ဖစ်မက်ဖြစ်ပွားမှုများမှထွက်ပြေးလာသူများကိုသာနိုင်ငံတကာမှဒုက္ခသည်များနှင့်ပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူများအဖြစ်တရားဝင်အသိအမှတ်ပြုပြီးအကာအကွယ်ပေးပါသည်။ထို့ကြောင့်နအဖအစိုးရ၏ဂုတ်သွေး စုပ်အမြတ်ထုတ်အလွဲသုံးစားမှုများကိုအချိန်ကြာမြင့်စွာကတည်းကခံခဲ့ရသောကြောင့်ထွက်ပြေးလာသူများသည်နိုင်ငံတ ကာမှတရားဝင်သတ်မှတ်သောဒုက္ခသည်များဟုသတ်မှတ်ချက်နှင့်အကျုံးမဝင်ပေ။ထို့အပြင်ရွှေ့ပြောင်းအလုပ်သမားများ အမြဲအသုံးပြုနေသော ၎င်းတို့ကိုယ်တိုင်စတင်လုပ်ဆောင်သော မိမိကိုယ်ကိုကာကွယ်ခြင်းနည်းဗျူဟာများကိုလည်း နိုင်ငံတကာမှပြင်ပမှနေ၍အကူအညီအထောက်အပံ့မပေးနိုင်ပေ။

## ရွှေ့ပြောင်းအလုပ်သမားများကိုယ်တိုင်စတင်လုပ်ဆောင်သောမိမိကိုယ်ကိုကာကွယ်ခြင်း

ရွှေ့ပြောင်းအလုပ်သမားများကိုယ်တိုင်စတင်လုပ်ဆောင်သောမိမိကိုယ်ကိုကာကွယ်ခြင်းနည်းဗျူဟာများကိုဆွဲအားများအဖြစ် နားလည်သဘောပေါက်နိုင်ရန်‘‘ကာအကွယ်ပေးခြင်း’’ဟူသောစကားလုံး၏အဓိပ္ပါယ်ကိုသေချာစွာလေ့လာကြည့်ရှုရန်လို အပ်ပေသည်။ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှဒုက္ခသည်များကိုအကာအကွယ်ပေးခြင်းဟူသည်မှာ ၎င်းတို့ကိုအိမ်ရှင်နိုင်ငံမှနေရပ်ရင်းသို့ပြန်ပို့ခြင်းမှအကာအကွယ်ပေးခြင်းဖြစ်သည်ဟုသတ်မှတ်ယူဆပါသည်။ [၃၇]သို့သော် နိုင်ငံတကာကြက်ခြေနီအဖွဲ့မှ အကာအကွယ်ပေးခြင်းဟူသောအဓိပ္ပါယ်ကို ပိုမိုကျယ်ပြန့်စွာ အောက်ပါအတိုင်းအဓိပ္ပါယ် ဖွင့်ဆိုထားပါသည်။

‘‘လူ့အခွင့်အရေးဥပဒေ၊နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေနှင့်ဒုက္ခသည်ဥပဒေများမှပြဋ္ဌာန်းထားသည့်အတိုင်း၊လူသား တိုင်းသည်ထိုဥပဒေများတွင်ပါရှိသောလူ့အခွင့်အရေးများကိုရရှိရန်ပြုမူဆောင်ရွက်ပေးသောလုပ်ဆောင်ချက်များအားလုံး ကိုအကာအကွယ်ပေးခြင်းဟုခေါ်ပါသည်။’’ [၃၈]

---

[၃၇] UN High Commissioner for Refugees Note on Non-Refoulement (Submitted by the High Commissioner), 23 August 1977. EC/SCP/2. Online. UNHCR Refworld, available at; http://www.unhcr.org/refworld/docid/3ae68ccd10.html. Accessed April 14th 2009.

[၃၈] Protection of Internally Displaced Persons, Inter-Agency Standing Committee, 1999, p.4

လက်တွေ့တွင်မူအကာအကွယ်ပေးခြင်းဟုဆိုရာတွင်အလွဲသုံးစားပြုမှုများကိုအကာအကွယ်ပေးခြင်းနှင့်လျော့နည်းအောင်ပြုလုပ်ပေးခြင်းအလွဲသုံးစားပြုမှုများမှပြန်လည်နာလန်ထူလာသူများကိုကူညီထောက်ပံ့ခြင်းနှင့်နေ့စဉ်ဘဝတွင်ကြုံတွေ့ရသောအလွဲသုံးစားမှုများလျော့နည်းသောပတ်ဝန်းကျင်ကိုဖန်တီးပေးခြင်းစသည်တို့အတွက်ရည်ရွယ်လုပ်ဆောင်သောနည်းဗျူဟာများအားလုံးကိုဆိုလိုပါသည်။ [၇၉]ကရင်လူ့အခွင့်အရေးအဖွဲ့သည်လည်းအထက်ပါပိုမိုကျယ်ပြန့်သောအဓိပ္ပါယ်ဖွင့်ဆိုချက်ကို လက်ခံကျင့်သုံးပါသည်။

ပြည်ပနိုင်ငံများတွင်အလုပ်ရှာဖွေလုပ်ကိုင်ကြခြင်းသည်မြန်မာနိုင်ငံကျေးလက်၊မြို့ရွာများမှပြည်သူများသည်အလွဲသုံးစားမှုများမှရှောင်လွှဲနိုင်ရန်နအဖစစ်အစိုးရ၏ရေရှည်ဂုတ်သွေးစုပ်အမြတ်ထုတ်မှုများမှလွတ်မြောက်နိုင်ရန်နှင့်မြန်မာနိုင်ငံတွင်ကျန်ရစ်သောမိသားစုဝင်များအတွက်အန္တရာယ်ရှိသောနအဖစစ်အစိုးရ၏ဂုတ်သွေးစုပ်အမြတ်ထုတ်မှုများလျော့နည်းနိုင်ရန်၎င်းတို့ကိုယ်တိုင်စတင်လုပ်ကိုင်သော မိမိကိုယ်ကိုကာကွယ်ခြင်းနည်းဗျူဟာဖြစ်ပေသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှတွေ့ဆုံမေးမြန်းခဲ့သောရွှေ့ပြောင်းအလုပ်သမား ၂၇ဦးမှအသက်၃၀အရွယ်ရှိကို–––၏ပြောပြချက်ကိုကြည့်ခြင်းဖြင့်မြန်မာနိုင်ငံမှထွက်ခွာလာသူများအကြောင်းကိုထင်ရှားစွာတွေ့ရှိရပေမည်။ကို–––မှ၂၀၀၉ခုနှစ်ဖေဖော်ဝါရီလတွင်ကရင်လူ့အခွင့်အရေးအဖွဲ့အားပြောပြခဲ့သည်မှာကရင်ပြည်နယ်ရှိ၎င်းနေထိုင်ရာရွာမှရွာသားများအများစုသည်နအဖဒေသခံအာဏာပိုင်များ၏အမြဲပုံမှန်တောင်းဆိုမှုများနှင့်အနှောက်အယှက်ပေးမှုများမှရှောင်လွှဲနိုင်ရန်ထိုင်းနိုင်ငံသို့ထွက်ပြေးတိမ်းရှောင်ပြီးအလုပ်ရှာဖွေလုပ်ကိုင်ကြပါသည်။

**‘‘ရွာသူရွာသားများသည်လယ်ယာအခွန်ငွေများကိုပေးဆောင်ရပြီးတစ်ခါတစ်ရံတွင်နအဖစစ်သားများမှရွာသို့လာရောက်ပြီးရွာသားများထံမှ စားနပ်ရိက္ခာတောင်းယူပါသည်။ရွာသားများမှ ၎င်းတို့တောင်းခံသော စားနပ်ရိက္ခာကို မပေးဆောင်ပါက ရွာသားများ၏ဦးခေါင်းကိုရိုက်နှက်ပါသည်ကျွန်တော်တို့ရွာအနီးဝန်းကျင်တွင်စစ်စခန်းမရှိသော်လည်းစစ်သားများသည်ရွာသို့အမြဲလာလေ့ရှိပါသည်ထို့ကြောင့်ရွာသားများသည် အတင်းအဓမ္မလုပ်အားပေးစေခိုင်းခံရမည်ကို ကြောက်ရွံ့သောကြောင့် ရွာတွင်မနေထိုင်လိုကြပါ။’’**

**–ကို–––(ကျား၊၃၀)၊–––ရွာ၊ဒူးပလာ ယာခရိုင်၊ကရင်ပြည်နယ်(ဖေဖော်ဝါရီ၂၀၀၉)**

ကရင်လူ့အခွင့်အရေးအဖွဲ့နှင့်တွေ့ဆုံမေးမြန်းခဲ့သူရွှေ့ပြောင်းအလုပ်သမားများအားလုံးမှ၎င်းတို့သည်အလွဲသုံးစားပြုလုပ်ခံရခြင်းကိုရှောင်လွှဲရန်အကြောင်းတစ်ခုတည်းကြောင့်ပြည်ပနိုင်ငံများသို့သွားရောက်အလုပ်လုပ်ကိုင်ရန်ဆွဲဆောင ်ခြင်းခံရသည်ဟုဖြေဆိုခဲ့ခြင်းမရှိပါ။ရွှေ့ပြောင်းအလုပ်သမား အများအပြားမှ၎င်းတို့သည်ထိုင်းနိုင်ငံသို့လာရောက်အလုပ်လုပ်ကိုင်ရန်ဆွဲဆောင်ခံရခြင်းမှာထိုင်းနိုင်ငံရှိအလုပ်အကိုင်အခွင့်အလမ်းများသည်လည်း ဆိုးရွားနေသော မြန်မာနိုင်ငံရှိစီးပွားရေးအခက်အခဲများမှလွတ်မြောက်နိုင်ရန်အထောက်အကူဖြစ်စေသောကြောင့်ရွှေ့ပြောင်းနေထိုင်ကြခြင်း ဖြစ်သည်ဟုကရင်လူ့အခွင့်အရေးအဖွဲ့အားပြောပြခဲ့ပါသည်။

**‘‘မြန်မာနိုင်ငံရှိဆိုးရွားသောအခြေအနေများကြောင့်ကျွန်မသည်အသက်ငယ်ရွယ်စဉ်ကတည်းကထိုင်းနိုင်ငံသို့လာရောက်အလုပ်လုပ်ကိုင်ခဲ့ရပါသည်။၁၉၉၉ခုနှစ်မတိုင်မီ၂နှစ်ခန့်ကကျွန်မတို့သည်အခက်အခဲများစွာကိုကြုံတွေ့ခဲ့ရပါသည်။ကျွန်မတို့တွင်ကိုယ်ပိုင်လယ်ယာနှင့်နွားများမရှိသောကြောင့်ကြွေးမြီများစွာတင်ရှိခဲ့ပါသည်။ထို့ကြောင့်ကျွန်မအမေမှကျွန်မအား‘‘သမီးမဲဆောက်မှာအလုပ်သမားလိုနေတယ်။သမီးမဲဆောက်သွားပြီးအလုပ်မလုပ်ချင်ဘူးလား’’ဟုမေးခဲ့ပါသည်။ကျွန်မလည်း‘‘အမေရွာမှာနေလည်းသမီးတို့အခက်အခဲ၊ပြဿနာအမျိုးမျိုးနှင့်ကြုံနေရတာဘဲ။ဒါကြောင့်မဲဆောက်မှာအလုပ်သွားလုပ်မည်’’ဟုပြန်ပြောခဲ့ပါသည်။ထိုအချိန်ကကျွန်မသည်အလွန်ခက်ခဲသော**

[၇၉] Growing the Sheltering Tree: Proteecting Rights through Humanitarian Action, Inter-Agency Standing Committee, 2003, p.11-12.

**အခြေအနေများနှင့်ရင်ဆိုင်ကြုံတွေ့နေရပါသည်။မိဘများသည်လည်းအလွန်ပင်ဆင်းရဲကြပါသည်။"**

**–မ–––(မ၊၂၇)–––ရွာ၊ဖားအံခရိုင်၊ကရင်ပြည်နယ်(ဖေဖော်ဝါရီ၂၀၀၉)**

အချို့ရွှေ့ပြောင်းအလုပ်သမားများမှကရင်လူ့အခွင့်အရေးအဖွဲ့အားအဓိကထားပြောပြခဲ့သည်မှာ၎င်းတို့သည်ပြည်ပနိုင်ငံတွင်အလုပ်လုပ်ကိုင်ခြင်းဖြင့်ငွေကြေးစုဆောင်းနိုင်ခြင်းအတူလာရောက်နေထိုင်သောမိသား စုဝင်များကိုထောက်ပံ့ပေးနိုင်ခြင်း၊ မြန်မာနိုင်ငံတွင်ကျန်ခဲ့သောမိသားစုဝင်များထံငွေများပေးပို့နိုင်ခြင်းနှင့်အတိုးနှုန်းများသောကြွေးမြီများကိုပြန်လည်ပေးဆပ်နိုင်ခြင်းစသည့်အခွင့်အလမ်းများကိုရရှိပါသည်။

**"ကျွန်မသူငယ်ချင်းမှကျွန်မအားထိုင်းနိုင်ငံသို့လာရောက်အလုပ်လုပ်ကိုင်လျှင်ငွေစုနိုင်ပြီးမြန်မာနိုင်ငံရှိမိသားစုများထံပို့ပေးနိုင်သည်ဟုပြောပြခဲ့ပါသည်။ ကျွန်မတို့အိမ်နီးချင်းအချို့တို့သည် ထိုင်းနိုင်ငံရှိ သိုးမွေးစက်ရုံတွင် လာရောက်အလုပ်လုပ်ကိုင်ကြပါသည်။ သူတို့မြန်မာနိုင်ငံသို့ပြန်လာသောအခါပိုမိုကောင်းမွန်သောဘဝဖြင့်နေထိုင်နိုင်ပါသည်။ကျွန်မသည်လည်းသူတို့ကိုအားကျ၍ထိုင်းနိုင်ငံသို့လာရောက်ခဲ့ပါသည်။ယခုအချိန်တွင်ကျွန်မသည်သိုးမွေးစက်ရုံတွင်အလုပ်လုပ်ကိုင်နေပါသည်။"**

**–မ–––(မ၊၃၄)၊–––ရွာ၊ရှမ်းပြည်နယ်(ဖေဖော်ဝါရီ၂၀၀၉)**

ဤအစီရင်ခံစာပြီးခဲ့သောအခန်း ၂ခန်းတွင်ဖော်ပြခဲ့သည့်အတိုင်းပင်မြန်မာကျေးလက်ဒေသများတွင်စစ်အစိုးရ၏အမြတ်ထုတ်အလွဲသုံးစားမှုများနှင့်ဆင်းရဲကျပ်တည်းမှုနေ့စဉ်ဘဝရှင်သန်နိုင်ရန်အခက်အခဲနှင့်စားနပ်ရိက္ခာမလုံလောက်မှုစသည်တို့သည်ဆက်စပ်နေပါသည်။ထို့ကြောင့်နိုင်ငံရပ်ခြားတွင်ရှာဖွေရရှိခဲ့သောငွေများသည်မြန်မာနိုင်ငံတွင်ကြုံတွေ့နေရသောအလွဲသုံးစားပြုခံရခြင်း၏ဆိုးကျိုးများကိုလျော့နည်းစေရန်အသုံးပြုနေရကြောင်းနားလည်သဘောပေါက်နိုင်ပါသည်။

ထို့ပြင်မကာရွှေ့ပြောင်းအလုပ်သမားများသည်ပို့သောငွေကြေးသည်မြန်မာနိုင်ငံတွင်ကျန်ရစ်သောမိသားစုများကြုံတွေ့နေရ သောအမြတ်ထုတ်အလွဲသုံးစားပြုခံရခြင်း၏ဆိုးကျိုးများကိုလျော့နည်းရန် ပြုလုပ်ရာတွင်အကူအညီဖြစ်စေပါသည်။ ၂၀၀၈ခုနှစ်တွင်မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏စီးပွားရေးအခြေအနေနှင့်ပတ်သက်၍ပြုလုပ်ခဲ့သောလေ့လာမှုတွင်ထိုင်းနိုင်ငံတွင်အလုပ်လုပ်ကိုင်နေသောမြန်မာရွှေ့ပြောင်းအလုပ်သမ ားများမှ မြန်မာနိုင်ငံသို့ပြန်လည်ပို့ဆောင်သောငွေကြေးပမာဏသည်များပြားပြီး ၎င်းငွေကြေးများ ကို မိသားစုရှင်သန်ရပ်တည်နိုင်ရန် ပြည့်ဝစွာအသုံးပြုနိုင်ခြင်းမရှိပေ။ ထိုငွေကြေးများကိုနအဖဒေသခံအာဏာပိုင်များမှကောက်ခံသောမတရားအခွန်ငွေများပေးဆောင်ရာတွင်လည်းအသုံးပြုရပါသည်။ဤအမြင်သည်ကရင်လူ့အခွင့်အရေးအဖွဲ့၏တွေ့ဆုံမေးမြန်းမှုများမှတွေ့ရှိချက်များကိုအထောက်အကူဖြစ်စေပါသည်။ [၄၀]

**"ထိုင်းနိုင်ငံတွင်နေထိုင်သောကျွန်မ၏လက်ရှိအခြေအနေနှင့်မြန်မာနိုင်ငံတွင်နေထိုင်ခဲ့ရသောအခြေအနေမှာမတူညီပေ။ထိုင်းနိုင်ငံတွင်အလုပ်လုပ်ကိုင်ရသောကြောင့်ငွေကြေးစုဆောင်းနိုင်ပြီးမြန်မာနိုင်ငံရှိမိသားစုထံငွေပြန်ပို့ပေးနိုင်ပါသည်။ကျွန်မသည်မိသားစုအတွက်တစ်လလျှင်ငွေ၅၀,၀၀၀ကျပ်မှ၇၀,၀၀၀ကျပ်အထိပို့ပေးနိုင်ပါသည်။သို့သော်တစ်ခါတစ်ရံတွင်ငွေပိုမိုစုဆောင်းနိုင်ပါကတစ်လလျှင် ၁၀၀,၀၀၀ကျပ်အထိ ပြန်ပို့ပေးနိုင်ပါသည်။ ကျွန်မသည် မိသားစုဝင်၅ဦးကို ထောက်ပံ့ပေးနေရပါသည်။ ဤသူ၅ဦးမှာ မြန်မာနိုင်ငံရှိကျွန်မ၏မိဘနှစ်ပါး၊တူ၂ယောက်နှင့်တူမသယောက်တို့ဖြစ်ပါသည်။မြန်မာနိုင်ငံတွင်နေထိုင်စဉ်ကအလုပ်ကြိုးစားလုပ်ကိုင်သော်လည်းမိသားစုကိုကောင်းမွန်စွာမထောက်ပံ့နိုင်ပေ။ထိုင်းနိုင်ငံတွင်လာရောက်အလုပ်လုပ်ကိုင်သောအခါဝင်ငွေကိုစုဆောင်းနိုင်ပြီးမိသားစုကိုပိုမိုထောက်ပံ့ပေးနိုင်ပါသည်။"**

**–မ–––(မ၊၂၁)၊–––ရွာ၊ဒူးပလာယာခရိုင်၊ကရင်ပြည်နယ်(ဖေဖော်ဝါရီ၂၀၀၉)**

[၄၀] S Turnell, A. Vicary and W. Bradford, "Migrant-worker remittances and Burma: an economic analysis of survey results," *in Dictatorship, Disorder and Decline in Myanmar*, Monique Skidmore and Trevor Wilson (eds), ANU E Press, 2008.

ရွှေ့ပြောင်းအလုပ်သမားများမြန်မာနိုင်ငံ သို့ငွေကြေးပြန်လည်ပို့ဆောင်ပေးနိုင်ခြင်းသည်အလွန်ပင်အရေးပါပါသည်။အဘယ်ကြောင့်ဆိုသော်အလုပ်လုပ်ကိုင်နိုင်သောလူငယ်လူရွယ်များနိုင်ငံရပ်ခြားသို့ထွက်ခွာအလုပ်လုပ်ကိုင်သောအခါအိမ်တွင် သက်ကြီးရွယ်အိုနှင့်ကလေးသူငယ်များသာကျန်ရစ်ခဲ့သောကြောင့်ဖြစ်ပါသည်။

**‘‘ယနေ့ကျွန်မတို့ရွာတွင်နေထိုင်သူ ရွာသူရွာသားအများအပြားသည် ရွာတွင်မနေထိုင်ကြပါ။ ငယ်ရွယ်သောအိမ်ထောင်ရှင်များပင်လျှင် မိမိတို့၏ကလေးငယ်များကိုမိဘများထံအပ်နှံခဲ့ပြီးဆာန်ကောက်သို့သွားရောက်အလုပ်လုပ်ကိုင်ကြပါသည်။ရွာတွင်ကျွန်မမောင်လေးတစ်ယောက်သာအလုပ်လုပ်ကိုင်ပါသည်။ကျွန်မမိဘများသည်အသက်အရွယ်ကြီးရင့်သောကြောင့်အလုပ်မလုပ်နိုင်ကြပေ။ကျွန်မ၏ကလေးငယ်များသည်ကျွန်မမိဘများနှင့်အတူနေထိုင်ကြပါသည်။တစ်ခါတစ်ရံတွင်ကျွန်မတို့သည်သူတို့ထံသို့ငွေပို့ပေးနိုင်သော်လည်းတစ်ခါတစ်ရံတွင်မပို့ပေးနိုင်ပါ။ထို့ကြောင့်မြန်မာနိုင်ငံရှိကျွန်မမောင်လေးမှငင်းတို့ကိုရှာဖွေကျွေးမွေးရပါသည်။ကျွန်မ၏မောင်လေးသည်အိမ်ထောင်မပြုသေးပါ။ကျွန်မမောင်လေးသည်စုနစ်တန်းအောင်မြင်ပြီးနောက်ကျောင်းမှထွက်ခဲ့ရပါသည်။အဘယ်ကြောင့်ဆိုသော်ကျွန်မမိခင်တွင်မျက်စိရောဂါဖြစ်ပွားနေပြီးကျွန်မတို့မှ ခွဲစိတ်ရန်အတွက် အကုန်ကျမခံနိုင်သောကြောင့် ကျွန်မမောင်လေးမှ ကျွန်မမိခင်ကိုကြည့်ရှုစောင့်ရှောက်ရပါသည်။’’**

**–မ–––(မ၊၂၇)၊–––ရွာ၊ဖားအံခရိုင်၊ကရင်ပြည်နယ်(ဖေဖော်ဝါရီ၂၀၀၉)**

အထက်ပါအချက်များကိုကြည့်ခြင်းဖြင့်မြန်မာရွှေ့ပြောင်းအလုပ်သမားများနိုင်ငံရပ်ခြားသို့ထွက်ခွာပြီးအလုပ်လုပ်ကိုင်ရခြင်းသည် ၄င်းတို့ကိုယ်တိုင်စတင်လုပ်ဆောင်သော မိမိကိုယ်ကိုကာကွယ်ခြင်းနည်းဗျူဟာကို အသုံးပြုခြင်းပင်ဖြစ်ပေသည်။ ရွှေ့ပြောင်းအလုပ်သမားများဤကဲ့သို့ပြည်ပတွင်အလုပ်လုပ်ကိုင်ခြင်းဖြင့်ထားနပ်ရိက္ခာနှင့်ဘဝလုံခြုံရေးအတွက်အထောက်အကူရရှိခြင်းမိမိနေရပ်ဒေသတွင်ကြုံတွေ့ရသောအလွဲသုံးစားပြုခံရမှုများနှင့်ကင်းဝေးရာနေရာတွင်နေထိုင်အလုပ်လုပ်ကိုင်ပြီး မိမိကိုယ်တိုင်နှင့်မိသားစုများကိုထောက်ပံ့ပေးနိုင်ခြင်းမြန်မာနိုင်ငံတွင်ကျန်ရစ်သောမိစားစုများထံငွေပေးပို့နိုင်ခြင်းကြောင့်မိသားစုများကြုံတွေ့နေရသောအလွဲသုံးစားပြုခံရမှုများကိုလျော့နည်းစေရန်ပြုလုပ်ပေးနိုင်ခြင်းနှင့်၄င်းတို့ကိုယ်တိုင်ငွေစု ၍ နေရပ်ဒေသသို့ပြန်လာလျှင်ငွေကြေးအသုံးပြုနိုင်ခြင်းစသည့်အကျိုးအမြတ်များကိုရရှိစေပါသည်။မိမိကိုယ်ကိုကာကွယ်ခြင်းနည်းဗျူဟာတွင်ရွှေ့ပြောင်းအလုပ်သမားများမြန်မာနိုင်ငံမှထွက်ခွာရန်သို့မဟုတ်ပြည်တွင်း၌ပင်မြို့ ပြဒေသများသို့ ရွှေ့ပြောင်းနေထိုင်အလုပ်လုပ်ကိုင်ရန်ဆွဲဆောင်သောအဓိကကျသောဆွဲအားများစွာပါဝင်ပါသည်။

## ရွှေ့ပြောင်းအလုပ်သမားများနှင့် ဒုက္ခသည်များကြားအဓိပ္ပါယ်ဖွင့်ဆိုချက်ရှင်းလင်းမှုမရှိခြင်း

အချို့တွေ့ဆုံမေးမြန်းမှုကိုဖြေဆိုခဲ့သူများ၏ပြောပြချက်များအရင်းတို့သည်နအဖစစ ်အစိုးရ၏အမြတ်ထုတ်အလွဲသုံးစားပြုလုပ်မှုနှင့်ရေရှည်အလွဲသုံးစားမှုများကြောင့်ဖြစ်ပေါ်သောဆိုးကျိုးများမှကင်းဝေးပြီးအကာအကွယ်ရရှိရန်အကြောင်းတစ်ခုတည်းကြောင့် ရွှေ့ပြောင်းနေထိုင်ကြခြင်းမဟုတ်ပါ။ နအဖစစ်သားများ၏ကိုယ်ထိလက်ရောက်အနိုင်ကျင့်မှု ရန်မှအကာအကွယ်ရရှိရန်ဟူသောဆွဲအားကြောင့် ရွှေ့ပြောင်းနေထိုင်ကြခြင်းဖြစ်ပါသည်။ဤကဲ့သို့အခြေအနေမျိုးသည်အထူးသဖြင့်စစ်ဘေးနှင့်ရင်ဆိုင်နေရသူများ၊နေအိမ်များကိုနအဖစစ်သားများမှတိုက်ခိုက်ခြင်းခံရသူများ၊စစ်ပြေးများသို့မဟုတ် ကေအန်ယူ၊အန်အယ်(လ်)ဒီစသည့်အတိုက်အခံအဖွဲ့များကိုကူညီထောက်ပံ့ပေးသူသို့မဟုတ်ကူညီထောက်ပံ့ပေးသည်ဟုစွပ်စွဲခံခဲ့ရသူများနှင့် ပိုမို၍ သက်ဆိုင်ပါသည်။ ဤသူများသည်လည်း စီးပွားရေးကြောင့် ပြောင်းရွှေ့နေထိုင်သူများထွက်ခွာလာသောလမ်းကြောင်းဖြင့်ပင်မြန်မာနိုင်ငံမှထွက်ခွာလာကြခြင်းဖြစ်ပါသည်။ထို့ကြောင့်နအဖ၏မတရားဖမ်းဆီးမှုရန်မှ

ထွက်ပြေးလာသူများသည်နိုင်ငံတကာမှသတ်မှတ်ထားသောဒုက္ခသည်ဟူသည့်အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်အကျုံးဝင်ပါသည်။ ထိုသူများသည်ရိုလုံနေထိုင်ရာအချို့နိုင်ငံများတွင်ကုလသမဂ္ဂအသိအမှန်ပြုဒုက္ခသည်အဖြစ်အသိအမှတ်ပြုခြင်းခံရပါသည်။ အကြမ်းဖက်မှုများနှင့်ခြိမ်းခြောက်မှုများကြောင့်ထွက်ပြေးလာသူများသည်လည်းထိုင်းတော်ဝင်အစိုးရမှ သတ်မှတ်ထားသော ထိုင်းနိုင်ငံဒုက္ခသည်စခန်းများတွင် နေထိုင်ခွင့်ရှိသည်ဟူသောအချက်နှင့်ကိုက်ညီပါသည်။ [၄၁]

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှစီးပွားရေးကြောင့်ပြောင်းရွှေ့နေထိုင်သူများထွက်ခွာခဲ့သောလမ်းကြောင်း ဖြင့် မြန်မာနိုင်ငံမှထွက်ခွာလာသူ ဒုက္ခသည်များ၏ရွှေ့ပြောင်းမှုကိုဖော်ပြနိုင်ရန် ''အကြောင်းများစွာကြောင့်ရွှေ့ပြောင်း နေထိုင်မှု'' နှင့်''ရွှေ့ပြောင်းနေထိုင်ခြင်းနိုလုံခွင့်တောင်းခံခြင်းဆက်စပ်မှုဆသည့်အသုံးအနှုန်းများကိုအသုံးပြုပါသည်။ [၄၂]ဤဒုက္ခသည်များသည်ဒုက္ခသည်စခန်းများသို့သွားရောက်နေထိုင်ခြင်းမပြုလို၍လည်းကောင်းဒုက္ခသည်စခန်းများသို့ သွားရောက်နေထိုင်ရန်အဆက်အသွယ်မရှိ၍လည်းကောင်းအချို့နိုင်ငံများတွင်ဒုက္ခသည်စခန်းများမရှိ၍လည်းကောင်း၊ စသည့်အကြောင်းများကြောင့် ဒုက္ခသည်စခန်းများတွင် မနေထိုင်ဘဲ ပြင်ပတွင်ရွှေ့ပြောင်းအလုပ်သမားများအဖြစ်သာ နေထိုင်ကြပါသည်။ဤသို့နေထိုင်ခြင်းဖြင့်အိမ်ရှင်နိုင်ငံအာဏာပိုင်များ၏ဖမ်းဆီးမှု၊ငွေညှစ်မှုနှင့်နေရပ်ဒေသသို့ပြန်လည်ပို့ ဆောင်ခြင်းစသည့်အတွေ့အကြုံများကိုကြုံတွေ့နိုင်သော်လည်းမြန်မာနိုင်ငံဖိနှိပ်မှုရင်းနေရပ်တွင်ကြုံတွေ့ခဲ့ရသောအခြေအနေနှင့် နှိုင်းယှဉ်လျှင်ထိုင်းနိုင်ငံတွင်ရွှေ့ပြောင်းအလုပ်သမားအဖြစ်နေထိုင်ရခြင်းသည်ဘဝအတွက်ပို၍လုံခြုံမှုရှိစေပါသည်။ထို့အပြင် ဤကဲ့သို့နေထိုင်အလုပ်လုပ်ကိုင်ခြင်းဖြင့်ငွေရရှိနိုင်ပြီးမိသားစုဝင်များကိုထောက်ပံ့နိုင်သည်သာမကမြန်မာနိုင်ငံရှိဆွေမျိုး များထံသို့လည်းငွေကြေးပေးပို့နိုင်ပါသည်။

အောက်တွင်ဖော်ပြထားသောတွေ့ဆုံမေးမြန်းမှုကိုကြည့်ခြင်းဖြင့်''အကြောင်းများစွာကြောင့်ရွှေ့ပြောင်းနေထိုင်မှု''နောက် ကွယ်တွင်ရှိသောတွန်းအားများကိုဥပမာအဖြစ်တွေ့မြင်နိုင်ပါသည်။တွေ့ဆုံမေးမြန်းခြင်းကိုဖြေဆိုခဲ့သူအသက်၃၀အရွယ်ရှိ ကရင်ပြည်နယ်တောင်ပိုင်းတွင်နေထိုင်သူရွာသားတစ်ဦးသည်ကေအန်ယူနှင့်ဆက်သွယ်မှုရှိသည်ဟုနအဖအာဏာပိုင်များ၏ စွပ်စွဲဖမ်းဆီးနှိပ်စက်မှုကိုအကြိမ်ကြိမ်ခံခဲ့ရသောကြောင့်မိမိနေအိမ်မှထွက်ခွာလာပြီးထိုင်းနိုင်ငံတွင်ရွှေ့ပြောင်းအလုပ်သမား အဖြစ်လာရောက်နေထိုင်ပါသည်။

**''ကေအန်ယူ၏အကူအညီဖြင့် ကျွန်တော်ဤနေရာသို့လာရောက်ခဲ့ပါသည်။ကျွန်တော့်အားဤနေရာသို့ပို့ဆောင်ပေးခဲ့သူ၏အမည်ကိုမ ဖော်ပြလိုပါ။နအဖစစ်သားများ ကျွန်တော်တို့ရွာသို့အစဉ်အမြဲလာလေ့ရှိသောကြောင့် ကျွန်တော်ရွာတွင် မနေရဲတော့ပါ။ ထို့ကြောင့် ရွာ သူကြီးမှကျွန်တော်အားပို့ဆောင်ပေးခဲ့သူကိုအကူအညီတောင်းကာလိုက်ပို့စေခဲ့ပါသည်။ကျွန်တော်ပြောလိုသည်မှာလက်ရှိအချိန်တွင် ကျွန်တော်နေထိုင်ရာရွာသို့ကျွန်တော်မပြန်လိုပါ။အဘယ်ကြောင့်ဆိုသော်နအဖစစ်သားများ၏နှောက်ယှက်မှုရန်မှကျွန်တော်အကြိမ်ကြိမ် မထွက်ပြေးလိုပါ။နအဖစစ်သားများသည်ရွာသို့အမြဲလာရောက်ပြီးရွာသားများကို ပေါ်တာထမ်းစေပါသည်။ယခင်ကကျွန်တော်သည် နအဖစစ်သားများရန်မှအစဉ်အမြဲထွက်ပြေးတိမ်းရှောင်ရပါသည်။ထို့ပြင်မကကျွန်တော့်အားကေအန်ယူနှင့်ပူးပေါင်းသည်ဟုနအဖစစ်သား များမှ စွပ်စွဲပါသည်။ကျွန်တော်မှ သူတို့စွပ်စွဲသကဲ့သို့ ကေအန်ယူနှင့် ပူးပေါင်းခြင်းမရှိကြောင်း ပြန်ပြော ပြခဲ့ပါသည်။ကျွန်တော်သည် သာမန်ရွာသားတစ်ဦးသာဖြစ်ပါသည်။သူတို့၏အပြုအမူများကိုမခံရပ်နိုင်သောကြောင့်ဤနေရာသို့လာရောက်ပြီးလွပ်လပ်စွာအလုပ် လုပ်ကိုင်ခြင်းဖြစ်ပါသည်။နအဖစစ်သားများကျွန်တော်တို့အပေါ်ပြုမူသောဆက်ဆံမှုများကိုအမြဲကြောက်ရွံ့နေရပါသည်။''**

**–ကို –––(ကျား၊၃၀)၊–––ရွာ၊ဒူးပလာယာခရိုင်၊ကရင်ပြည်နယ်(ဖေဖော်ဝါရီ ၂၀၀၉)**

[၄၁] ထိုင်းတော်ဝင်အစိုးရသည်ထိုင်းနိုင်ငံဒုက္ခသည်စခန်းများတွင်နေထိုင်သူမြန်မာနိုင်ငံမှထွက်ပြေးလာသူများကိုဒုက္ခသည်များအဖြစ်တရားဝင်အသိအ မှတ်မပြုဘဲ ''စစ်ကြောင့် ယာယီထွက်ပြေးလာသူများ''ဟုသာအသိအမှတ်ပြုပါသည်။

[၄၂]Refugee Protection and Mixed Migration: A 10-Point Plan of Action, UNHCR, January 2007 and Agenda for Protection, UNHCR, October 2003.

ရွှေ့ပြောင်းအလုပ်သမားများတွင်နိုင်ငံရေးကြောင့်ဖမ်းဆီးခံခဲ့ရသူအကြောင်းကိုဥပမာပြရမည်ဆိုလျှင်ဦး–––သည်ထိုင်းနိုင်ငံမှ ၎င်းနေထိုင်ရာပဲခူးတိုင်းရှိကျေးရွာသို့ခေတ္တပြန်သွားစဉ်မေလ ၂၀၀၈ခုနှစ်တွင်စစ်အစိုးရမှပြုလုပ်သောဖွဲ့စည်းပုံအခြေခံဥပဒေ ဆန္ဒခံယူပွဲတွင်ထိုစဉ်ရွာတည်းနေထိုင်သူများအားကန့်ကွက်မဲပေးရန်အားပေးအားမြောက်ပြုလုပ်မှုဖြင့်ဖမ်းဆီးခြင်းခံခဲ့ရ ပါသည်။ဦး–––သည်ဖမ်းဆီးခံရခြင်းမှပြန်လွတ်သည်နှင့်တစ်ပြိုင်နက်ထိုင်းနိုင်ငံသို့ပြန်လာခဲ့ပါသည်။

**''ယမန်နှစ်က ကျွန်တော်နေထိုင်ရာမြို့ရွာသို့ ပြန်ခဲ့ပြီး ထိုင်းနိုင်ငံသို့ပြန်လာမည်ဟု စိတ်ကူးခဲ့ပါသည်။ သို့သော် ရပ်ကွက်လူကြီးမှ ဒေသခံအာဏာပိုင်များသည်ကျွန်တော့်အားထိုင်းနိုင်ငံသို့ပြန်ခွင့်မပေးနိုင်ကြောင်းနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲတွင်မဲပေးရန်လို အပ်ကြောင်းပြောဆိုခဲ့ပါသည်။ ကျွန်တော်သည် ဆန္ဒခံယူပွဲတွင် မဲပေးရန်သွားရောက်စဉ် ကျွန်တော့်ကဲ့သို့ မဲလာပေးသူများ အများအ ပြားကိုတွေ့ခဲ့ရပါသည်။သို့သော်၎င်းတို့သည်ဆန္ဒခံယူပွဲနှင့်ပတ်သက်၍မည်သည့်အရာမျှမသိရှိပေ။ထို့ကြောင့်ကျွန်တော်မှ၎င်းတို့ အားဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကိုကန့်ကွက်မဲပေးရန်ပြောဆိုခဲ့ပါသည်။ထိုကဲ့သို့ပြောဆိုခြင်းကြောင့်ရဲများမှကျွန်တော်ကိုဖမ်းဆီးခဲ့ပြီး ၃ရက်ကြာချုပ်နှောင်ထားခဲ့ပါသည်။''**

**–ဦး–––(ကျား)၊–––ရွာ၊ပဲခူးတိုင်း(ဖေဖော်ဝါရီ၂၀၀၉)**

## နိဂုံး

စီးပွားရေးကြောင့် ရွှေ့ပြောင်းနေထိုင်သူများမြန်မာနိုင်ငံမှထွက်ခွာလာရာနည်းလမ်းအတိုင်းထွက်ခွာခဲ့သောဒုက္ခသည်များ သည်နိုင်ငံတကာအဖွဲ့အစည်းများ၏အကာအကွယ်ကိုရရှိသော်လည်းနိုင်ငံတကာအနေဖြင့်ထိုကဲ့သို့သောဒုက္ခသည်များ ကိုအကာအကွယ်ပေးသည်သာမကစီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်သူများဟုသတ်မှတ်ခြင်းခံရသူမြန်မာနိုင်ငံသား များအတွက်လည်းအကာအကွယ်ပေးနိုင်ရန်လုပ်ဆောင်သင့်ပေသည်။ဆိုလိုသည်မှာ နိုင်ငံတကာအနေဖြင့်မိမိမူရင်း နေထိုင်ရာဒေသများတွင်စီးပွားရေးအကျပ်အတည်းအမျိုးမျိုးကြောင့်နှင့်သဘာဝဘေးအန္တရာယ်များကြောင့်နိုင်ငံရပ်ခြား သို့ထွက်ခွာလာခဲ့သူများကိုတရားဝင်အကာအကွယ်ပေးရန်အသိအမှတ်ပြုရမည်ဖြစ်ပြီး၎င်းတို့ကိုယ်တိုင်စတင်လုပ်ဆောင် သောမိမိကိုယ်ကိုကာကွယ်ခြင်းနည်းဗျူဟာများကိုလည်းအသိအမှတ်ပြုရပေမည်။အဘယ်ကြောင့်ဆိုသော်၎င်းတို့သည် အထူးသဖြင့်ကျေးရွာများတွင်နေထိုင်သူများသည်စစ်အစိုးရ၏အမြတ်ထုတ်အလွဲသုံးစားပြုမှုများကြောင့်စီးပွားရေးကျပ် တည်း၍မြန်မာနိုင်ငံမှထွက်ခွာခဲ့ရခြင်းဖြစ်ပြီး၎င်းတို့သည်နိုင်ငံတကာမှသဘောတူလက်ခံထားသောဒုက္ခသည်ဟူသည့် သတ်မှတ်ချက်ဘောင်နှင့်လုံးဝကိုက်ညီမှုမရှိနိုင်သောကြောင့်နိုင်ငံတကာမှ၎င်းတို့အတွက်ကူညီလုပ်ဆောင်ပေးရန်လို အပ်ပါသည်။ထို့အပြင်ဒုက္ခ သည်များဟုတရားဝင်အသိအမှတ်ပြုခြင်းခံရသူများကိုနေရပ် ရင်းသို့အတင်းအကျပ်ပြန်လည်ပို့ ဆောင်ခြင်းမှအကာအကွယ်ပေးခြင်းဟူသောအကာအကွယ်ပေးမှုထက်ပိုမိုကျယ်ပြန့်သောအကာအ ကွယ်ပေးမှုများကို စီးပွားရေးကြောင့် ရွှေ့ပြောင်းနေထိုင်သူများအတွက်လုပ်ဆောင်သင့်ပေသည်။

ထို့နည်းတူစွာ ၂၀၀၈ခုနှစ်တွင်ကုလသမဂ္ဂဒုက္ခ သည်များဆိုင်ရာမဟာမင်းကြီးရုံးမှာန်ထမ်းတစ်ဦးကအောက်ပါအတိုင်းမှတ် ချက်ချခဲ့ပါသည်။ ''လက်နက်ကိုင်ပဋိပက္ခသို့မဟုတ်နိုင်ငံရေးဖိနှိပ်မှုများကြောင့်မဟုတ်ဘဲအခြားအကြောင်းများကြောင့် မိမိနေရင်းဒေသမှထွက်ခွာခဲ့ပြီးပြည်ပတွင် ရွှေ့ပြောင်းနေထိုင်သူများအရေအတွက်သည်တစ်ဖြည်းဖြည်းများပြားလာပြီး

၎င်းတို့သည်လည်းအကာအကွယ်ပေးမှုမျ ၁းကိုလိုအပ်လျှက်ရှိပါသည်။ [၃၇]ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး ရုံးမှအထက်ပါအတိုင်းမှတ်ချက်ချခဲ့သော်လည်းမိမိမူရင်းနေထိုင်ရာဒေသများမှအကြောင်းအမျိုးမျိုးကြောင့်ထွက်ခွာခဲ့ပြီး ပြည်ပတွင်ရွှေ့ပြောင်းနေထိုင်သူများကိုအဆင့်ခွဲခြားသတ်မှတ်ရေးနှင့်အကူအညီပေးရေးအတွက်နိုင်ငံတကာတရားဥပ ဒေများရေးဆွဲရေးသည် နှောင့်နှေးလျှက်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့သောရွှေ့ပြောင်းနေထိုင်သူများကို မည်သို့ကာကွယ်ပေးရမည်နှင့်၎င်းတို့ကိုယ်တိုင်စတင်လုပ်ဆောင်သောမိမိကိုယ်ကိုကာကွယ်ခြင်းနည်းဗျူဟာစသည်တို့ကို တိတိကျကျပိုမိုနားလည်သဘောပေါက်ရန်နှောင့်နှေးကြန့်ကြာနေသောကြောင့်ဖြစ်ပါသည်။ထို့ကြောင့်စီးပွားရေးကြောင့် ရွှေ့ပြောင်းနေထိုင်သူများမြန်မာနိုင်ငံမှထွက်ခွာလာရခြင်းသည်စစ်အစိုးရ၏အလွဲသုံးစားပြုလုပ်ခြင်းကြောင့်ဟုအသိအ မှတ်ပြုသူအချို့ရှိသော်လည်းနိုင်ငံတကာမှသဘောတူလက်ခံထားသောအကာအကွယ်ပေးခြင်းဥပဒေများကိုအသုံးပြုပြီး ရွှေ့ပြောင်းအလုပ်သမားများ၏လိုအပ်ချက်သဘောဆန္ဒများနှင့်အညီအကာအကွယ်အကူအညီပေးရန်လုပ်ဆောင်သူအနည်း ငယ်သာရှိပါသည်။ရွှေ့ပြောင်းအလုပ်သမားများကိုမည်ကဲ့သို့အဆင့်ခွဲခြားသတ်မှတ်မည်နှင့်၎င်းတို့ကိုပြင်ပမှမည်ကဲ့သို့ အကူအညီပေးနိုင်မည်စသည့်အကြောင်းအရာများကိုရှေ့လာမည့်အခန်းတွင်တင်ပြထားပါသည်။

[၃၇]A.Betts, "Towards a 'soft law' framework for the protection of vulnerable migrants" UNHCR, 2008, p.2

## ၆။ နိုင်ငံတကာတရားဥပဒေများ

ဤအစီရင်ခံစာတွင်အဓိကမေးထားသောမေးခွန်းတစ်ခုမှာလက်ရှိနိုင်ငံတကာလူ့အခွင့်အရေးဥပဒေများနှင့်ထုံးတမ်းစဉ်လာဥပဒေများသည်မြန်မာနိုင်ငံမှပြည်သူများရွှေ့ပြောင်းထွက်ခွာလာရခြင်းအကြောင်းရင်းများအတွက်အသုံးပြုနိုင်ခြင်းရှိမရှိဆိုသည့်မေးခွန်းပင်ဖြစ်ပါသည်။နိုင်ငံတကာဥပဒေများနှင့်ဓလေ့ထုံးတမ်းများကိုလေ့လာပြီးသောအခါရှင်းလင်းစွာတွေ့ရှိရသည်မှာ အဆိုပါဥပဒေများသည် မြန်မာရွှေ့ပြောင်းအလုပ်သမားအရေးအတွက် လုံ၀အသုံးပြု၍မရရှိနိုင်ပေ။ပြီးခဲ့သောအခန်းများတွင်ဆွေးနွေးတင်ပြခဲ့သည့်အတိုင်းပင်မြန်မာနိုင်ငံသားများသည်အကြောင်းကိစ္စတစ်ခုတည်းကြောင့်မြန်မာနိုင်ငံမှထွက်ခွာလာရန်ဆုံးဖြတ်ခဲ့ခြင်းမဟုတ်ပါ။ထင်ရှားစွာတွေ့ရှိရမည်မှာမြန်မာနိုင်ငံသားများသည်မိမိနေအိမ်များကိုစွန့်ခွာထွက်ပြေးခဲ့ရခြင်းသည်နအဖစစ်အစိုးရ၏အလွဲသုံးစားပြုမှုများ၊သဘာ၀ဘေးအန္တရာယ်ကြောင့်စိုက်ပျိုးသီးနှံဆုံးရှုံးရခြင်းများနှင့်အလုပ်အကိုင်ရှားပါးသောပြဿနာများစသည့်အကြောင်းများ ကြောင့်ဖြစ်ပါသည်။ သို့သော် ယနေ့လက်ရှိနိုင်ငံတကာတရားဥပဒေများအရနိုင်ငံတကာအနေဖြင့်မြန်မာနိုင်ငံမှထွက်ခွာလာသူများကိုအမျိုးအစားသုံးမျိုးဖြင့်သာခွဲခြားသတ်မှတ်ပါသည်။ထိုသုံးမျိုးမှာဒုက္ခသည်ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၊သို့မဟုတ်စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်သူများဟူ၍ဖြစ်ပါသည်။ကရင်ပြည်နယ်တွင်နေထိုင်သူများနှင့်ထိုင်းနိုင်ငံတွင်အလုပ်လုပ်ကိုင်နေသောမြန်မာနိုင်ငံသားများကိုတွေ့ဆုံမေးမြန်းမှုပြုလုပ်ခြင်းဖြင့်ကရင်လူ့အခွင့်အရေးအဖွဲ့မှတွေ့ရှိချက်များအရနိုင်ငံတကာမှဤကဲ့သို့အမျိုးအစားသုံးမျိုးဖြင့် ခွဲခြားခြင်းသည် မြန်မာနိုင်ငံသားများမိမိတို့နေအိမ်များကို စွန့်ခွာခဲ့ရသည့် တွန်းအားအကြောင်းအရင်းများနှင့်စပ်ဟပ်မှုမရှိပေ၊သို့မဟုတ်ထိုကဲ့သို့သတ်မှတ်ခြင်းဖြင့်မြန်မာနိုင်ငံတွင်းနှင့်ပြည်ပတွင်ဒုက္ခရောက်နေသူများကိုပြည့်၀စွာအကာအကွယ်ပေးနိုင်ခြင်းမရှိပါ။အောက်ဖော်ပြပါရုပ်ပုံအမှတ်(၄)တွင်မြန်မာနိုင်ငံသားများသည်အဘယ်ကြောင့်မိမိတို့နေထိုင်ရာမူရင်းဒေသကိုစွန့်ခွာပြီးအခြားနေရာဒေသများသို့ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ရခြင်းအကြောင်းအရင်းများကိုပြည့်စုံစွာဖော်ပြထားပါသည်။

**ရုပ်ပုံ(၄)၊မြန်မာပြည်တွင်းနှင့်ပြည်ပအလုပ်အကိုင်ပိုမိုကောင်းမွန်သောအခွင့်အလမ်းများရှိရာနေရာဒေသများသို့ မဖြစ်မနေရွှေ့ပြောင်းနေထိုင်ရခြင်းအကြောင်းအပြည့်အစုံ**

| | မူရင်းနေထိုင်ရာဒေသတွင်ကြုံတွေ့ရသောအခြေအနေ | တွန်းအားများ | ဆွဲအားများ | ရည်ရွယ်ချက်ပန်းတိုင် |
|---|---|---|---|---|
| ရွှေ့ပြောင်းနေထိုင်ရခြင်းအကြောင်းအရင်းအပြည့်အစုံ<br>မဖြစ်မနေ | • ရေရှည်အမြတ်ထုတ်အလွဲသုံးစားပြုခံရခြင်း<br>• ဖမ်းဆီးခံရခြင်း<br>• လက်နက်ကိုင်ပဋိပက္ခ<br>• သဘာ၀ဘေးအန္တရာယ်များ<br>• တိုင်းပြည်ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ<br>• အလုပ်အကိုင်ရှားပါးမှု | • နေ့စဉ်ဘ၀ရှင်သန်နေထိုင်နိုင်မှုမရှိခြင်း<br>• ဆင်းရဲကျပ်တည်းမှု<br>• စားနပ်ရိက္ခာမလုံလောက်မှု<br>• အကြမ်းဖက်ဖိနှိပ်မှု<br>• ကိုယ်ထိလက်ရောက်နှိပ်စက်မှု<br>• အိမ်နှင့်လယ်ယာခြံမြေများဆုံးရှုံးရခြင်း | • အလုပ်အကိုင်ရရှိနိုင်မှုအခွင့်အလမ်း (ကိုယ်တိုင်စတင်လုပ်ဆောင်သောမိမိကိုယ်ကိုကာကွယ်ခြင်းနည်းဗျူဟာ) | • စီးပွားရေးအဆင်ပြေနိုင်သောနေရာဒေသများ (ပြည်တွင်း (သို့) ပြည်ပ) |

နေရာဒေသရွှေ့ပြောင်းနေထိုင်ကြသောမြန်မာနိုင်ငံသားများကိုဒုက္ခသည်များ၊ပြည်တွင်းဒုက္ခသည်များနှင့်စီးပွားရေးကြောင့် ရွှေ့ပြောင်းနေထိုင်ကြသူများစသည်ဖြင့် တိကျစွာခွဲခြားသတ်မှတ်ရန် ခက်ခဲရခြင်းသည် အဓိကအားဖြင့် နိုင်ငံရေးနှင့် စီးပွားရေးကိုခွဲခြား၍မရသောကြောင့်ဖြစ်ပါသည်။နအဖစစ်အစိုးရ၏အုပ်ချုပ်မှုစနစ်သည်တိုင်းသူပြည်သားများ၏ဘဝ ကဏ္ဍအသီးသီးကိုဆိုးကျိုးများသက်ရောက်စေပါသည်။ကရင်လူ့အခွင့်အရေးအဖွဲ့၏တွေ့ဆုံမေးမြန်းမှုများမှရရှိသောအ ချက်အလက်များကိုကြည့်ခြင်းဖြင့်မြန်မာနိုင်ငံသားများသည်သာမန်အားဖြင့်ကြည့်မည်ဆိုလျှင်အလုပ်အကိုင်ရှားပါးခြင်း သို့မဟုတ်စိုက်ပျိုးသီးနှံများအောင်မြင်မှုမရှိခြင်းစသည့် စီးပွားရေး အခက်အခဲများကြောင့် မိမိတို့မူရင်းဒေသမှ စွန့်ခွာ ခဲ့ကြသည်ဟုသာ တွေ့မြင်ရပါမည်။ သို့သော် ထိုကဲ့သို့စီးပွားရေးအခက်အခဲများကြုံတွေ့ရခြင်းသည် နအဖစစ်အစိုးရ၏ အနိုင်ကျင့်အမြတ်ထုတ်သောလမ်းစဉ်များဖြစ်သော အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်း၊ တာဝန်ကျေစပါးများပေး သွင်းရခြင်းနှင့်ငွေညှစ်ခြင်းများစသည့်အကြောင်းအချက်များအပေါ်တွင်အဓိကအခြေခံပါသည်။အပြည်ပြည်ဆိုင်ရာတရားဥပ ဒေများ၏အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့်မြန်မာနိုင်ငံရွှေ့ပြောင်းအလုပ်သမားများအရေးနှင့်ပတ်သက်၍ငှင်းဥပဒေများအသုံးချ ပုံကိုလေ့လာဆန်းစစ်ကြည့်သောအခါ“ယနေ့လက်ရှိခန့်မှန်းတွက်ချက်မှုများအရထိုင်းနိုင်ငံတွင်လက်ရှိနေထိုင်နေသော မြန်မာနိုင်ငံသား ၂သန်းခန့်ရှိပြီးအရှေ့တောင်အာရှတွင်ရွှေ့ပြောင်းနေထိုင်မှုအများဆုံးစံချိန်ဖြစ်ပါသည်။ဤကဲ့သို့လူပေါင်းများစွာ မြန်မာနိုင်ငံမှထွက်ခွာလာရခြင်းသည်အကြောင်းများစွာကြောင့်ဖြစ်သော်လည်းအများစုသည်ဖမ်းဆီးနှိပ်စက်ခြင်းခံရမှုနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကြောင့်တိုင်းပြည်မှထွက်ပြေးလာကြကြောင်းကိုရှင်းလင်းစွာတွေ့မြင်နိုင်ပါသည်။” ၄၄ ဤအချက်ကိုကရင်လူ့အခွင့်အရေးအဖွဲ့မှပြုလုပ်ခဲ့သောတွေ့ဆုံမေးမြန်းမှုများကိုဖြေဆိုခဲ့သူရွှေ့ပြောင်းနေထိုင်သူများကိုယ် တိုင်ပြောဆိုချက်များက အတည်ပြုသက်သေခံလျှက်ရှိပါသည်။

**“ကျွန်တော်သည်လယ်ယာနှင့်ဥယျာဉ်ခြံမြေစိုက်ပျိုးရေးကိုလုပ်ကိုင်ခဲ့ပါသည်။မိုးရာသီတွင်မိုးအလွန်အကျွံရွာသွန်းပါကစပါးပင်များ သေဆုံးရပြီးစပါးအထွက်နှုန်းမကောင်းပါ။ ထို့ကြောင့် အစိုးရမှအခွန်ငွေကောက်ခံပါက မပေးဆောင်နိုင်ပါ။ အစိုးရမှ ကျွန်တော်တို့၏ လယ်မြေကိုသိမ်းပိုက်ခဲ့ခြင်းကြောင့်ကျွန်တော်တို့တွင်ကိုယ်ပိုင်လယ်မြေမရှိပါ။ထိုစဉ်ကကျွန်တော်သည်အသက်ငယ်ရွယ်သောအချိန်ဖြစ်ပါ သည်။အစိုးရမှကျွန်တော်တို့လယ်မြေကိုသိမ်းယူပြီးနောက်တွင်ကျွန်တော်မိဘများသည်စားဝတ်နေရေးအတွက်ငွေမရှာဖွေနိုင်တော့ပါ။ ယခုအချိန်တွင်ကျွန်တော်တို့မိသားစုသည်အတူတကွမနေထိုင်နိုင်ပါ။တစ်ကွဲတစ်ပြားနေထိုင်ကြရပါသည်။ကျွန်တော်မှာမူထိုင်းနိုင်ငံသို့ လာရောက်ရွှေ့ပြောင်းနေထိုင်ပါသည်။”**

**–ကို–––(ကျား၊၃၀)၊–––ရွာ၊ဒူးပလာယာခရိုင်၊ကရင်ပြည်နယ်၊(ဖေဖော်ဝါရီ၂၀၀၉)**

မိမိနေရပ်ဒေသမြန်မာနိုင်ငံမှထွက်ခွာလာကြသူများကို တရားဝင်အဖြစ်သုံးမျိုးသုံးစားခွဲခြားထားပါသည်။ ဒုက္ခသည်များ၊ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနှင့်စီးပွားရေးကြောင့်ပြောင်းရွှေ့နေထိုင်သူများဟူ၍ဖြစ်ပါသည်။ဤအခန်းတွင်အထက်ပါ ကဲ့သို့ခွဲခြားခြင်းခံရသူအမျိုးအစားအလိုက်၎င်းတို့ကိုယနေ့လက်ရှိဥပဒေများကမည်ကဲ့သို့အကာအကွယ်ပေးသည်ကို လေ့လာဆန်းစစ်ထားပါသည်။ထို့အပြင်အထက်ပါကဲ့သို့အမျိုးအစားသုံးမျိုးခွဲခြားထားခြင်းသည်မြန်မာနိုင်ငံမှရွှေ့ပြောင်းလာ သူများထွက်ခွာလာရခြင်းအကြောင်းအရင်းနှင့်စပ်ဟပ်မှုရှိမရှိကြောင်းကိုလည်းလေ့လာထားပါသည်။ထို့ကြောင့်ရှင်းလင်းစွာ သိရှိရသည်မှာ ရွှေ့ပြောင်းနေထိုင်သူများသည် မည်သည့်အကြောင်းရင်းများကြောင့် ထွက်ခွာလာရသည်ကို မကြည့်ဘဲ လူများစွာအတွက်ထွက်ခွာလာရခြင်းသည်နေ့စဉ်ဘဝရှင်သန်ရပ်တည်နိုင်ရန်အဓိကတွန်းအားကြောင့်ဖြစ်ပါသည်။ထို့ ကြောင့် လက်ရှိနိုင်ငံတကာဥပဒေအဓိပ္ပါယ်ဖွင့်ဆိုချက်များသည် ရွှေ့ပြောင်း နေထိုင်သူအားလုံးအရေးကို ထိရောက်စွာ မဖြေရှင်းနိုင်ပေ။

---

၄၄ T.Caaouctte, and M. Pack, *Pushing Past the Definitions: Migrations from Burma to Thailand*, Refugees International & Open Society Institute, 2002.

ရွှေ့ပြောင်းနေထိုင်သူ(၃)မျိုးအတွက် လက်ရှိတရားဥပဒေအဓိပ္ပါယ်ဖွင့်ဆိုချက်များကို လေ့လာဆန်းစစ်ခြင်းသည် စိတ်ကူးယဥ်ဆန်သော(သို့)စာတွေ့ဆန်သော လုပ်ဆောင်မှုမဟုတ်ကြောင်းကို အရေးတကြီးအလေးအနက်ထားရန်လိုအပ်ပါသည်၊အမှန်အားဖြင့်လက်ရှိဥပဒေများတွင်နိုင်ငံတကာအဖွဲ့အစည်းများနှင့်အိမ်ရှင်အစိုးရများသည်ရွှေ့ပြောင်းနေထိုင်သူများအတွက်လိုအပ်သောအကာအကွယ်ပေးမှုများကို မည်ကဲ့သို့လုပ်ဆောင်ပေးရမည်၊အကာအကွယ်ပေးခြင်းနှင့် အခြားအကူအညီများကိုမည်သည့်အဖွဲ့မှတာဝန်ယူဆောင်ရွက်ရမည်နှင့်လူသားချင်းစာနာမှုအထောက်အပံ့မည်၍မည်မျှ ပေးပို့ရမည်ဟုဖော်ပြပါရှိသည့်အတိုင်းပင်နိုင်ငံတကာနှင့်အိမ်ရှင်အစိုးရများသည်အထက်ပါတရားဥပဒေအဓိပ္ပါယ်ဖွင့်ဆိုချက်များကိုခိုင်မာစွာအကောင်အထည်ဖော်လျှက်ရှိပါသည်။ထို့ကြောင့်နအဖစစ်အစိုးရ၏အလွဲသုံးစားပြုလုပ်ခြင်းများကြောင့်မြန်မာနိုင်ငံမှထွက်ခွာလာသူများကိုပြင်ပမှအကာအကွယ်ပေးရေးနှင့်အကူအညီပေးရေးများသည်နိုင်ငံတကာနှင့် အစိုးရအသီးသီးမှလက်ခံကျင့်သုံးသောဒုက္ခသည်များပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနှင့်စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်သူများဟူသောအဓိပ္ပါယ်ဖွင့်ဆိုချက်များကြောင့်ကြီးမားသောအနှောက်အယှက်အဟန့်အတားဖြစ်စေပါသည်။

## စီးပွားရေးကြောင့် ရွှေ့ပြောင်းနေထိုင်သူများ

မြန်မာနိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူ များကို အမျိုးအစား ၃မျိုးခွဲခြားထားရာ စီးပွားရေးကြောင့် ရွှေ့ပြောင်းလာသူများဟု သတ်မှတ်ခြင်းခံရသူများသည်အဆင့်အနိမ့်ဆုံးအဖြစ်သတ်မှတ်ခံရပြီးအကာအကွယ်ပေးခြင်းအနည်းဆုံးရရှိသောအဖွဲ့ဖြစ်ပါသည်။ အမှန်အားဖြင့် ဆယ်စုနှစ်ပေါင်းများစွာမှ ယခုချိန်ထိ ဥပဒေပညာရှင်များနှင့် မူဝါဒရေးရာရေးဆွဲသူများသည် စီးပွားရေးကြောင့် ရွှေ့ပြောင်းနေထိုင်ကြသူများဟုသတ်မှတ်ခြင်းခံရသူများအတွက်ပို၍ကောင်းမွန်ကျနပ်ဖွယ်ကောင်းသော အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဖွင့်ဆိုနိုင်ရန်ကြိုးပမ်းခဲ့ကြပါသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ပေ။ ကမ္ဘာတစ်ဝှမ်းရှိ ရွှေ့ပြောင်းအလုပ်သမားများပြောင်းရွှေ့နေထိုင်ရာအိမ်ရှင်နိုင်ငံစီးပွားရေးအတွက်ရွှေ့ပြောင်းအလုပ်သမားများ၏လုပ်အားသည်အရေးပါ သောကြောင့်အိမ်ရှင်အစိုးရများသည်ရွှေ့ပြောင်းအလုပ်သမားများအရေးကိုထိရောက်စွာဆောင်ရွက်လိုခြင်းမရှိပေ။ထိုသို့ရွှေ့ပြောင်းအလုပ်သမားများ အခွင့်အရေးအတွက်ထိရောက်စွာလုပ်ကိုင်ပါကအိမ်ရှင်နိုင်ငံ၏စီးပွားရေးအတွက်အရေးပါ၍လုပ်အားခသက်သာသောအလုပ ်သမားများရရှိနိုင်မှုကိုထိခိုက် နိုင်သည်ဟုအိမ်ရှင်အစိုးရများမှ ယူဆထားပါသည်။ ထို့ကြောင့် ရွှေ့ပြောင်းအလုပ်သမားများကိုပိုမိုကောင်းမွန်သောအကာအကွယ်ပေးရေးနှင့်အိမ်ရှင်နိုင်ငံ၏ နိုင်ငံရေး၊စီးပွားရေးအကျိုးအမြတ်ကိုနှိုင်းယှဉ်လျှင်အိမ်ရှင်နိုင်ငံများသည်၎င်းတို့အကျိုးအမြတ်ကိုသာရှေ့တန်းတင်လုပ်ဆောင်ပေမည်။စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင် သူများအတွက်ပိုမိုကောင်းမွန်သောအဓိပ္ပ ါယ်ဖွင့်ဆိုချက်ဖွင့်ဆိုနိုင်ရန် နှောင့်နှေးကြန့်ကြာစေသောနောက်ထပ်အကြောင်းအရာတစ်ခုမှာမူဝါဒရေးဆွဲသူများနှင့်အစိုးရများသည် ရွှေ့ပြောင်းနေထိုင်သူများ၏မူရင်းနေရပ်ရှိစီးပွားရေးနှင့်နိုင်ငံရေးတွန်းအားများသည်ရောဖန်ရှုပ်ထွေးခွဲခြား၍မရကြောင်းကိုလက်ခံအသိအမှတ်ပြုရန် လိုအပ်သောကြောင့်ဖြစ်ပါသည်။အထက်ပါအချက်ကိုမြန်မာရွှေ့ပြောင်းနေထိုင်သူများအရေးတွင်ပို၍ရှင်းလင်းစွာတွေ့မြင်ခဲ့ရပြီးဖြစ်ပါသည်။

ကုလသမဂ္ဂပညာရေးသိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ယူနက်စကို (UNESCO) ၏စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်သူများအပေါ် အဓိပ္ပါယ်ဖွင့်ဆိုထားချက်ကိုကြည့်ခြင်းဖြင့်စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်သူများအတွက်ပိုမိုကောင်းမွန်ထိရောက် သောအဓိပ္ပါယ်ဖွင့်ဆိုချက်ဖွင့်ဆိုနိုင်ရန် အခက်အခဲရှိကြောင်းကိုတွေ့မြင်ရပေမည်။ ယူနက်စကိုမှ စီးပွားရေးကြောင့် ရွှေ့ပြောင်းနေထိုင်သူများကိုအဓိပ္ပါယ်ဖွင့်ဆိုရာတွင်အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုတည်းဖြင့်ဖွင့်ဆိုခြင်းမဟုတ်ပဲအဓိပ္ပါယ်ဖွင့် ဆိုချက်များစွာ(တစ်ခါတစ်ရံအငြင်းပွားဖွယ်ရာ)ဖြင့် ဖွင့်ဆိုထားပါသည်။ ယူနက်စကို၏အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုတွင် စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်ခြင်းဆိုသည်မှာ''တစ်စုံတစ်ယောက်သည်အခြားပြင်ပယောကတွန်းအားများမပါဘဲ 'မိမိဘဝရှေ့ရေးအဆင်ပြေစေရန်'အတွက်အခြားဒေသများသို့ရွှေ့ပြောင်းနေထိုင်ရန်မိမိသဘောဆန္ဒဖြင့် လွတ်လပ်စွာ ဆုံးဖြတ်ခြင်း ''ဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။'' [၄၅] မြန်မာနိုင်ငံအတွက်မူအထက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်သည် ကျေနပ်လက်ခံဖွယ်မရှိကြောင်းကိုမြင်နိုင်ရန်မခက်ခဲပေ။တစ်စုံတစ်ယောက်သည်ရွှေ့ပြောင်းနေထိုင်ရန်လွတ်လပ်စွာ ဆုံးဖြတ်ခြင်းဆိုသည်မှာအဘယ်နည်း။မိမိဘဝရှေ့ရေးအဆင်ပြေစေရန်ဟူသည်မှာမည်သည့်အရာကိုဆိုလိုသနည်းနှင့် မိမိဘဝရှေ့ရေးအဆင်ပြေစေရန်နှင့်မိမိဘဝရှင်သန်ရပ်နည်နိုင်ရန်ရွှေ့ပြောင်းနေထိုင်ခြင်းကိုမည်ကဲ့သို့ခွဲခြားနိုင်မည်နည်း။

ယူနက်စကိုသည် ၎င်းတို့၏ချွတ်ယွင်းချက်ရှိသော အထက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်ကို အထောက်အကူပြုနိုင်ရန် ဆက် လက်ပြီးအခြားအဓိပ္ပါယ်ဖွင့်ဆိုချက်များကိုဖွင့်ဆိုထားပါသည်။အောက်တွင်ဖော်ပြမည့်အဓိပ္ပါယ်ဖွင့်ဆိုချက်များသည်ကုလ သမဂ္ဂလူ့အခွင့်အရေးကော်မရှင်မှအထူးငြိမ်းချမ်းရေးသံတမန်၏အဓိပ္ပါယ်ဖွင့်ဆိုချက်များဖြစ်ပါသည်။၎င်း၏အဆိုအရ ရွှေ့ပြောင်းနေထိုင်သူများဆိုသည်မှာ

က) မိမိမူရင်းနေထိုင်ရာတိုင်းပြည်နယ်နိမိတ်ပြင်ပတွင်ရောက်ရှိနေပြီးမူရင်းနေထိုင်ရာတိုင်းပြည်၏တရားဥပဒေအော ကာအကွယ်ပေးမှုကိုမရရှိသောသူ၊အခြားတိုင်းပြည်၏နယ်နိမိတ်တွင်းရောက်ရှိနေသူ။

ခ) အိမ်ရှင်နိုင်ငံမှဒုက္ခသည်အဖြစ်အသိအမှတ်ပြုခြင်းမခံရသောသူ၊ထို့ကြောင့်ဒုက္ခသည်များအတွက်တရားဝင်အသိ အမှတ်ပြုထားသောအခွင့်အရေးများမရရှိသောသူ၊အထောက်အထားတစ်စုံတစ်ရာမရှိသူ။

ဂ) သံတမန်သဘောတူညီချက်အရဖြစ်စေ၊ဗီဇာဖြစ်စေနှင့် အခြားသောသဘောတူညီချက်များအရရရှိသင့်သော အခြေခံလူ့အခွင့်အရေး၏တရားဝင်အကာအကွယ်ပေးမှုကိုမခံစားရသောသူ။

ယူနက်စကို၏အဓိပ္ပါယ်ဖွင့်ဆိုချက်တွင်ဆက်လက်ဖော်ပြထားသည်မှာ–

''၎င်းကျယ်ပြန့်သောအဓိပ္ပါယ်ဖွင့်ဆိုချက်သည် နိုင်ငံရေးဖိနှိပ်မှုကြောင့်လည်းကောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ကြောင့်လည်းကောင်း၊ စီးပွားရေးပြဿနာများကြောင့် လည်းကောင်း၊သဘာဝဘေးန္တရာယ်များကြောင့်လည်းကောင်း၊ ယခုဖော်ပြခဲ့သောအကြောင်းအချက်များအားလုံးကြောင့်လည်းကောင်းမိမိတို့တိုင်းပြည်မှထွက်ခွာခဲ့ရသူများနှင့်ဘဝရှင် သန်နေထိုင်နိုင်ရန်(သို့မဟုတ်)မိမိတို့မူရင်းတိုင်းပြည်တွင်မရရှိနိုင်သောစီးပွားရေးအခွင့်အလမ်းများရရှိနိုင်ရန်မိမိတို့တိုင်း ပြည်မှထွက်ခွာရသူများခွဲခြားရန်အခက်အခဲနှင့်ရင်ဆိုင်နေရကြောင်းထင်ရှားပေါ်လွင်နေပါသည်။ ''[၄၆]

---

[၄၅] "Economic Migrant," Glossary, United Nations Educational, Scienific and Cultural Organization Institute for Statistics. Accessed at http://portal.unesco.org/shs/en/ev.php-URL_ID=3020&URL_DO=DO_TOPIC&URL_SECTION=201.html on April 30th 2009

[၄၆] Ibid

အမှန်စင်စစ်တွင်ရွှေ့ပြောင်းအလုပ်သမားများနှင့်၎င်းတို့၏မိသားစုဝင်များ၏အခွင့်အရေးကိုတရားဝင်အကာအကွယ်ပေးရန်၁၉၉၀ထုနှစ်အပြည်ပြည်ဆိုင်ရာသဘောတူညီချက်စာချုပ်ကိုရေးဆွဲပြဌာန်းခဲ့သော်လည်း၎င်းစာချုပ်သည်"ရွှေ့ပြောင်းအလုပ်သမား"ဟူသည့်အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုကျေနပ်ဖွယ်ရာဖွင့်ဆိုနိုင်ခဲ့ခြင်းမရှိပါ။ထို့အပြင်၎င်းစာချုပ်ကိုချုပ်ဆိုခဲ့သည်မှာအနှစ် ၂၀နီးပါးရှိခဲ့ပြီးဖြစ်သော်လည်းလက်တွေ့တွင်ထိုစာချုပ်ကိုထိရောက်စွာအသုံးပြုနိုင်ခဲ့ခြင်းမရှိပါ။၎င်းစာချုပ်ကိုသဘောတူလက်မှတ်ရေးထိုးခဲ့သောနိုင်ငံများမှာလည်း၅၀ပင်မပြည့်ပေ။ [၅၇]

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့်၁၉၉၀တွင်ရေးဆွဲပြဌာန်းခဲ့သောသဘောတူစာချုပ်၏အကျိုးသက်ရောက်မှုမရှိခဲ့ခြင်းကိုအသိအမှတ်ပြုခဲ့ကြပါသည်။ထိုစာချုပ်ပါအပိုဒ်တစ်ပိုဒ်တွင်"နိုင်ငံတကာအဆင့်တွင်အကာအကွယ်လိုအပ်နေသောရွှေ့ပြောင်းအလုပ်သမားများအတွက်တရားဝင်ဥပဒေများရေးဆွဲနိုင်ခြင်းမရှိ"ဟူသည့်အချက်ကိုရေးသားဖော်ပြထားပါသည်။ [၅၈]အမှန်အားဖြင့်ဆိုလျှင်ရွှေ့ပြောင်းနေထိုင်ခြင်းဟူသည့်အသုံးအနှုန်းသည်မတူညီကွဲပြားခြားနားသောလူပေါင်းများစွာအတွက်အကျုံးဝင်သောအသုံးအနှုန်းဖြစ်ပါသည်။နိုင်ငံအစိုးရများအတွက်ရွှေ့ပြောင်းအလုပ်သမားများအရေးသည်နိုင်ငံရေးနှင့်စီးပွားရေးအကြောင်းအချက်များစွာပါဝင်ပတ်သက်နေသည်ဟုယူဆပါသည်။ထိုအကြောင်းအချက်များပါဝင်ပတ်သက်နေခြင်းသည်အစိုးရများနှင့်နိုင်ငံတကာအဖွဲ့အစည်းများအတွက်ရွှေ့ပြောင်းအလုပ်သမားများအရေးကိုစိတ်အားထက်သန်စွာဆောင်ရွက်ရန်အတားအဆီးအနှောင့်အယှက်ဖြစ်စေပါသည်။မည်သို့ပင်ဆိုစေနိုင်ငံတကာအသိုင်းအဝန်းအနေဖြင့်ရွှေ့ပြောင်းအလုပ်သမားများအရေးအတွက်သင့်လျှော်သောတရားဥပဒေများကိုရေးဆွဲပြဌာန်းနိုင်မှုမရှိခြင်းသည်ကမ္ဘာတစ်ဝှမ်းရှိသန်းပေါင်းများစွာသောလူများအထူးသဖြင့်မြန်မာနိုင်ငံမှသန်းပေါင်းများစွာသောရွှေ့ပြောင်းနေထိုင်သူများအတွက်၎င်းတို့ကိုအလွဲသုံးစားမှုများမှအကာအကွယ်ပေးရန်နှင့်၎င်းတို့ရသင့်ရထိုက်သောအခြေခံလူ့အခွင့်အရေးများကိုရရှိရန်လိုအပ်သောအကာအကွယ်ပေးမည့် ဥပဒေများ၊သဘောတူညီချက်များမရှိဘဲ ၎င်းရွှေ့ပြောင်းနေထိုင်သူများကို အစွန့်ပစ်ခံလူသားများဖြစ်စေပါသည်။

ဤကဲ့သို့ရွှေ့ပြောင်းအလုပ်သမားများအရေးအတွက်တရားဝင်ဥပဒေများရေးဆွဲရာတွင်နှောင့်နှေးကြန့်ကြာစေသည့်အခြားအကြောင်းရင်းတစ်ခုမှာ မိမိသဘောဆန္ဒအလျောက် ရွှေ့ပြောင်းနေထိုင်သူများနှင့် မဖြစ်မနေရွှေ့ပြောင်းနေ ထိုင်သူများအကြားတိကျစွာခွဲခြား၍မရသောပြဿနာပင်ဖြစ်ပေသည်။ဤအစီရင်ခံစာရှေ့ပိုင်းတွင်ဆွေးနွေးတင်ပြခဲ့သည့်အတိုင်းပင်လူအများမှစီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်သူများသည်မိမိသဘောဆန္ဒအလျောက်လွတ်လပ်စွာရွှေ့ပြောင်းနေထိုင်ကြခြင်းဖြစ်သည်ဟုဆက်လက်ယူဆနေကြပါသည်။ဤယူဆချက်သည်အချို့တိုင်းပြည်များတွင်ဖြစ်ပျက်နေသောအဖြစ်အပျက်များအတွက် မှန်ကန်ကောင်းမှန်ကန်နိုင်မည်ဖြစ်သော်လည်း ကရင်လူ့အခွင့်အရေးအဖွဲ့၏ မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်ပြုလုပ်ခဲ့သောတွေ့ဆုံမေးမြန်းမှုများမှတွေ့ရှိချက်များအရရွှေ့ပြောင်းအလုပ်သမားများသည်မိမိနှင့်မိသားစုအတွက်ပိုမိုကောင်းမွန်သောဝင်ငွေရရှိရန်အကြောင်းတစ်ခုတည်းကြောင့်ရွှေ့ပြောင်းနေထိုင်ရန်ဆုံးဖြတ်ခဲ့

[၅၇] The definition of migrants given by the Migrant Convention is equally unsatisfactory: "The term 'migrant worker' refers to a person who is to be engaged, is engagd of has been engaged in a remunerated activity in a State of which he or she is not a national." *International Convention on the Protection of the Rights of All Migrant Workers and Mmbers of Their Families,* Article 2, Section1,

[၅၈] A.Betts, "Towards a ' soft law ' framework for the protection of vulnerable migrants. " Research Paper No.162, New Issues in Refugee Research, Policy Development and Evaluation Service United Nations High Commissioner for Refugees, August 2008. An 'irregular migrant' is a term used for migrants who are performing work illegally in a country where they are not is a term used for migrants who are performing work illegally in a country where they are not citizens.

ခြင်းမဟုတ်ကြောင်းရှင်းလင်းစွာတွေ့ရှိရပါမည်။မြန်မာရွှေ့ပြောင်းအလုပ်သမားများသည်မိမိနှင့်မိသားစုတို့ရှင်သန်ရပ်တည်နိုင်ရန် ရွှေ့ပြောင်းနေထိုင်ခြင်းသည် တစ်ခုတည်းသောနည်းလမ်းဖြစ်သောကြောင့် ရွှေ့ပြောင်းနေထိုင်ရန်ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ပါသည်။ အမှန်စင်စစ်ပင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ အသက်ရှင်ရပ်တည်နိုင်ရေးနှင့်ပတ်သက်သောအကြောင်းအရာသည်ရှေ့တွင်ဆက်လက်တင်ပြဆွေးနွေးမည့်ဒုက္ခသည်များနှင့်ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအတွက်တရားဝင်အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့်ဆက်စပ်နေကြောင်းတွေ့ရှိရပါသည်။

## ဒုက္ခသည်များ

စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်သူများဟုသတ်မှတ်ခြင်းခံရသူများ၏အရေးနှင့်ဆန့်ကျင်စွာပင်ဒုက္ခသည်များဟုသတ်မှတ်ခြင်းခံရသူများအတွက် နိုင်ငံတကာမှလက်ခံသော တရားဝင်အကာအကွယ်ပေးမှုဥပဒေသည် ဤအခန်းတွင်လေ့လာတင်ပြထားသောရွှေ့ပြောင်းနေထိုင်သူ(၃)မျိုးအတွက်သတ်မှတ်ထားသောတရားဥပဒေများတွင်အကောင်းဆုံးနှင့်ထိရောက်မှုအရှိဆုံးဥပဒေပင်ဖြစ်ပါသည်။ဤဒုက္ခသည်များကိုအကာအကွယ်ပေးရေးဥပဒေသည်နှစ်ပေါင်းများစွာကတည်းကတည်ရှိပြီးသောနိုင်ငံတကာသဘောတူညီချက်များကိုအခြေခံထားခြင်းကြောင့်ထိရောက်မှုရှိပါသည်။ထိုနှစ်ပေါင်းများစွာကတည်းကတည်ရှိခဲ့သောနိုင်ငံတကာသဘောတူညီချက်တွင်နိုင်ငံရေးနှင့်လူမှုရေးဖိနှိပ်ညှင်းပန်းမှုများကြောင့်မိမိတိုင်းပြည်မှမဖြစ်မနေထွက်ခွာခဲ့ရသူများကိုခိုလှုံခွင့်ပေးရမည်ဟုပါရှိပါသည်။၁၉၅၁ခုနှစ်တွင်ရေးဆွဲခဲ့ပြီး၁၉၆၇ခုနှစ်တွင်ထပ်မံတိုးချဲ့ပြင်ဆင်ခဲ့သောဒုက္ခသည်များအခြေအနေနှင့်ပတ်သက်သောသဘောတူစာချုပ်တွင်ဒုက္ခသည်ကိုအောက်ပါအတိုင်းအဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

‘‘လူမျိုးရေး၊ဘာသာရေး၊နိုင်ငံသား၊လူမှုအဖွဲ့အစည်းတစ်ခု၏အဖွဲ့ဝင်သို့မဟုတ်နိုင်ငံရေးအယူအဆစသည့်အကြောင်းအချက်များကြောင့် ဖမ်းဆီးနှိပ်စက်ခံရမည်ကို လွန်စွာစိုးရိမ် ထိတ်လန့်နေရ၍မိမိမူရင်းနေထိုင်ရာ တိုင်းပြည်အပြင်ဘက်တွင်ရောက်ရှိနေပြီးအထက်ပါစိုးရိမ်ထိတ်လန့်မှုများကိုကြုံတွေ့နေရသူ၊မိမိမူရင်းတိုင်းပြည်၏အကာအကွယ်ပေးမှုကိုမရရှိသူ၊သို့မဟုတ်တိုင်းပြည်တစ်ခု၏နိုင်ငံသားအဖြစ်သတ်မှတ်ခြင်းမခံရဘဲမိမိတို့ဘိုးစဉ်ဘောင်ဆက်မူရင်းနေထိုင်ရာတိုင်းပြည်မှအထက်ပါအကြောင်းအရာများကြောင့်ထွက်ခွာခဲ့ရသူ၊အထက်ပါစိုးရိမ်ထိတ်လန့်မှုများကိုကြုံတွေ့နေရသူမိမိသို့မဟုတ်ဘိုးဘွားများမူရင်းနေထိုင်ခဲ့ရာတိုင်းပြည်သို့မပြန်လိုသူ။ ’’[၄၉]

အထက်ပါဒုက္ခသည်သဘောတူညီချက်စာချုပ်ကိုနိုင်ငံပေါင်း၁၀၀ကျော်မှသဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။ထိုသဘောတူညီချက်အရ ဒုက္ခသည်ဟုတရားဝင်သတ်မှတ်ခြင်းခံရသူများသည် နိုင်ငံတကာတရားဥပဒေများ၏ အကာအကွယ်ကိုရရှိပြီးကုလသမဂ္ဂ၊နိုင်ငံတကာအဖွဲ့အစည်းများ၊နိုင်ငံအစိုးရများစသည်တို့၏အကူအညီများကိုလည်းရရှိပါသည်၊အထက်ပါဒုက္ခသည် သဘောတူညီချက်စာချုပ်တွင် ပါဝင်သောအဓိပ္ပါယ်ဖွင့်ဆိုချက်၏ အစိတ်အပိုင်းအဖြစ်သဘောတူစာချုပ်တွင်မိမိတို့မူရင်းတိုင်းပြည်သို့ပြန်သွားပါက ဖမ်းဆီးနှိပ်စက်ခြင်းခံရမည်ကို စိုးရိမ်ကြောက်ရွံ့နေရသောဒုက္ခသည်များကိုအိမ်ရှင်နိုင်ငံများအနေဖြင့်နေရပ်ဒေသသို့အတင်းအကျပ်ပြန်လည်ပို့ဆောင်ခြင်းကိုတားမြစ်ထားပါသည်။

[၄၉] 1950 Convention Relating to the Status of Refugees, Chapter 1, Article 1. Accessed at http://www.unhchr.ch/html/menu3/b/o_c_ref.htm on April 30th 2009.

အမှန်စင်စစ်ပင်မြန်မာနိုင်ငံတစ်ဝှမ်းနှင့်ကာရင်ပြည်နယ်ဒေသများတွင်နအဖစစ်အစိုးရ၏ဖိနှိပ်ညှင်းပန်းမှုများကြောင့်ဒုက္ခရောက် နေသူများသည် အထက်ပါ ဒုက္ခသည်သဘောတူညီချက်စာချုပ်ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်ဘောင်နှင့် ကိုက်ညီနေပါသည်။ ယခုလက်ရှိတွင်မြန်မာနိုင်ငံသား၁၃၅,၀၀၀ခန့်တို့သည်ထိုင်းနိုင်ငံအခြေစိုက်ဒုက္ခသည်စခန်းများတွင်နေထိုင်လျှက်ရှိပြီး ၎င်းတို့သည်အိမ်ရှင်နိုင်ငံအစိုးရများနှင့်နိုင်ငံတကာအဖွဲ့အစည်းများ၏အကူအညီအထောက်ပံ့များကိုရရှိကြပါသည်၊ထို့အပြင် ထောင်ပေါင်းများစွာသောဒုက္ခသည်များသည်တတိယနိုင်ငံသို့သွားရောက်နေထိုင်အခြေချခွင့်ရရှိကြပါသည်။ [၅၀]

သို့သော်နအဖစစ်အစိုးရ၏ဖိနှိပ်ညှင်းပန်းမှုကိုခံနေရသောလူဦးရေသန်းပေါင်း၅၀ခန့်ရှိသော မြန်မာနိုင်ငံတွင်ယခုလက်ရှိ ဒုက္ခသည်ဟုတရားဝင်သတ်မှတ်ခြင်းရသူများထက်မနည်း ဒုက္ခရောက်နေသူများရှိနေပါသည်။ သန်းပေါင်းများစွာသော မြန်မာနိုင်ငံစီးပွားရေးကြောင့်ပြောင်းရွှေ့နေထိုင်သူများဟုသတ်မှတ်ခြင်းခံရသူများသည်လည်းမိမိဘဝရှင်သန်ရပ်တည်နိုင်ရန် မဖြစ်မနေမြန်မာနိုင်ငံမှထွက်ခွာခဲ့ရခြင်းဖြစ်ပါသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့ မှကရင်ပြည်နယ်နှင့်ထိုင်းနိုင်ငံများတွင် ပြုလုပ်ခဲ့သောတွေ့ဆုံမေးမြန်းမှုများကို ကြည့်ခြင်းဖြင့် မြန်မာနိုင်ငံသားများသည်နိုင်ငံရေးနှင့်လူမှုရေးဖမ်းဆီးဖိနှိပ်မှုများကိုပစ်မှတ်ထားခံရခြင်းကြောင့်မြန်မာနိုင်ငံမှထွက်ခွာ ခဲ့ကြခြင်းမဟုတ်ဘဲ၊နအဖစစ်အစိုးရ၏ကုတ်သွေးစုပ်အမြတ်ထုတ်အလွဲသုံးစားပြုလုပ်ခြင်းကိုခံရပြီးနေ့စဉ်ဘဝအသက်ရှင်နိုင် ရန်လုံးဝမဖြစ်နိုင်သောကြောင့်မြန်မာနိုင်ငံမှထွက်ခွာကြခြင်းဖြစ်ကြောင်းကိုတွေ့မြင်နိုင်ပါသည်။

**‘‘နအဖဒေသခံအာဏာပိုင်များမှ အခွန်ငွေများတောင်းခံသည့်အချိန်တိုင်း အခွန်ငွေများကို ပေးဆောင်ရပါသည်။ တစ်အိမ်လျှင် ၅၀၀မှ ၁၀၀၀ကျပ်အထိပေးဆောင်ရပါသည်။တစ်ခါတစ်ရံတွင်တစ်လလျှင်၄ကြိမ်၊၅ကြိမ်ခန့်ပေးဆောင်ရပါသည်။ရွာသူရွာသားများစွာတို့သည် အခွန်ငွေများကိုပေးဆောင်နိုင်ခြင်းမရှိသောကြောင့်ရပ်ရွာများမှထွက်ခွာကြပြီးထိုင်းနိုင်ငံသို့လာရောက်အလုပ်လုပ်ကိုင်ကြပါသည်။’’**

**–ကို–––(ကျား၊ ၂၃)၊–––ရွာ၊ဒူးပလာယာခရိုင်၊ကရင်ပြည်နယ်(ဖေဖော်ဝါရီ၂၀၀၉)**

အသက်ရှင်ရပ်တည်နိုင်ရန်မဖြစ်မနေမှုရင်းတိုင်းပြည်မှထွက်ခွာလာခဲ့ရသည့်အကြောင်းသည်အဓိကဖြစ်သည်ကိုထပ်မံ တင်ပြလိုပါသည်။အပြည်ပြည်ဆိုင်ရာဒုက္ခသည်များအတွက်မူဝါဒရေးရာရေးဆွဲရေးအဖွဲ့မှဒုတိယဥက္ကဋ္ဌဂျိုးဝယ်အာချာနီ ၏ရေးသားချက်များကိုဖော်ပြရမည်ဆိုလျှင်‘လူအများစုအတွက်မိမိတို့နေထိုင်ရာမူရင်းတိုင်းပြည်မှထွက်ခွာလာရခြင်း သည်စီးပွားရေးကြောင့်ပြောင်းရွှေ့နေထိုင်သူများကိုစွပ်စွဲပြောဆိုသကဲ့သို့’စီးပွားရေးအခွင့်အလမ်းကောင်းများကိုရှာဖွေရန် မဟုတ်ပါ။ရွှေ့ပြောင်းနေထိုင်ရခြင်းသည်မိမိတို့ဘဝရှင်သန်ရပ်တည်နိုင်ရန်မဖြစ်မနေရွှေ့ပြောင်းနေထိုင်ရခြင်းဖြစ်ပါသည်။ ဤအကြောင်းအချက်များကြောင့်ဒုက္ခသည်နှင့်စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်သူများကိုတိကျစွာခွဲခြားသတ်မှတ် ရန်မဖြစ်နိုင်ပါ။’’[၅၁]

လူအများစုမှလက်ခံထားသည့်အတိုင်းဒုက္ခသည်များအခြေအနေနှင့်ပတ်သက်၍ထုတ်ပြန်ထားသောနိုင်ငံတကာဥပဒေများ သည်မိမိတိုင်းပြည်တွင်လက်တလောအန္တရာယ်ကိုယ်၊စိတ်ပိုင်းနှင့်လူမှုရေးဆိုင်ရာအချက်များကြောင့်ခြိမ်းခြောက်နှောင့်ယှက်ခံရ

[၅၀] “Burmese border refugee sites with population figures,” Thailand Burma Border Consortium, March 2009. Accessed at http://www.tbbc.org/camps/2009-03-mar-map-tbbc-unhcr.pdf on April 30th 2009.

[၅၁] J. Charny. “Flight for Survival: The Challenge of Refugee Protection Amid Large-Scale Migration” *Harvard International Review Online*, February 2008. Accessed at http://www.harvardir.org/index.php?page=article&id=1681 on April 30th 2009.

သူများကိုသာအကာကွယ်ပေးရန်ရည်ရွယ်ထားပါသည်။ထို့သော်ကရင်လူ့အခွင့်အရေးအဖွဲ့မှပြုလုပ်ခဲ့သောအထက်ပါတွေ့ဆုံမေးမြန်းမှုများကိုကြည့်ခြင်းဖြင့်မြန်မာနိုင်ငံတွင်းရွှေ့ပြောင်းနေထိုင်သူများသို့မဟုတ်နိုင်ငံရပ်ခြားသို့ရွှေ့ပြောင်းနေထိုင်သူများသည်စစ်အစိုးရ၏ဂုတ်သွေးစုပ်အမြတ်ထုတ်သောပေါ်လစီများကြောင့်နေ့စဉ်ဘဝအသက်ရှင်ရပ်တည်နိုင်ရန်မဖြစ်နိုင်တော့သဖြင့်ရွှေ့ပြောင်းနေထိုင်ကြကြောင်းတွေ့ရှိရပါမည်။ရွှေ့ပြောင်းနေထိုင်သူများသည်မြန်မာနိုင်ငံတွင်းစစ်အစိုးရထိန်းချုပ်ထားသောကရင်ပြည်နယ်နှင့်အခြားသောကျေးလက်ဒေသများတွင်ဆက်လက်နေထိုင်ပါကငြိမ်းချမ်းစွာအလုပ်လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများ၊လူမှုရေးနှင့်နိုင်ငံရေးလွတ်လပ်ခွင့်နှင့်အခြားသောအခြေခံလူ့အခွင့်အရေးများစသည်တို့ကိုဆုံးရှုံးရမည်ဖြစ်ပါသည်။

အမှန်စင်စစ်ပဏ္ဍာရေးဆရာဆရာမများစွာတို့မှဒုက္ခသည်နှင့်စီးပွားရေးကြောင့်ပြောင်းရွှေ့နေထိုင်သူများအကြားကွဲပြားမှုကိုခွဲခြားနိုင်ရန်ခက်ခဲကြောင်းရှင်းလင်းတင်ပြထားပါသည်။အဲလစ်(စ)ဘက်ဖဲရစ်မှထောက်ပြထားသည်မှာ“အကြမ်းဖက်မှုများကြောင့် မိမိတို့မူရင်းဒေသများမှ ထွက်ခွာလာခဲ့သူများထွက်ခွာလာရလမ်းကြောင်းသည် စီးပွားရေးအကြောင်းအချက်များကြောင့်ထွက်ခွာလာခဲ့သူများ၏လမ်းကြောင်းနှင့်အတူတူပင်ဖြစ်ကြောင်းဆင်ရှားပါသည်။” [၅၂]ချာနီမှရေးသားတင်ပြထားသည်မှာ “အကြောင်းအမျိုးမျိုးကြောင့် ခိုလှုံခွင့်တောင်းခံသူများ အရေးသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးနှင့် အခြားအကူအညီပေးလိုသောအစိုးရမဟုတ် သောအဖွဲ့အစည်းများအတွက် စိန်ခေါ်မှုများဖြစ်စေပါသည်။ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှလည်းထောက်ပြထားသည်မှာခိုလှုံခွင့်တောင်းခံသူများသည်အခြားသောရွေးချယ်နိုင်ရန် နည်းလမ်းမရှိသောကြောင့် စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်သူ များနည်းတူတရားမဝင်သောလမ်းကြောင်းများကိုအသုံးပြုပြီးပြည်ပနိုင်ငံများသို့ဝင်ရောက်ကြပါသည်။” [၅၃]

မူဝါဒရေးရာရေးဆွဲသူများ၊နိုင်ငံအစိုးရများနှင့်နိုင်ငံတကာအဖွဲ့အစည်းများအတွက်မေးခွန်းပေါင်းများစွာထွက်ပေါ်လာပါသည်။ပထမမေးခွန်းတစ်ခုမှာတစ်စုံတစ်ယောက်အတွက်ဘဝရှေ့ဆက်ရှင်သန်နိုင်ရန်ခြိမ်းခြောက်မှုများသည်အဘယ်အရာများဖြစ်ပါသနည်း။ဒုတိယမေးခွန်းမှာလက်တလောအသက်အန္တရာယ်ခြိမ်းခြောက်ခံရသူများနှင့်ရေရှည်စနစ်တကျလူ့အခွင့်အရေးချိုးဖောက်ခြင်းခံရသူများအတွက်သီးခြားဥပဒေများစာသည်ရှိသင့်ပါသလားဆူ၍ဖြစ်ပါသည်။လူအများမှလက်ခံထားသည်မှာမည်ကဲ့သို့သောသူသည်ဒုက္ခသည်ဖြစ်ပါသနည်းဟူသောသတ်မှတ်ချက်ကိုနိုင်ငံအစိုးရများနှင့်ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှသတ်မှတ်ပါသည်။ထို့ကြောင့်ဒုက္ခသည်ဟူသောသတ်မှတ်ချက်ဘောင်များနှင့်မကိုက်ညီသောမိမိမူရင်းနေထိုင်ရာတိုင်းပြည်တွင်အခြေခံအခွင့်အရေးနှင့်လုံခြုံမှုများကိုမရရှိနိုင်သောမြန်မာရွှေ့ပြောင်းနေထိုင်သူများကိုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အဖွဲ့အစည်းတစ်ခုကိုဖွဲ့စည်းသင့်ပါသလား။

နောက်ဆုံးတွင်ဒုက္ခသည်များသည်ထိုင်းနိုင်ငံနှင့်အခြားသောနိုင်ငံများရှိဒုက္ခသည်စခန်းများသို့ရောက်ရှိနေထိုင်နိုင်သော်လည်းၾငင်းတို့သည်အရေးကြီးသောဆုံးဖြတ်ချက်များကိုဆက်လက်ချမှတ်ရပါသည်။ဥပမာအားဖြင့်ဒုက္ခသည်များသည်စခန်းအာဏာပိုင်များ၏မူဝါဒများအတိုင်းမိမိတို့၏ဘဝနှင့်ငွေကြေးကဏ္ဍာကိုဒုက္ခသည်စခန်းတွင်း၌ပင်မြှုပ်နှံမည်လော။သို့မဟုတ်ဒုက္ခသည်များသည်မိသားစုဝင်အချို့ကိုဒုက္ခသည်စခန်းတွင်နေထိုင်စေပြီးမိသားစုဝင်အချို့တို့ကိုစခန်းပြင်ပသို့

---

[၅၂] I. Ferris, “Internal Displacement, Human Rights, and Displacement,” Speech given to Club Of Madrid, August 18th-19th 2008, Santander, Spai, p.7.

[၅၃] J. Charny. “Flight for Survival: The Challenge of Refugee Protection Amid Large-Scale Migration” *Harvard International Review Online*, February 2008. Accessed at http://www.harvardir.org/index.php?page=article&id=1681 on April 30th 2009.

ထွက်၍အလုပ်လုပ်ကိုင်စေမည်လားဆိုသည့်အချက်ကိုဆုံးဖြတ်ကြရပါသည်။ Inge Brees မှရေးသားဖော်ပြထားသည်မှာ ''မိသားစုဝင်ယောကျ်ားများသည် မကြာခဏဆိုသလို ဒုက္ခသည်စခန်းမှ ယာယီသို့မဟုတ် အမြဲထွက်ခွာပြီးပြင်ပတွင် အလုပ်လုပ်ကိုင်ကြပါသည်။ ဤသို့ဖြင့် ထိုင်းနိုင်ငံမြို့ပြသို့မဟုတ်ကျေးရွာများတွင် သွားရောက်အလုပ်လုပ်ကိုင်သော ဒုက္ခသည်များသည်စခန်းတွင်းရှိမိသားစုဝင်များထံငွေကြေးပေးပို့နိုင်ပါသည်၊အချို့မိသားစုများတွင်မိဘနှစ်ပါးလုံးစခန်းပြင် ပသို့ထွက်၍အလုပ်လုပ်ကိုင်ကြပြီးကလေးများကိုဘိုးဘွားများထံသို့အပ်နှံခဲ့ပါသည်၊ဤကဲ့သို့မိသားစုများခွဲပြီးနေထိုင်ခြင်း သည်ရွှေ့ပြောင်းနေထိုင်သူများအတွက်စွန့်စားရသောနည်းဗျူဟာအမျိုးမျိုးတွင်အထိရောက်ဆုံးနည်းဗျူဟာပင်ဖြစ်ပါသည်။ ''[၅၄]ထို့ကြောင့်ရှင်းလင်းစွာတွေ့ရှိရသည်မှာရွှေ့ပြောင်းနေထိုင်သူမိသားစုဝင်များသည်တူညီသောအကြောင်းအရင်းများ ကြောင့်မြန်မာနိုင်ငံမှထွက်ခွာလာကြသော်လည်းဒုက္ခသည်စခန်းတွင်းနေထိုင်သူမိသားစုဝင်များသည်ဒုက္ခသည်အဖြစ်သတ် မှတ်ခြင်းခံရမည်ဖြစ်သော်လည်းဒုက္ခသည်စခန်းပြင်ပတွင်သွားရောက်အလုပ်လုပ်ကိုင်နေကြသောမိသားစုဝင်များ၏နေထိုင်ရ သည့်အခြေအနေများမှာမူစီးပွားရေးကြောင့်ပြောင်းရွှေ့နေထိုင်သူများနှင့်ထပ်တူပင်ဖြစ်ပါသည်၊ဤအချက်ကိုကြည့်ခြင်းဖြင့် ဒုက္ခသည်နှင့်စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်သူများကိုရှင်းလင်းပြတ်သားစွာခွဲခြားရန်ခက်ခဲကြောင်းတွေ့ရှိရပေမည်။

## ပြည်တွင်းရွှေ့ပြောင်းနေထိုင်ကြသူများ

ပြည်တွင်းရွှေ့ပြောင်းနေထိုင်ကြသူများ( IDP)အတွက်ယနေ့လက်ရှိနိုင်ငံတကာမှလက်ခံထားသောသဘောတူညီချက်စံနှုန်း များသည်စီးပွားရေးကြောင့်ရွှေ့ပြောင်းနေထိုင်သူများအတွက်သတ်မှတ်ထားသောစံနှုန်းများနှင့်ဒုက္ခသည်များအတွက် သတ်မှတ်ထားသောစံနှုန်းများအကြားတွင်ရှိနေပါသည်၊ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနှင့်ပတ်သက်၍၁၉၉၈ခုနှစ် တွင် ထုတ်ပြန်ထားသော အခြေခံလမ်းညွှန်ချက်များတွင်ပါဝင်သော စံနှုန်းသတ်မှတ်ချက်များသည် စီးပွားရေးကြောင့် ရွှေ့ပြောင်းနေထိုင်သူများအတွက်သတ်မှတ် ထားသောစံနှုန်းများထက်ပိုမိုကောင်းမွန်ပြီး မူဝါဒရေးဆွဲသူများစုမှလည်း သဘောတူလက်ခံကြပါသည်၊သို့သော်ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအတွက်အများလက်ခံထားသောသဘောတူညီ ချက်များသည်လည်း နိုင်ငံတကာတရားဥပဒေများအဖြစ် စနစ်တကျရေးဆွဲ သတ်မှတ်ထားခြင်းမရှိသေးသောကြောင့် ဒုက္ခသည်များအတွက်တရားဝင်သတ်မှတ်ထားသောအကာအကွယ်ပေးရေးဥပဒေများနှင့်နှိုင်းယှဉ်လျှင်အားပျော့လျှက်ရှိပါ သည်၊အမှန်စင်စစ်ပင်လွန်ခဲ့သောရာစု၏နောက်ပိုင်းမှစ၍နိုင်ငံတကာအသိုင်းအဝန်းများမှအထူးသတိပြုလာမိသည်မှာ လူပေါင်းများစွာတို့သည်စစ်ကြောင့်ဖြစ်စေ၊လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကြောင့်ဖြစ်စေမိမိတို့တိုင်းပြည်မှရင်းဒေသများမှ ထွက်ခွာခဲ့ရကြသော်လည်းနိုင်ငံတကာနယ်နိမိတ်များကိုဖြတ်ကျော်ခြင်းမရှိဘဲမိမိတိုင်းပြည်နယ်စပ်တွင်သာနေထိုင်ကြ သောကြောင့်ဒုက္ခသည်အဖြစ်တရားဝင်အသိအမှတ်ပြုခြင်းမခံရပါ။ထိုကဲ့သို့ပြည်တွင်းနေရာရွှေ့ပြောင်းနေထိုင်သူများသည် ဒုက္ခသည်များအတွက်သတ်မှတ်ထားသောအကာအကွယ်ပေးရေး ဥပဒေများနှင့် ထပ်တူနီးပါးဖြစ်သော ဥပဒေများ၏ အကာအကွယ်ကိုမရရှိဘဲရွှေ့ပြောင်းနေထိုင်ရာဒေသများတွင်အခက်အခဲများစွာကိုရင်ဆိုင်နေရပါသည်။

အထက်ပါအကာအကွယ်ပေးရေးဥပဒေများကွာခြားချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ၁၉၉၈ခုနှစ်တွင် ရေးဆွဲခဲ့သော ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအတွက်လမ်းညွှန်ချက်များကိုတိုင်းနိုင်ငံများစွာမှစတင်ပြီးတရားဝင်အသိအမှတ်ပြုလာ ကြပါသည်၊၁၉၉၈ခုနှစ်လမ်းညွှန်ချက်များတွင်ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၏နေရာရွှေ့ပြောင်းနေထိုင်ကြသည့်အ

[၅၄] I.Brees, "Towards sustainable livelihoods: Bocational training and access to work on the Thai-Burmese border," Issue Paper Number One, ZOA, May 2008, p.2

ကြောင်းအရင်းနှင့် ၎င်းရွှေ့ပြောင်းနေထိုင်သူများအတွက် လိုအပ်သောအကာအကွယ်ပေးမှုများကို ဖော်ပြထားပါသည်။ ထိုလမ်းညွှန်ချက်များအရပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများကိုအောက်ပါအတိုင်းအဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

“မိမိမူရင်းနေထိုင်ရာအိမ်များဆီသို့မဟုတ်ဘိုးဘွားဘိဘင်လက်ထက်မှစတင်၍နေထိုင်ခဲ့သောဒေသများတွင်စစ်ကြောင့်ဖြစ်စေအကြမ်းဖက်မှုများကြောင့်ဖြစ်စေလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကြောင့်ဖြစ်စေသဘာဝသို့မဟုတ်လူသားများပြုလုပ်သောဘေးအန္တရာယ်များကြောင့်ဖြစ်စေသည့်အကြောင်းအရာများကြောင့်မူရင်းဒေသမှမဖြစ်မနေထွက်ခွာလာခဲ့ရသော်လည်းအပြည်ပြည်ဆိုင်ရာနယ်နိမိတ်မျဉ်းကိုဖြတ်ကျော်ခြင်းမပြုဘဲမိမိတို့တိုင်းပြည်တွင်းတွင်သာရွှေ့ပြောင်းနေထိုင်သူသို့မဟုတ်ရွှေ့ပြောင်းနေထိုင်သူများကိုပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများဟုခေါ်ဝေါ်ပါသည်။” [၅၅]

သို့သော်သတိပြုရမည့်အချက်မှာဖုက္ခသည်များကိုအကာအကွယ်ပေးရေးအတွက်ချုပ်ဆိုထားသောစာချုပ်များနည်းတူအထက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်သည်လည်းလက်တလောအခြေအနေတွင်စစ်ကြောင့်ဖြစ်စေ၊အကြမ်းဖက်မှုများကြောင့်ဖြစ်စေ၊လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကြောင့်ဖြစ်စေ၊သဘာဝသို့မဟုတ်လူသားများပြုလုပ်သောဘေးအန္တရာယ်များကြောင့်ဖြစ်စေသည့်အကြောင်းအချက်များကိုလက်ရှိရင်ဆိုင်ကြုံတွေ့နေရသူများကိုသာအဓိကထားအကာအကွယ်ပေးပါသည်။ ထို့ကြောင့် ၎င်းအဓိပ္ပါယ်ဖွင့်ဆိုချက် သည်အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံမြို့ရွာများရှိ မိမိတို့၏အိမ်မှထွက်ခွာခဲ့ရသူများအရေးကိုဆောင်ရွက်နိုင်ခြင်းမရှိပေ။အမှန်အားဖြင့်ပင်မြန်မာနိုင်ငံတွင်အထူးသဖြင့်ကရင်ပြည်နယ်မြောက်ပိုင်းတွင်နအဖစစ်အစိုးရ၏ဖိနှိပ်မှုများကြောင့်သို့မဟုတ်လက်နက်ကိုင်ပဋိပက္ခနှင့်ဆက်စပ်နေသောအလွဲသုံးစားမှုများကြောင့်မိမိတို့နေအိမ်များကိုစွန့်ခွာခဲ့ရသူ၊တောတွင်းသို့ထွက်ပြေးပုန်းအောင်းသူများစွာရှိနေပါသည်။ထို့နည်းတူပင်စစ်အစိုးရ၏ရေရှည်စနစ်တကျအလွဲသုံးစားပြုလုပ်မှုများကိုခံရ၍ဘဝရှင်သန်နေထိုင်ရန်ခက်ခဲမှုကြောင့်မဖြစ်မနေမိမိနေရပ်မှထွက်ခွာရသူများစွာရှိနေပါသည်။

**“ရွာရှိလူငယ်လူရွယ်အများစုသည်ထိုင်းနိုင်ငံသို့လာရောက်အလုပ်လုပ်ကိုင်ကြပါသည်။ရွာတွင်အသက်အရွယ်ကြီးရင့်သူများကိုသာတွေ့ရှိရပါသည်။ရွာတွင်အသက်ငယ်ရွယ်သူအနည်းငယ်သာကျန်ရှိပါသည်။ရွာရှိအချို့သောလူများသည်ထိုင်းနိုင်ငံသို့ရောက်လာပြီးအလုပ်လုပ်ချင်သော်လည်း၎င်းတို့၏မိဘများကခွင့်မပြုပေ။အချို့သောသူများသည်ရွာတွင်အလုပ်အကိုင်မရှိ၍လည်းကောင်း၊လုပ်အားပေးလုပ်ကိုင်ပေးရ၍လည်းကောင်း၊ အစိုးရကိုအခွန်ငွေများပေးဆောင်ရ၍လည်းကောင်း ထိုင်းနိုင်ငံသို့လာရောက်အလုပ်လုပ်ကိုင်လိုကြပါသည်။”**

**–စော –––(ကျား၊၃၃)၊–––ဖားအံခရိုင်၊ကရင်ပြည်နယ် (ဖေဖော်ဝါရီ ၂၀၀၉)**

**“ကျွန်တော်တို့ရွာရှိလူအများအပြားသည် ထိုင်းနိုင်ငံသို့လာရောက်အလုပ်လုပ်ကိုင်ကြပါသည်။ အရွယ်ရောက်ပြီးသူများအားလုံးသည်ထိုင်းနိုင်ငံသို့လာရောက်ကြပါသည်။ကျွန်တော်တို့ရွာတွင်ကလေးငယ်များနှင့်သက်ကြီးရွယ်အိုများသာကျန်ရှိပါသည်။လူငယ်၊လူရွယ်များတစ်ယောက်မျှမရှိပါ။ ကျွန်တော်တို့ရွာတွင်နေ့စဉ်ဘဝရှင်သန်နိုင်ရန်အတွက် ကောင်းမွန်စွာအလုပ်မလုပ်နိုင်သောကြောင့်လည်းကောင်း၊နအဖစစ်အစိုးရမှအခွန်ငွေများကောက်ခံသောကြောင့်လည်းကောင်း၊ရွာသူရွာသားများသည်ထိုင်းနိုင်ငံသို့လာရောက်အလုပ်လုပ်ကိုင်ကြပါသည်။ရွာရှိမိသားစုတိုင်းမှမိသားစုဝင်တစ်ယောက်သည်ထိုင်းနိုင်ငံတွင်အလုပ်လုပ်ကိုင်လျက်ရှိပါသည်။”**

**–ကို–––(ကျား၊၁၇)၊–––ရွာ၊ဒူးပလာယာခရိုင်၊ကရင်ပြည်နယ်(ဖေဖော်ဝါရီ၂၀၀၉)**

မြန်မာနိုင်ငံတွင်း၌ပဋိပက္ခကြောင့်နေရာ ရွှေ့ပြောင်းနေထိုင်သူနှင့်စီးပွားရေးကြောင့်နေရာရွှေ့ပြောင်းနေထိုင် သူများအကြားကွဲကွဲပြားပြားမခွဲခြားနိုင်ကြောင်းကိုလူအချို့မှလက်ခံအသိအမှတ်ပြုပြီးမြန်မာနိုင်ငံတွင်း၌ ပထိုးပွားရေးအခက်အခဲကြောင့် နေ

[၅၅] Guiding Principles on Intrnal Displacement, Introduction, Art. 2, 1998. Accessed at [http://www.unhchr.ch/html/menu2/7/b/principles.htm](http://www.unhchr.ch/html/menu2/7/b/principles.htm) on April 30th 2009.

ရာရွှေ့ပြောင်းနေထိုင်သူများသည်လည်းပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအတွက်ထုတ်ပြန်ထားသောအခြေခံလမ်းညွှန်ချက်များ၏အကာအကွယ်ကိုရရှိသင့်ကြောင်းထိုသူများမှတင်ပြထားပါသည်။

အင်ဒရူးဘော့စန်၏ပြောဆိုချက်အရ'မြန်မာနိုင်ငံတွင်းမိမိနေအိမ်များကိုစွန့်ခွာခဲ့ကြသူများသည်အခြားဒေသရှိစီးပွားရေးအခွင့်အလမ်းကောင်းများ၏ဆွဲဆောင်မှုတစ်ခုတည်းကြောင့်မဟုတ်ဘဲများစွာသောတွန်းအားနှင့်စီးပွားရေးအကြောင်းအချက်များကြောင့်မိမိတို့နေအိမ်ကိုစွန့်ခွာပြီးအခြားဒေသများသို့ ရွှေ့ပြောင်းနေထိုင်ကြခြင်းဖြစ်ပါသည်။'[၅၆]ဘော့စန်မှဆက်လက်ပြောပြသည်မှာ'မည်သူသည်မိမိတို့အိမ်များမှအတင်းအဓမ္မတွန်းထုတ်ခြင်းခံရသနည်းနှင့်မည်သူသည်စီးပွားရေးကြောင့် ရွှေ့ပြောင်းနေထိုင်ကြသနည်းဟူသောမေးခွန်းများကို ဖြေဆိုရမည်ဆိုလျှင် ယနေ့လက်ရှိထုတ်ပြန်ထားသောအစီရင်ခံစာများနှင့်လေ့လာတွေ့ရှိချက်များတွင်ဖော်ပြထားသည့်အတိုင်းပင်မြန်မာနိုင်ငံမှရွှေ့ပြောင်းနေထိုင်သူများသည်စစ်တပ်သို့မဟုတ်ဒေသခံအာဏာပိုင်များ၏ရွှေ့ပြောင်းနေထိုင်ရန်ညွှန်ကြားချက်များကြောင့်ရွှေ့ပြောင်းနေထိုင်ရခြင်းဖြစ်ပါသည်။သို့မဟုတ်အာဏာပိုင်များ၏ဖိနှိပ်အနိုင်ကျင့်မှုများကြောင့်မိသားစုဝင်ငွေကျဆင်းစေပြီးမိသားစုရှင်သန်ရပ်တည်နိုင်ရန်ပင်မဖြစ်နိုင်သဖြင့်ရွှေ့ပြောင်းနေထိုင်ခြင်းသည်သာတစ်ခုတည်းသောရွေးချယ်ရာဖြစ်သသောကြောင့်ရွှေ့ပြောင်းနေထိုင်ကြခြင်းဖြစ်ပါသည်။'[၅၇]

အမှန်စင်စစ်ပင်ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအတွက်ချမှတ်ထားသောအခြေခံလမ်းညွှန်ချက်များတွင်မြန်မာပြည်တွင်းမိမိတို့မူရင်းနေထိုင်ရာဒေသများတွင်အသက်ရှင်ရပ်တည်နိုင်ရန်မဖြစ်နိုင်သောသူများအတွက်အကာအကွယ်ပေးရမည့်အကြောင်း အရာများစွာကိုဖော်ပြထားပါသည်။ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် 'လူ့အခွင့်အရေးချိုးဖောက်ခံရမှုဆိုးကျိုးများကြောင့်မိမိတို့၏နေအိမ်များကိုမဖြစ်မနေစွန့်ခွာခဲ့ရသူများသို့မဟုတ်မိမိတို့၏နေအိမ်များမှမဖြစ်မနေထွက်ခွာခဲ့ရသူများ' စသူတို့ကိုရည်ညွှန်းပါသည်။လူ့အခွင့်အရေးချိုးဖောက်ခံရမှုများသည်အနိုင်ကျင့်အမြတ်ထုတ်သောသဘောသဘာဝရှိကြောင်းနှင့် ထိုအနိုင်ကျင့်အမြတ်ထုတ်အလွဲသုံးစားပြုလုပ်မှုများသည် ဆင်းရဲကျပ်တည်းမှုနှင့်စားနပ်ရိက္ခာမလုံမလောက်မှုကိုဖြစ်ပေါ်စေကြောင်းသိရှိနားလည်းနိုင်ပါသည်။ထို့ကြောင့်အထက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်သည် မြန်မာပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူများစွာ၏ အခြေအနေမှန်နှင့် လုံးဝကိုက်ညီမှုရှိပါသည်။ ထို့အပြင်ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအတွက်အဓိပ္ပါယ်ဖွင့်ဆိုချက်တွင်ပါဝင်သောဓအကြမ်းဖက်မှုများဓဟူသောအသုံးအနှုန်းကိုအောက်ပါအတိုင်းထပ်မံတိုးချဲ့နိုင်ပါသည်။'စစ်အစိုးရ၏အစဉ်အမြဲခြိမ်းခြောက်အနိုင်ကျင့်မှုအထူးသဖြင့်ရွာသူရွာသားများကိုစစ်သားများမှကိုယ်ထိလက်ရောက်ခြိမ်းခြောက်နှောင့်ယှက်မှုသို့မဟုတ်စစ်တပ်မှတောင်းဆိုချက်များကိုမလိုက်နာသောကြောင့်ထပ်မံဖိနှိပ်အမြတ်ထုတ်မှုစသည်တို့ကြောင့်မြန်မာနိုင်ငံတွင် မိမိအိမ်များကို စွန့်ခွာခဲ့ရသူများ' ဟူ၍ထပ်မံတိုးချဲ့အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံကျေးလက်ဒေသများနှင့် ကရင်ပြည်နယ်တွင်းတွင် နအဖစစ်အစိုးရ၏ ဂုတ်သွေးစုပ်အမြတ်ထုတ်သောပေါ်လစီများကြောင့်နေရာအနှံ့အပြားတွင်စားနပ်ရိက္ခာရှားပါးမှုပြဿနာကိုလွန်စွာဆိုးဝါးစွာဖြစ်ပေါ်စေပါသည်။[၅၈]ထို့ကြောင့်ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအတွက်အဓိပ္ပါယ်ဖွင့်ဆိုချက်တွင်ပါဝင်သော 'လူသားများပြုလုပ်သောဘေးအန္တရာယ်' ဟူသောအချက်သည်မြန်မာပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအတွက်အကျုံးဝင်ပါသည်။

---

[၅၆] A. Bosson, "Forced Migration/Internal Displaement In Burma: With an Emphasis On Government-Controlled Areas,"Internal Displacement Monitoring Centre, May 2007, p.5/

[၅၇] Ibid., p.9.

[၅၈] See for example, *Food crisis: The cumulative impact of abuse in rural Burma,* Karen Human Rights Group, Apirl 2009.

ထပ်မံတိကျစွာပြောဆိုရမည်ဆိုလျှင်နေရာအနှံ့ဖြစ်ပေါ်နေသောနအဖစစ်အစိုးရ၏ဂုတ်သွေးစုပ်အမြတ်ထုတ်မှုများသည် မြန်မာနိုင်ငံသားများအားလုံးနီးပါးကိုရှင်သန်ရပ်တည်နိုင်ရန်ခက်ခဲစေပါသည်။ထို့ကြောင့်ကျန်နေရာတွင်မေးသင့်သော မေးခွန်းမှာစီးပွားရေးအခက်အခဲကြောင့်မိမိနေအိမ်များကိုစွန့်ခွာခဲ့ပြီးပြည်တွင်း၌ပင်ရွှေ့ပြောင်းနေထိုင်သူများကိုပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူများအဖြစ်အသိအမှတ်ပြုသင့်ပါသလား။

သို့မဟုတ်မြန်မာပြည်တွင်း၌ပဋိပက္ခကြောင့်ရွှေ့ပြောင်းနေထိုင်သူများနှင့်စီးပွားရေးအခက်အခဲကြောင့်ရွှေ့ပြောင်းနေ ထိုင်သူများအားလုံးသည် မိမိမူရင်းနေထိုင်ရာဒေသ၌ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းကြောင့် ရှင်သန်ရပ်တည်နိုင်ရန် မဖြစ်နိုင်သဖြင့်ရွှေ့ပြောင်းနေထိုင်ကြခြင်းဖြစ်၍၎င်းတို့ကိုပဋိပက္ခကြောင့်ရွှေ့ပြောင်းနေထိုင်သူများသို့မဟုတ်စီးပွား ရေးကြောင့်ရွှေ့ပြောင်းနေထိုင်သူများဟူ၍ခွဲခြားသတ်မှတ်သင့်ပါသလားဟူသောမေးခွန်းပင်ဖြစ်ပါသည်။

ထို့အပြင်ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအတွက်ချမှတ်ထားသောအခြေခံလမ်းညွှန်ချက်များ၊ပေါ်လစီများနှင့်ဆွေးနွေး တင်ပြချက်များသည်နိုင်ငံတကာမှပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအရေးကိုပိုမိုသိလာရန်လုပ်ဆောင်ချက်များအတွက် အရေးပါသောခြေလှမ်းဖြစ်သော်လည်း၎င်းအခြေခံလမ်းညွှန်ချက်များကိုနိုင်ငံတကာတရားဥပဒေများကဲ့သို့ထိရောက်စွာ အသုံးမပြုနိုင်ပေ။နိုင်ငံအတော်များများမှပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအတွက်ချမှတ်ထားသောအခြေခံလမ်းညွှန် ချက်များကိုသဘောတူလက်မှတ်ရေးထိုးခြင်းမရှိပါ။ပြည်တွင်းရွှေ့ပြောင်းနေထိုင်ခြင်းကိစ္စများကိုကြုံတွေ့နေရသောနိုင်ငံအ နည်းငယ်သာအခြေခံလမ်းညွှန်ချက်ပါအကာအကွယ်ပေးရေးသည်လိုအပ်ကြောင်းအသိအမှတ်ပြုကြပါသည်။